# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 **The Mirror Daily**

၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၁ ရက် သောကြာနေ့ 8, Friday April 2016 (၈၅၁၀)


## အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ပထမဦးဆုံးကျင်းပ

သတင်း၊ စာ ၃ »»

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဗင် ဒီရွန်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပညာတော်သင်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုး ထုတ်ပြန်သော ကြေညာချက်

စာမျက်နှာ ၅ »»

## ခုံးကျော်တံတားစီမံကိန်းနှစ်ခု လျာထားငွေကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်ပြင်ပ ဖွံ့ဖြိုးရေးစီမံကိန်းများ ပြောင်းရွှေ့ဆောင်ရွက်မည်

**ရန်ကုန် ဧပြီ ၇**

ဆောက်လုပ်ရန်လျာထားသည့် ခုံးကျော်တံတားစီမံကိန်းနှစ်ခုဖြစ်သော ကမ္ဘာအေးဘုရားလမ်း-ပါရမီလမ်းခုံးကျော်တံတားနှင့် မြောက်ဥက္ကလာပလမ်းဆုံ မြောက်ဥက္ကလာပခုံးကျော်တံတားတည်ဆောက်ရန်အစား ရန်ကုန်စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်နှင့်ကျေးရွာများ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြောင်းရွှေ့ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် အတည်ပြုလိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑**




ကြေးမုံ

# ဒီမိုကရေစီတံခါးပွင့်၍ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်တော့မည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်မည့်ဥပဒေကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုပြဋ္ဌာန်းလိုက်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါပြီ။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည်နှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးစတင်ဆောင်ရွက်လိုက်သည့်လုပ်ငန်းမှာ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားပြဿနာမှာ ဒီမိုကရေစီဖိနှိပ်ခံရမှုနှင့် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဒီမိုကရေစီတိုးတက်မြင့်မားရေးအကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆိုသည်က ဦးစားပေးလုပ်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာ နိုင်ငံ့အရေးအတွက် တက်ကြွလှုပ်ရှားသူများဆိုလျှင် အကျဉ်းချထားရမည်ဟူသော မူဝါဒကို အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့ကြသည်။ ရဲ စသုံးလုံးတို့သာမက တပ်မတော်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေးစသည့် ယန္တရားအသီးသီးကလည်း အခြား အခြားသော ရာဇဝတ်မှုများထက် နိုင်ငံရေးအမှုအခင်းများကို အထူးပြုဖိအားပေးခဲ့ကြခြင်းဖြစ်ပါသည်။ ရာဇဝတ်မှုကြီးများကိုသာ မဖော်ထုတ်နိုင်ရှိရမည်၊ ဒီမိုကရေစီရရှိရေး ပိုစတာကပ်သွားသည့် ကျောင်းသားငယ်လေး တစ်ဦးကိုဖြင့် အမိအရဖမ်းနိုင်ခဲ့သည်သာဖြစ်သည်။

ထို့ပြင် မည်သည့်နိုင်ငံ မည်သည့်ကမ္ဘာတွင်မှရှိမည်ဟု မထင်ရသော ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတသည့် သက်တမ်းရှည်ထောင်ပြစ်ဒဏ်များနှင့် ထောင်ကျနိုင်ငံရေးအကျဉ်းသားအရေအတွက်တို့မှာ ဒီမိုကရေစီကို မည်မျှလောက် ဆန့်ကျင်အနိုင်ကျင့်ခဲ့ကြကြောင်း ထင်ရှားသည့် သက်သေများဖြစ်ခဲ့ပါသည်။

ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့ရသော ၁၉၆၂ မှ စတင်ကာ နိုင်ငံရေးလှုပ်ရှားခဲ့ကြသည့် ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူတို့မှာ အကျဉ်းထောင်များအတွင်း နှစ်လရှည်ကြာ တဝဲလည်လည် စံမြန်းခဲ့ရသည်။ ထို့ကြောင့်ပင် ပြည်သူ့အစိုးရသာ ပေါ်ပေါက်လာလျှင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်လာမည်ဟူသည့် အချက်ကလည်း ပြည်သူ့မျှော်မှန်းချက်တစ်ရပ်ဖြစ်ခဲ့ပါသည်။ ယင်းသို့ နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေးဆောင်ရွက်ချက်သည် ဒီမိုကရေစီ ပိုမိုတိုးတက်ခိုင်မာရေးအတွက် အခြေခံကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု ပြည်သူတို့က ယုံကြည်ကြသည်။

ယခု ပြည်သူ့အစိုးရ၏ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဧပြီ ၇ ရက်စွဲနှင့် ထုတ်ပြန်လိုက်သော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး ကြေညာချက် အမှတ် ၁ / ၂၀၁၆ အရ -

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) ပါ နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်ကျခံနေသူ တစ်ဦးဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ တစ်စုတစ်ဖွဲ့ကိုဖြစ်စေ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်သည် ဆိုသည့်အချက်နှင့်၊

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄ အရ မည်သည့်အစိုးရရှေ့နေမဆို စစ်ဆေးစီရင်သော အမှုများတွင် စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ်စွဲဆိုထားသောအမှုမှ ယေဘုယျအားဖြင့် ဖြစ်စေ၊ ၎င်းကို ကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တရားရုံး၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်သည်ဟူသော နည်းလမ်းနှစ်ခုကို အသုံးပြုကာ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကြိုးပမ်းသွားမည်ဟု သိရပါသည်။

တစ်နိုင်ငံလုံးမှာရှိနေသည့် ထောင်အသီးသီးတွင် နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး မိမိတို့ယုံကြည်ချက်ကို ဖော်ထုတ်ပြသခဲ့ကြသော ကျောင်းသား ကျောင်းသူများပြည်သူများစွာ၏ လွတ်မြောက်ရေးကို ယခုလို နှစ်သစ်ကူးချိန်ခါတွင် ကြိုးပမ်းဆောင်ရွက်မည်ဟု ကြေညာခြင်းမှာ ပြည်သူတို့ သာခုခေါ်ကြမည့် ပြည်သူ့အကျိုး၊ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းခြင်းဖြစ်ပါသည်။

မကြာမီ ကျရောက်တော့မည့် မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများအဖြစ် ဖမ်းဆီးထောင်ချခြင်းခံနေရသော၊ တရားရုံးများတွင် တရားရင်ဆိုင်နေရသော ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူများအားလုံး လွတ်မြောက်ကြ၍ မိမိတို့မိသားစုများနှင့် အမြန်ဆုံးပြန်လည်ဆုံတွေ့နိုင်ကြတော့မည်ဟု ယုံကြည်ပါကြောင်းတင်ပြရင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြေညာချက်ကို ဝမ်းပန်းတသာ သာခုခေါ် ကြိုဆိုလိုက်ရပါကြောင်း။



## ပြည်သူ့အခြေပြု အခြေခံကင်းထောက်ပညာရပ်ဆိုင်ရာ လေ့ကျင့်မှုသင်တန်းအမှတ်စဉ်(၁)ဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၇**

ပြည်သူ့အခြေပြု အခြေခံကင်းထောက် ပညာရပ်ဆိုင်ရာ လေ့ကျင့်မှုသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သီဟကင်းထောက်ကြီး ဦးအေးကျော်နှင့် ကင်းထောက်ကြီးများ၊ သင်တန်းဆင်း တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်းကျောင်းများမှ ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် သီဟကင်းထောက်ကြီး ဦးအေးကျော်က အမှာစကားပြောကြားကာ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၊ ရွှေပြည်သာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ သင်တန်းဆင်းကင်းထောက်များအား ကင်းထောက်အခြေခံ ခြေနုတံဆိပ်များကိုလည်းကောင်း၊ ကင်းထောက်ကြီးများက သင်တန်းကာလအတွင်း ကင်းစိတ်အလိုက် ထူးချွန်ဆုရသူများကို ဂုဏ်ပြုပစ္စည်းများပေးအပ်သည်။

ပြည်သူ့အခြေပြု အခြေခံကင်းထောက် ပညာရပ်ဆိုင်ရာ လေ့ကျင့်မှုသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကို ဧပြီ ၁ ရက်မှ ၆ ရက်အထိ မြန်မာကင်းထောက်သမိုင်းနှင့် ကမ္ဘာ့ကင်းထောက်သမိုင်း၊ ကင်းထောက်လှုပ်ရှားမှုလုပ်ငန်းများ၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်၊ ကြိုးချည်နည်းများ၊ တဲထိုးနည်းများကို စာတွေ့လက်တွေ့ သင်ကြားပြီး စခန်းချဘာသာရပ်အဖြစ် အမှတ်(၃) ငါးမွေးမြူရေးလှော်ကားစခန်းသို့ ခြေကျင်သွားရောက်ကာ စခန်းချပညာရပ်များကို လက်တွေ့ လေ့ကျင့်သင်ကြားပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သည်။

**ကိုလတ်(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၆၉၀၀၀ - ၇၇၀၀၀၀ | မန္တလေး(ရွှေဈေး) | ၇၆၈၅၀၀ - ၇၆၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၉၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၉. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၃. ၉၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၈၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၁၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၇. ၂ |
| (ဇ) တောင်ကိုရီးယား တစ်ရာဝမ် | | = | ၁၀၃. ၄၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၂၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၅. ၁၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅ ဒီမ်/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ပထမဦးဆုံး ကျင်းပ




**နေပြည်တော် ဧပြီ ၇**
၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရယန္တရားလည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၁၆) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတများ ဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**


နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင် ဒီရွန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**❑ ရွှေဖုံးမှ**
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး စီမံကိန်းနှင့် စီးပွားရေးကော်မတီ၏ အစီရင်ခံစာတွင် မူလကတည်ဆောက်ရန် လျာထားခဲ့သည့် ခိုးကျော်တံတားနှစ်စင်းတည်ဆောက်ရန်အစား ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ပြောင်းလဲပြင်ဆင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းတွင်လည်း ယင်းပြောင်းလဲပြင်ဆင်ခဲ့မှုအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်လည်း ယင်းသို့ပင် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ခိုးကျော်တံတားနှစ်စင်း တည်ဆောက်ရန် မူလကသတ်မှတ်ခဲ့ရာတွင် ကမ္ဘာအေးဘုရားလမ်း-ပါရမီလမ်းခိုးကျော်တံတားအား လျာထားငွေကျပ် ၁၅ ဒသမ ၇၅ ဘီလီယံ၊ မြောက်ဥက္ကလာပလမ်းဆုံ မြောက်ဥက္ကလာခိုးကျော်တံတားအား ကျပ် ၁၆ ဒသမ ၄၅ ဘီလီယံ စုစုပေါင်း ကျပ် ၃၂ ဒသမ ၂၂ ဘီလီယံအထိ အသုံးပြုသွားမည်ဖြစ်ရာ အဆိုပါတံတားများ၏ သုံးစွဲငွေသည် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးဆောင်ရွက်မှု၏ ၇၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရပြီး ယင်းတံတားနှစ်စင်း တည်ဆောက်ရန်အစား ရန်ကုန် စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်များနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ဒေသ ချိတ်ဆက်၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရ စီမံကိန်းဥပဒေကြမ်းကိုလွှတ်တော်က အတည်ပြုခဲ့ပြီး ဆက်လက်၍ ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ဆက်လက်အတည်ပြုခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်းတွင် စုစုပေါင်း ရငွေအနေဖြင့် ၂၉၅ ဘီလီယံရှိပြီး သုံးငွေအပိုင်းတွင် စုစုပေါင်း ၃၃၆ ဘီလီယံရှိရာ အသားတင်လိုငွေသည် ၄၀ ဒသမ ၈၅ ဘီလီယံရှိကြောင်း သိရသည်။ အဆိုပါလိုငွေကို ပြည်ထောင်စုလွှတ်တော်မှ တိုင်းဒေသကြီးသို့ ထောက်ပံ့ငွေအဖြစ် ထည့်သွင်းပေးသည့်အတွက် ရငွေသုံးငွေတွင် Balance Budget ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အပိုအလိုမရှိရေးဆွဲခဲ့ပြီး အတည်ပြုခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ၂၀၁၆-၂၀၁၇ ဒေသန္တရစီမံကိန်းဥပဒေကြမ်းတွင် မူလကထည့်သွင်းထားခဲ့သည့် ခိုးကျော်တံတားတည်ဆောက်ရန် ပါဝင်ခဲ့မှုသည် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်နေပြီး ယင်းတံတားများတည်ဆောက်ရန် သုံးစွဲငွေကို ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ရှိ ကျေးလက်နှင့် ဒေသ၊ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ပြင်ဆင်အတည်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"လမ်းတွေ ကျေးလက်ဖွံ့ဖြိုးရေးတွေ လုပ်မှာပေါ့။ ကောင်းပါတယ်။ မကောင်းဘူး မဟုတ်ဘူး။ ဒါပေမယ့် မျှသုံးစေချင်တာကို ပြောတာပါ။ တံတားနှစ်စင်းမဆောက်တာကို လက်ခံပါတယ်။ ရန်ကုန်မြို့ထဲမှာ တံတားတွေဆောက်ပြီး အဆင်မပြေဘူး။ လမ်းကျပ်တာလည်း လျော့မသွားဘူး။ အမှန်ကတော့ ဒီတံတားတွေဆောက်မယ့်အစား စည်ပင်သာယာနယ်နိမိတ်အတွင်းနဲ့ အပြင်နဲ့ဆိုတာမျိုး ထည့်ပြီး ဆောင်ရွက်စေချင်တယ်။ ခိုးကျော်တံတားဆောက်ထားတာ ခုနစ်စင်းရှိနေပြီ။ ဘီလီယံလည်း ၁၀၀ ကျော်နေပြီ။ ခိုးကျော်တံတားအဆင်းမှာ ပြန်ပြန်ပိတ်နေတာပဲ။ ခိုးကျော်တံတားဘေးလမ်းတွေမှာ ကျဉ်းသွားတဲ့အတွက် ကွေ့ကြောတွေမှာ ပိုဆိုးနေတယ်။ အခုအင်းစိန်လမ်းမကြီးမှာ ပိုတောင်ပိတ်သွားတယ်။ အင်းစိန်လမ်းမကြီးက ပြည်သူ့ပို့ဆောင်ရေး ဘတ်စ်ကားတွေများတဲ့အတွက် ဦးစားပေးရမယ်။ အဲဒီနေရာမှာ ပိုပိတ်နေတယ်။ မထူးဘူး။ အဲဒါကတော့မလုပ်တာ ကောင်းပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ **(ဆုနှင်းလဲ့)**

**❍ ကျောဖုံးမှ**
အကျယ်သည် ၁၁ ဒသမ ၅ မီတာရှိကာ ချဉ်းကပ်လမ်းအရှည်သည် မီတာ ၁၀၀ ရှိသည်။ ယာဉ်သွားလမ်းမှာ နှစ်လမ်းသွားဖြစ်ပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်မီတာစီရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်အမြင့် ၄ ဒသမ ၈၇ မီတာရှိကာ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်သည် မီတာ ၆၀ ရှိပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်သံကူကွန်ကရစ်ဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Myanmar V-Pile ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ငမိုးရိပ်တံတားသစ်(သုနန္ဒာ)တံတားတည်ဆောက်ခဲ့ခြင်းဖြင့် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များ အချိန်တိုအတွင်း မော်တော်ယာဉ်များ လွယ်ကူလျင်မြန်စွာဖြတ်သန်းနိုင်မည့်အပြင် ယာဉ်ကြောကျပ်တည်းမှုများကိုလည်း ဖြေလျှော့နိုင်မည်ဖြစ်ပြီး မြို့သစ်မြို့နယ်များတွင် နေထိုင်သောပြည်သူများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ၊ မြန်မာနိုင်ငံအတွက် ကနေဒီယန်ဒေါ်လာ ၄၄ သန်း ကူညီမည်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုစနစ် အောင်မြင်စွာ ထူထောင်နိုင်ရေး၊ အုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်ရေးနှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကနေဒီယန်ဒေါ်လာ ၄၄ သန်း ကူညီထောက်ပံ့ပေးသွားမည်ဟု ကနေဒါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင်ဒီရွန်က ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ စတီဖင်ဒီရွန်တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြရာ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ် အောင်မြင်စွာထူထောင်နိုင်ရေးအတွက် ကနေဒါနိုင်ငံ၏ အကောင်းဆုံးနည်းဗျူဟာနှင့် အတွေ့အကြုံများ မျှဝေပေးရေး၊ အုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျသည့် သတင်းအချက်အလက်ကဏ္ဍတွင် ပူးပေါင်းကူညီပေးရေး၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအတွက် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် အခွင့်အလမ်းများ ဖန်တီးပေးရေး စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ပြီး နှစ်နိုင်ငံသဘောထားများကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၂၇ သန်းအထိရှိခဲ့ကြောင်း ကနေဒါအစိုးရက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်
ကနေဒါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင်ဒီရွန်နှင့် တွေ့ဆုံစဉ်။
(သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဖင်ဒီရွန်တို့ တွေ့ဆုံပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။(သတင်းစဉ်)

## ပြည်ထဲရေးဝန်ကြီးဌာနမှ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

**နေပြည်တော် မေ ၇**

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၀(က)အရ ထုတ်ပြန်သည့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို မတ်လ ၂၈ ရက်က ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁၀၁၄/၂၀၁၆ ဖြင့် ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ ပြင်ဆင်သည့် နည်းဥပဒေတွင် စာပိုဒ်(၁၄)ပိုဒ် ပါရှိပြီး ယင်းတွင် နည်းဥပဒေ၏ အခေါ်အဝေါ်၊ နည်းဥပဒေခွဲ၊ နည်းဥပဒေခွဲငယ်များအလိုက် စကားရပ်များ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ထားရှိသည်။

အဆိုပါ နည်းဥပဒေအား နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ခရိုင်နှင့် မြို့နယ်အားလုံးသို့ ဖြန့်ဝေထားပြီး မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာလွှတ်တော်အတွက်လိုအပ်သော အကူအညီများ၊ သင်တန်းများ ပံ့ပိုးရေးနှင့် နိုင်ငံရေးအတွေ့အကြုံများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် မေ ၇**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး The Honourable Stephane Dion အား ယနေ့ ညနေ ၃ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင် အမှတ်(I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာလွှတ်တော်အတွက် လိုအပ်သော အကူအညီများ၊ သင်တန်းများပံ့ပိုးရေးနှင့် နိုင်ငံရေးအတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးဘိုဘိုဦး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဖုန်းပြောဆိုမှု ကြိုတင်အခပေးကတ်တန်ဖိုးမှ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၇**

ဖုန်းပြောဆိုမှုကြိုတင်အခပေးကတ်တန်ဖိုးမှ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်သူ့လွှတ်တော်ရေးရာဆောင်(I-11)၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုကိုနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှ အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ထရန်စဖော်မာများဝယ်ယူရေးကိစ္စ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့ ဦးဆောင်ကျင်းပသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း National Electrification Plan (NEP)အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ ချေးယူငွေဖြင့် ထရန်စဖော်မာများ ဝယ်ယူရေးကိစ္စ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့လွှတ်တော် (C) ဆောင်၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးကိုကိုနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ U PeThein Electrical & Electronic Co.,Ltd.၊ Hitachi Soe Electric & Machinery Co.,Ltd.၊ Asia General Electric Co.,Ltd.၊ Yangon Transformer Co.,Ltd.၊ Capital Power Co.,Ltd.၊ KTK Electrical Engineering Co.,Ltd. နှင့် RhinoElectric တို့မှ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုးထုတ်ပြန်သော ကြေညာချက်အမှတ် ၁/၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး

(ကြေညာချက်အမှတ် ၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

၁။ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား ကျောင်းသူများ လွတ်မြောက်ရေးသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း နည်းလမ်းသုံးသွယ်ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြစ်ဒဏ်ကျခံနေရသူ တစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ တစ်စုတစ်ဖွဲ့ကိုဖြစ်စေ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးနိုင်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်အရလည်း နိုင်ငံတော်သမ္မတက ပြစ်ဒဏ်ကျခံနေရသူအား စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိပါသည်။ ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ ပြစ်မှုဖြင့် အမှုရင်ဆိုင်နေကြရသူများအားလုံး အကျုံးဝင်ပါသည်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဖြစ်ပါသည်။

(ဂ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ မည်သည့်အစိုးရရှေ့နေမဆို စစ်ဆေးစီရင်သော အမှုများတွင် စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ် စွဲဆိုထားသော အမှုမှ ယေဘုယျအားဖြင့် ဖြစ်စေ၊ ၎င်းတို့ကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့်စပ်လျဉ်း၍ဖြစ်စေ တရားရုံး၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်ပါသည်။

၂။ ထို့ကြောင့် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့်ကျောင်းသား၊ ကျောင်းသူများ ပြစ်မှုမှအမြန်ဆုံး လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းမှာ အပိုဒ် ၁၊ အပိုဒ်ခွဲ(က)နှင့်(ဂ)တို့ဖြစ်ပါသဖြင့် ယင်းနည်းလမ်းများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ထုတ်ပြန်ကြေညာချက်အပေါ် ထောက်ခံကြိုဆို

### တွေ့ဆုံမေးမြန်း-သီသီမင်း

နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများ၊ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပေါ် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

**ဦးဇော်သက်ထွေး(မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ ဦးဆောင်အဖွဲ့ဝင်)**

"အခုအစိုးရသစ်တက်လာပြီး ရက်သတ္တတစ်ပတ်ပဲရှိသေးတဲ့ အတောအတွင်းမှာ တစ်နိုင်ငံလုံးက နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ မျှော်လင့်နေတာက လက်ရှိထောင်ထဲမှာ နိုင်ငံရေးပြစ်မှုနဲ့ ရောက်နေတဲ့ ကျောင်းသားတွေ၊ နိုင်ငံရေးသမားတွေ ဘယ်တော့ လွတ်မြောက်လာမလဲဆိုတာကို စောင့်မျှော်နေကြတာပါ။ ပြည်သူလူထုက ရွေးချယ်ပေးထားတဲ့ အစိုးရဖြစ်တဲ့အတွက် ပြည်သူလူထုကလည်း ဘယ်လိုများ လုပ်ပေးမလဲဆိုတာကို စောင့်မျှော်နေကြတာပါ။ အခုလို တိကျပြတ်သားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ထွက်လာတဲ့အပေါ်မှာ အားလုံးက အထူးနှစ်ထောင်းအားရရှိကြမယ်လို့ယုံကြည်တယ်။ ကျွန်တော်တို့ လွှတ်တုန်းကလည်း သမ္မတ ဦးသိန်းစိန်က လွှတ်ပေးလိုက်တာ။ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကနေ



ဦးဇော်သက်ထွေး



ဦးဂျင်မီ

သဘောတူပြီး လွှတ်တဲ့အနေအထားမဟုတ်ဘူး။ သမ္မတရဲ့ လုပ်ပိုင်ခွင့်အရ လွှတ်တဲ့အနေအထားမျိုးကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတာ။ အခုလွှတ်မယ့်လူတွေကိုလည်း နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်အရ လွှတ်မယ်ဆိုရင်ဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ နေရာက ငါးနေရာပဲရှိတယ်။ တိုက်ရိုက်နေရာက ခြောက်နေရာရှိတဲ့အတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက ဖိအားပေးမယ်လို့ မမျှော်လင့်ဘူး။ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်အရ နိုင်ငံရေးနဲ့ဆက်နွှယ်ပြီး အမှုရင်ဆိုင်ဆဲ၊ ထောင်ဒဏ်၊ ပြစ်ဒဏ်ကျခံနေရသူတွေ၊ အထူးသဖြင့် ထောင်ထဲမှာကျန်ရှိနေတဲ့သူတွေ၊ မီဒီယာသမားတွေနဲ့ကျောင်းသားတွေအားလုံး လွတ်မြောက်လာမယ်လို့မျှော်လင့်တယ်။

**ဦးမြအေး(၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

"ဒါလုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပဲဖြစ်တယ်။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဘာလုပ်သင့်တယ်ဆိုတဲ့ DVB ဒီဘိတ်မှာလည်း ပြောခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါကို အစိုးရသစ်အနေနဲ့ ပထမဆုံး တက်တဲ့အချိန်အခါမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို လုပ်ဖို့အတွက် စပြီး စိုင်းပြင်းလိုက်ပြီလို့ပဲမြင်တယ်။ ဒါအင်မတန်ကောင်းတဲ့ ကိစ္စပါ။ ကျယ်ကျယ်ပြန့်ပြန့်နဲ့ အားလုံးလွတ်နိုင်အောင် နောက်တစ်ခါ ပြည်ပက လူတွေလည်း ပြန်လာနိုင်အောင် လုပ်နိုင်မယ်ဆိုရင်တော့ အလွန့်အလွန်ကို မင်္ဂလာရှိတဲ့ နှစ်သစ်ကို ဖြတ်သန်းရတယ်လို့ပဲမြင်ပါတယ်။

**ဦးဂျင်မီ( ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

"ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရလာပြီးတဲ့အချိန် ပထမဆုံးလုပ်မယ့်အလုပ်ဟာ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် လုပ်မယ်ဆိုတာ ယုံကြည်နေတယ်။ အခက်အခဲတွေကြောင့် ဒီအချိန်ထိ ကြန့်ကြာနေတယ်လို့ နားလည်တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ နှစ်သစ်ကူးမှာ လွတ်ဖို့အတွက်ကို ကြိုးစားအားထုတ်သွားမယ်ဆိုတဲ့အချက်က အင်မတန် ဝမ်းသာစရာကောင်းတဲ့အချက်ပါ။

## မုံရွာတွင် သင်္ကြန်ရက်များအတွင်း မြန်မာ့မီးရထားခရီးစဉ်အချို့ ခေတ္တရပ်နားမည်

**မုံရွာ ဧပြီ ၇**

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာ့မီးရထားမုံရွာဘူတာမှ ဒေသအချို့သို့ ပြေးဆွဲနေသည့် ကားရထားခရီးစဉ်အချို့ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း မုံရွာဘူတာမှ သိရသည်။

"ကျွန်တော်တို့ မုံရွာဘူတာကနေ မဟာသင်္ကြန်ကာလမှာ တင်းတိန်ယံ-မုံရွာ - တင်းတိန်ယံ ပြေးဆွဲနေတဲ့ အမှတ်(၂၁၇/၂၁၈) ကားရထားခရီးစဉ်တွေကို ၁၂-၄-၂၀၁၆ ရက် (သင်္ကြန်အကြိုနေ့)မှ စတင်ပြီး ၁၆-၄-၂၀၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ လည်းကောင်း၊ RBE ရထားခရီးစဉ်တွေဖြစ်တဲ့ အလုံ-မုံရွာ-ဗောဓိတထောင် ခရီးစဉ်နဲ့ မုံရွာ - မန္တလေး - မုံရွာ ခရီးစဉ်တွေကို ၁၃-၄-၂၀၁၆ ရက် (သင်္ကြန်အကျရက်)မှ ၁၆-၄-၂၀၁၆ ရက် (သင်္ကြန်အတက်နေ့)အထိလည်းကောင်း ကားရထားခရီးစဉ်တွေကို ခေတ္တရပ်နားထားမှာ ဖြစ်ပါတယ်။ ပြည်သူတွေ သင်္ကြန်ကာလမှာ ကူးသန်းသွားလာရေး အခက်အခဲမရှိစေဖို့ ကျန်ရထားခရီးစဉ်တွေဖြစ်တဲ့ အမှတ်(၁၂၆) ပခုက္ကူ-မုံရွာ-ပခုက္ကူ ခရီးစဉ်နဲ့ အမှတ်(၅၉)၊ အမှတ်(၆၀) ခင်ဦး -မုံရွာ- ခင်ဦး ခရီးစဉ်နှစ်ခုကိုတော့ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု မုံရွာဘူတာမှ ရုံပိုင်(တာဝန်ခံ) ဦးမြင့်စိုးက ပြောသည်။

အဆိုပါ မုံရွာဘူတာမှတစ်ဆင့် ကားရထား၊ ရထားကြီးအပါအဝင် အဆိုင်းငါးဆိုင်းဖြင့် နေ့စဉ် အစုန် -အဆန် အဖြစ် မုံရွာမြို့နယ်ရှိ အလုံနှင့် ဗောဓိတစ်ထောင်၊ ရေဦးမြို့နယ် တင်းတိန်ယံ၊ မန္တလေး၊ ပခုက္ကူ စသည့်ဒေသများသို့ ပုံမှန်ပြေးဆွဲလျက်ရှိရာ သင်္ကြန်ကာလတွင် ကားရထားခရီးစဉ် သုံးခု ရပ်နားထားပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစတင်၍ ခရီးစဉ်ငါးခုလုံး ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**



# အရပ်ဘက် - စစ်ဘက်ဆက်ဆံရေး

ကိုဝ

မြန်မာနိုင်ငံမှာ ပြည်သူလူထုရဲ့ သောင်ပြိုကမ်းပြိုဆန္ဒမဲတွေနဲ့ လူထုအစိုးရသစ်တက်လာပြီဖြစ်ပေမယ့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးကို တိုက်ရိုက်ကိုင်တွယ်ခွင့်တော့ မရှိသေးပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာနဟာ တပ်မတော်ရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေထဲက တစ်ခုပါ။ ဒါဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်ကြောင့်ပါ။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ပြည်သူလူထုရဲ့ နေ့စဉ်ဘဝကိစ္စရပ်တွေကို ကိုင်တွယ်ရတဲ့ ဦးစီးဌာနပါ။ ဒါကြောင့် အနာဂတ်မှာ လူထုအစိုးရရဲ့ မူဝါဒတွေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကိုင်တွယ်ဆောင်ရွက်ပုံတွေမတူတဲ့ ကွဲပြားတာမျိုးတွေရှိလာနိုင်ပါတယ်။ ဒီမတူကွဲပြားမှုကြောင့် ပဋိပက္ခအသွင်ဆောင်တဲ့ မြင်ကွင်းတွေကိုလည်း တွေ့လာရနိုင်ပါတယ်။ ဒီလိုပဋိပက္ခတွေကြုံတွေ့တဲ့အခါ ကိုယ့်ရပ်တည်ချက်ကို အသေဆုပ်ကိုင်ပြီး စိုးရိမ်တကြီးကိုင်တွယ်တာမျိုးကို ရှောင်ရှားသင့်ပါတယ်။ မတူကွဲလွဲမှုတွေကို ဖြေရှင်းမညှိနှိုင်းနိုင်ခဲ့ရင်တောင်မှ အပြီးသတ်ရလဒ်အပေါ် တစ်နည်းနည်းနဲ့ ထိန်းညှိပေးနိုင်မယ့် နည်းလမ်းမျိုးကို ကြိုးပမ်းရှာဖွေသင့်ပါတယ်။ အခြားနိုင်ငံရေးအင်အားစုတွေနဲ့ သတင်းမီဒီယာတွေကလည်း ဒီလိုပဋိပက္ခတွေအပေါ် ထိန်းထိန်းသိမ်းသိမ်း ဝေဖန်သုံးသပ်သင့်ပါတယ်။ မီးလောင်ရာလေပင့်သဘော မလုပ်သင့်ပါဘူး။ တိုင်းပြည်ရဲ့ ကိစ္စရပ်တွေကိုင်တွယ်ရာမှာ လူထုအစိုးရနဲ့ တပ်မတော်အကြား မညှိနှိုင်းနိုင်ခဲ့ရင် တိုင်းပြည်ရဲ့ အနာဂတ်ဟာ ဘယ်လိုမှမကောင်းနိုင်ပါဘူး။

**ဘယ်ဘက်ကပဲဖြစ်ဖြစ် ဖိအားပေးဆောင်ရွက်လိုက်ရင်တော့ အဖြေထွက်မှာပဲဆိုတာမျိုး အစွန်းမရောက်ဖို့လိုသလို အလျှော့ပေးလိုက်လျှော့လိုက်ရင် နားလည်မှုတွေရှိမှာပဲဆိုပြီး အလွယ်တွေးတာမျိုးလည်း မလုပ်ဖို့လိုအပ်ပါတယ်။**

ပြောရရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြုပြီး ဖြစ်လာတဲ့ ပဋိပက္ခတွေကိုင်တွယ်ရာမှာ ပိုပြီးသတိထားသင့်ပါတယ်။ ဘာလို့လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့လူထုအစိုးရနဲ့ တပ်မတော်ဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် မတူကွဲပြားတဲ့သဘောထားအမြင်တွေ ရှိနေလို့ပါ။ အခြေခံအကြောင်းရင်းဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဆောင်ရွက်မပြီးမချင်း သဘောထားကွဲလွဲမှုတွေ ရှိနိုင်တယ်ဆိုတာကို နှလုံးသွင်းလိုက်မယ်ဆိုရင် စိုးရိမ်တကြီးကိုင်တွယ်တာမျိုး၊ လိုရာဆွဲတွေး ပုံကြီးချဲ့တာမျိုးကို ရှောင်ရှားနိုင်မှာပါ။ ဒီနေရာမှာ ဘယ်ဘက်ကပဲဖြစ်ဖြစ် ဖိအားပေးဆောင်ရွက်လိုက်ရင်တော့ အဖြေထွက်မှာပဲဆိုတာမျိုး အစွန်းမရောက်ဖို့လိုသလို အလျှော့ပေးလိုက်လျှော့လိုက်ရင် နားလည်မှုတွေရှိမှာပဲဆိုပြီး အလွယ်တွေးတာမျိုးလည်း မလုပ်ဖို့လိုအပ်ပါတယ်။

ဒီအကြောင်းတွေကို ပြောနေရတာဟာ မြန်မာနိုင်ငံဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းကြောင့်ပါ။ ၁၉၆၂ ခုနှစ်ကစပြီး တပ်မတော်ဟာ မြန်မာ့နိုင်ငံရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တဲ့အတွက် ၂၀၁၅ ရွေးကောက်ပွဲအလွန်မှာ လူထုအစိုးရနဲ့ တပ်မတော်အကြား ပဋိပက္ခတွေ ရင်ဆိုင်လာရနိုင်တယ်။ အတိမ်းအစောင်းမခံတဲ့ အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးအခြေအနေတစ်ရပ်ကို ရင်ဆိုင်လာရနိုင်တယ် စတဲ့ စတဲ့ ဝေဖန်သုံးသပ်ချက်တွေကို ပြည်တွင်းမှာရော ပြည်ပမှာပါ ကျယ်ကျယ်ပြန့်ပြန့် ကြားနေရပါတယ်။ ဒီလိုသုံးသပ်ဝေဖန်မှုတွေ ကြားထဲကပဲ ပြည်ထောင်စုလွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ခန့်အပ်တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တွေ သဘောကွဲလွဲကြပါတယ်။ များသူအနိုင်ယူ ဒီမိုကရေစီကျင့်စဉ်ဆိုတဲ့ အသံတွေလည်း ထွက်လာပါတယ်။ ပြဿနာရဲ့ အခြေခံအကြောင်းရင်းက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ တိုင်းပြည်ကိုဦးဆောင်ဖို့ ပြည်သူလူထုက ယုံယုံကြည်ကြည်တာဝန်ပေးအပ်ခံရတဲ့ ဒေါ်အောင်ဆန်းစုကြည်က ပုဒ်မ ၅၉(စ) ကြောင့် သမ္မတမဖြစ်နိုင်တဲ့အတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိစ္စ ပေါ်ပေါက်လာရတာပါ။ တိုင်းပြည်အနာဂတ်ကို အင်ပြည့်အားပြည့် ပုံဖော်ဖန်တီးနိုင်ဖို့ဆိုရင် တိုင်းပြည်ရဲ့လိုအပ်ချက်တွေနဲ့ အံဝင်ခွင်ကျမဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မလွှဲမသွေပြင်ဆင်ရမှာပါ။ ဒီအချက်ကိုသာ နှလုံးသွင်းရင် လူထုအစိုးရနဲ့ တပ်မတော်အကြား အဆင်ပြေချောမောတဲ့ အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးတစ်ရပ်ကို ထူထောင်နိုင်မှာပါ။

# စိန်ခေါ်မှုအားလုံးကို အစိုးရသစ်နှင့် လူထုပူးပေါင်းပြီး ဟန်ချက်ညီညီ လုပ်ဆောင်လို




**ရန်ကုန် ဧပြီ ၇**

လက်ပံတန်း ကျောင်းသားသပိတ်ကို ထောက်ခံဆန္ဒပြခဲ့သည့်အတွက် ပုဒ်မ ၁၈ စီတန်းလှည့်လည်မှုနှင့် တရားစွဲခံရသူ မနီလာသိန်း ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အား ဧပြီ ၇ ရက်က မရမ်းကုန်းမြို့နယ်တရားရုံးတွင် ငါးကြိမ်မြောက်ရုံးထုတ်ခဲ့သည်။

"လက်ရှိအစိုးရသစ်အနေနဲ့ စိန်ခေါ်မှုများစွာကို ကြုံတွေ့ရလိမ့်မယ်။ အဲဒီအပေါ်မှာ ကျွန်မတို့ လူထုအနေနဲ့က ဟန်ချက်ညီညီနဲ့ ပူပေါင်းပြီးလုပ်ဆောင်သွားမှ ကျွန်မတို့နိုင်ငံအတွက် အကျိုးအများကြီး ရှိလာနိုင်ပါလိမ့်မယ်။ လူထုအားပါမှ ရွေ့နိုင်ပါမယ်။ အဲဒီအတွက်ကြောင့် ကျွန်မပြောချင်တာက စိန်ခေါ်မှုတွေအားလုံးကို အစိုးရသစ်နဲ့ လူထုပူးပေါင်းပြီးတော့ ဟန်ချက်ညီညီ လုပ်ဆောင်ချင်ပါတယ်"ဟု နီလာသိန်း ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)က အစိုးရသစ်နှင့်ပတ်သက်ပြီး ပြောကြားသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီအစိုးရမှန်ပါက နိုင်ငံရေးအကျဉ်းသားတစ်ယောက်ရှိနေလျှင် လွှန်လှပြီဟု ပြောထားခဲ့ဖူးကြောင်း၊ ထို့ကြောင့် နိုင်ငံ၏အကျိုးစီးပွားကို တကယ်လုပ်ဆောင်ပြီး ထောင်တွင်းကိုရောက်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွတ်မြောက်ရေးကိုလည်း အစိုးရသစ်အနေဖြင့် အစွမ်းကုန်လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်း၏အမြင်ကို ဆက်လက်ပြောသည်။

ထို့ပြင် "အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီ။ အခုလက်ရှိ အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာဖို့ကို အင်နဲ့အားနဲ့၊ ဟန်ချက်ညီညီနဲ့ လုပ်ဆောင်ခဲ့တဲ့ လူထုအားတစ်ခုနဲ့ ပေါ်ပေါက်လာခဲ့တဲ့ အစိုးရသစ်တစ်ရပ်ဖြစ်ပါတယ်။ အစိုးရသစ်က သူ့ရဲ့လုပ်ပိုင်ခွင့်လုပ်နိုင်စွမ်းတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် နိုင်ငံရဲ့အကျိုး၊ နိုင်ငံသားတွေရဲ့အကျိုးကို ကြည့်ပြီးတော့ လုပ်ဆောင်လိမ့်မယ်ဆိုတာ ကျွန်မကယုံကြည်ပါတယ်။ တစ်ခုပြောချင်တာက ကာ/လုံနဲ့ ပတ်သက်ပြီးတော့ ကျွန်မ တစ်ခုပြောချင်တယ်။ ကာ/လုံအပေါ်မှာ လူထုရဲ့ ယုံကြည်မှု နှစ်ပေါင်းများစွာကင်းမဲ့ခဲ့တယ်။

အခုအချိန်မှာ ကာ/လုံက ကျွန်မတို့အစိုးရသစ်နဲ့ အတူပူးပေါင်းဆောင်ရွက်ပြီးတော့ နိုင်ငံအကျိုး၊ ကိုယ့်နိုင်ငံသားအကျိုးကို တကယ်ရှေးရှုပြီးတော့ အစိုးရသစ်နဲ့အတူ တွဲပြီး ပူးပေါင်းဆောင်ရွက်ဖို့ကို ကျွန်မက တိုက်တွန်းချင်ပါတယ်"ဟု မနီလာသိန်းက ဆိုသည်။ မနီလာသိန်းသည် အာမခံမယူ၊ ဒဏ်ငွေမဆောင်ဘဲ အင်းစိန်ထောင်သို့ လိုက်သွားခဲ့ပြီး ပုဒ်မ ၁၈ နှင့် စွဲထားသည့်အမှုများအတွက် ရှေ့နေပါဝါများ ပြန်ရုပ်သိမ်းခဲ့သည်။ ၎င်းရှေ့နေပါဝါ ပြန်ရုပ်သိမ်းမှုနှင့် ပတ်သက်ပြီး ရှေ့နေများအားလည်း မေတ္တာရပ်ခံခဲ့ကြောင်း၊ ၎င်းကိုယ်တိုင်က တရားခွင်တွင် မေးခြင်းမြန်းခြင်း၊ တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်းကို မပြုလုပ်ခဲ့ကြောင်း၊ တရားသူကြီးအား တစ်ခါတည်းလျှောက်ထားခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အမျိုးသမီး အကျဉ်းသူတစ်ယောက်အနေဖြင့် ထောင်ထဲတွင် နေရသည့်အခါ ယခုပြုပြင်ပြောင်းလဲမှုများ ရှိလာသည့်အခါ တချို့သော ပြောင်းလဲမှုများကို မြင်တွေ့နေရကြောင်း၊ ပြောင်းလဲသည့် အကြောင်းများကို အပြုသဘောမျိုးနှင့် ပြောဆိုဆွေးနွေးသည့်အပိုင်းများ ရှိကြောင်း၊ ယခုပြုပြင်ပြောင်းလဲမှုအစပြုသည့်အတွက် ၎င်းအပေါ်တွင် အားနည်းချက်၊ အားသာချက်များစွာ ရှိသေးကြောင်းနှင့် ပြုပြင်ပြောင်းလဲရမည့် အချက်များစွာလည်းရှိနေသေးကြောင်း မနီလာသိန်းက ထောင်တွင်းအတွေ့အကြုံကို ပြောသည်။

**(ယုဇန)**




## ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် ဧပြီ ၇**

ဧရာဝတီမြစ်ရေသည် ဧပြီ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် ၄၅၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၃၆ နာရီအတွင်း ခုနစ်ပေခွဲခန့်နှင့် ဗန်းမော်မြို့တွင် ၂၄ နာရီအတွင်း တစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် သုံးပေခွဲမှ ငါးပေခွဲခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှလေးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

# မန်းသင်္ကြန်နှင့် မောင်မိုးသူ

**မောင်မိုးသူ**

ဒီနှစ်သင်္ကြန်ထုတ် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာများက စာမူတောင်းတော့မှ မောင်မိုးသူလည်း သင်္ကြန်ကို ပြေးပြီး သတိရမိပါတယ်။ ဆောင်းပါးတွေ အားလုံးက နိုင်ငံရေးတွေပဲ ရေးနေမိတာကိုး။ သတင်းစာလည်း မရေးမိမရေးနိုင်ပါဘူး။ ဒီဆောင်းပါးရေးဖို့ စီစဉ်နေဆဲမှာပဲ ကြေးမုံသတင်းစာ လပေး လာတောင်းပါတယ်။ မောင်မိုးသူဟာ ကြေးမုံသတင်းစာကို ထွက်တဲ့အချိန်ကစ အခုထိ လပေးယူခဲ့သူ ဖြစ်ပါတယ်။ ဒီတော့ ကြေးမုံအတွက် ဆောင်းပါးနှစ်စောင်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ (၁) က မန်းသင်္ကြန်ဆောင်းပါးဖြစ်ပါတယ်။ (၂)က ဒီလ ၁၆ ရက်မှာ ပြည့်မယ့် (၅၉)နှစ်ပြည့်မြောက်တဲ့ ကြေးမုံသတင်းစာအတွက် အမှတ်တရ ကြေးမုံဆောင်းပါးတွေရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

**မန်းသင်္ကြန်နှင့် မောင်မိုးသူ**

သင်္ကြန်နှင့် မောင်မိုးသူ အမျိုးမတော်တာကြာပေါ့။ ရန်ကုန်ရောက်တာပဲ နှစ်(၄၀) ကျော်ရှိပြီပဲ။ ရန်ကုန်သင်္ကြန်လည်း ကိုယ်နှင့်မဆိုင်သလို နေခဲ့တာပဲလေ။ ဒီကြားထဲ ထောင်ထဲမှာလည်း သင်္ကြန်ခုနစ်နှစ် ဆုံခဲ့သေး။ မန်းသင်္ကြန်ဆိုတာ အဝေးကြီး အဝေးကြီး ကျန်ခဲ့ပြီပဲ။ ဒေါ်ဒေါ် လူထုဒေါ်အမာ ပြင်ဦးလွင်မှာရှိစဉ် မောင်မိုးသူ သင်္ကြန်ရက် နွေရက်တွေမှာ ဒေါ်ဒေါ်နှင့်အတူ ပြင်ဦးလွင်ကို တက်ရဖူးပေမယ့် မန်းသင်္ကြန်တော့ မရောက်ဖြစ်ပါဘူး။ မနေ့တစ်နေ့က ဆူးငှက်ရဲ့ 'ပန်ဆုယူ တာရေသွန်းချိန်မို့' ဆိုတဲ့ သင်္ကြန်ဆောင်းပါးပေါင်းချုပ်တွေကို အလွမ်းပြေဖတ်လိုက်ရသေးတယ်။ အဲဒီစာအုပ်မှာ မောင်မိုးသူ အမှာစာရေးပေးပါတယ်။ ဆူးငှက်ဟာ မန်းယဉ်ကျေးမှု၊ မန်းဂီတ၊ မန်းသင်္ကြန်အကြောင်း အများကြီး ရေးနိုင်သူပေပဲ။


အဲ မောင်မိုးသူလည်း သူ့စာအုပ်ကို ဖတ်အပြီး ငယ်စဉ်က ကြုံခဲ့ဆုံခဲ့တဲ့ မန်းသင်္ကြန်များကို ပြေးပြီးအမှတ်ရပါတယ်။ တကယ်တော့ မန်းသင်္ကြန်နဲ့ ရန်ကုန်သင်္ကြန်တို့ရဲ့ အဓိက ကွာခြားချက်ဟာ ရန်ကုန်သင်္ကြန်က သံချပ်သင်္ကြန်ဖြစ်ပြီး မန္တလေးသင်္ကြန်ကတော့ အလှ၊ အက သင်္ကြန်ဖြစ်ပါတယ်။ မန္တလေးသင်္ကြန်အကြောင်း ရေးမယ်ဆိုရင် မြို့မအကြောင်းက ရှေ့ဆုံးကပေါ့။ မြို့မကို ဦးဆောင်ခဲ့ကြတဲ့ ဦးလေးသန့်တို့၊ ဆရာငြိမ်းတို့နဲ့ တရင်းတနှီး မဆုံဆည်းလိုက်ပေမယ့် ဦးလေးသန့် သားသမီးများ၊ ဆရာငြိမ်း သားသမီးများနဲ့တော့ မောင်မိုးသူ ကျောင်းနေစဉ်ကပဲ ဆုံဖူးခဲ့ကြပါတယ်။

ဓားတန်းဝင်းထဲမှာ သင်္ကြန်နားနီးရင် မြို့မတီးလုံးတိုက်ရင် ရောက်တာပါပဲ။ ဦးလေးသန့် သားသမီးတွေနဲ့တော့ တချို့က မောင်မိုးသူထက်ကြီး၊ တချို့ကတော့ ငယ်ပေါ့။ မြို့မ ကိုပေါကတော့ မောင်မိုးသူရဲ့ အရင်းနှီးဆုံး မိတ်ဆွေကြီးပေါ့။ သူနဲ့အတူ ရုပ်ရှင်တွေရိုက်ဖူးပါတယ်။ ကိုဘိုခင်နဲ့လည်း ဝင်းလိုက်ရုံရှေ့ အောင်ဇေယျမှာ အတူထိုင်နေကျ ဩဘာ် မန်းတောင် မန္တလေး အခုတော့ အလှမ်းကဝေးပေါ့။

မန္တလေးသင်္ကြန် တစ်ခေတ်မှာ မြို့မနှင့် ကိုဦး (ကိုဝင်းဦး)တို့ အတူနွှဲခဲ့ကြတဲ့ ခေတ်ကြီးတစ်ခေတ်လည်း ရှိဖူးပါတယ်။ မောင်မိုးသူမလိုက်ခဲ့ မရောက်ခဲ့ပါ။ မောင်မိုးသူ မီလိုက်ကြုံလိုက်တာက ရေနန်းဗိမာန်ဆိုတဲ့ နဂါးဆေးလိပ် ဒေါ်ဒေါ်ဦးရဲ့မဏ္ဍပ်၊ ဝင်းလိုက်မယ်ဆိုတဲ့ သင်္ကြန်၊ ရွှေမန်းမေတို့၊ လှပျိုဖြူတို့၊ ဘိုဘိုတို့၊ မမထားရီတို့ သင်္ကြန်ခေတ် မီလိုက်တာပါ။

မန္တလေးမှာတော့ မြို့မက အထင်ကရ အကြီးအကျယ်ကိုး။ ငွေငန်းသင်္ကြန်ကြီးပေါ့။ အကြိုနေ့ မဟာမုနိမှာ ညနေဦးကတည်းက ထွက်လိုက်တာ နှစ်ဆန်းတစ်ရက်နေ့ မိုးထိန်ထိန်လင်းမှ ပြီးတာလေ။ မောင်မိုးသူ ကျောင်းသားဘဝက တကောက်ကောက် လိုက်ခဲ့ရတာပေါ့။

မန္တလေးသင်္ကြန်ဆိုတာ မောင်မိုးသူ ပြောသလို အလှနှင့်အက သင်္ကြန်လေ။ သံချပ်ဆိုတာ ဗိုလ်သခင် ဆရာဆိုတာပဲ ပေါ်ဖူးတယ်။ မန္တလေးသင်္ကြန်မှာတော့ မြို့မနှင့် သင်္ဂဟပေါ့လေ။ တစ်နှစ်တော့ ထီလာမောင်ဆိုပြီး မိတ္ထီလာသင်္ကြန်အဖွဲ့ကြီးလာဖူးတယ်။ မောင်မိုးသူရှိစဉ်ကပဲ အဲဒီ ထီလာမောင်မှာ ထူးထူးခြားခြား ကလဲရီနက်မှုတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို တွေ့ဖူးတယ်။ အဲဒီအချိန်က ကမ္ဘာ့ဂီတမှာလည်း ကလဲရီနက်မှုတ်တဲ့ ဘင်နီဂွတ်မင်း ပေါ်နေတဲ့အချိန်လေ။ ထီလာမောင်က ကလဲရီနက်မှုတ်တဲ့ ပုဂ္ဂိုလ်ကတော့ အေဝမ်းစိုးမြင့်ပါပဲ။ အဲဒီတုန်းကတော့ တရုတ်ကလေးပါပဲ။ တင်တင်မြနဲ့ အိမ်ထောင်ကျ၊ မကျ မသေချာ



ပါ။ မန္တလေးသင်္ကြန်အလှ၊ အကမဏ္ဍပ်တွေထဲမှာ နာမည်ကြီးတွေထဲက ဂင်ဇာရင်ရင်ရဲ့သမီး သောင်းသောင်းနုလည်း ပါတယ်။ သောင်းသောင်းနုက စန္ဒရားလှထွတ်နဲ့ အိမ်ထောင်ကျတာပါ။ ဇော်မျိုးထွဋ်တို့ရဲ့ အဖေပေါ့။ အခုတော့ ကိုလှထွတ်လည်း မရှိတော့တဲ့အပြင် ဖိုးဇော် (ဇော်မျိုးထွဋ်)လည်း မရှိတော့ပါ။

မန္တလေးသင်္ကြန်နဲ့ပတ်သက်ပြီး မောင်မိုးသူ မှတ်မှတ်ရရ ဖြစ်နေတာတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ မြို့မဆရာငြိမ်းရဲ့ အကြောင်းပါ။ အဲဒီတုန်းက ဆရာငြိမ်းနဲ့ မောင်မိုးသူ မသိသေးပါ။ တစ်နှစ်တော့ ဆရာငြိမ်းဟာ မြို့မအသင်းကြီးနဲ့ အဆင်မပြေဖြစ်ပါတယ်။ ဒီတော့ ဆရာငြိမ်းက မန္တလေးအခေါ် တောင်မြို့ အမရပူရက AMBA ဆိုတဲ့ မော်တော်ယာဉ် အသင်းကြီးနဲ့ သင်္ကြန်ထွက်ဖို့ စီစဉ်ပါတယ်။ AMBA ဆိုတာ ကားအသင်းလေ။ ကားဆရာ၊ ဒရိုင်ဘာ၊ စပယ်ယာတွေပဲ အသင်းထဲမှာပါတာပါ။ တီးတတ်၊ မှုတ်တတ်တဲ့သူ ဘယ်ရှိမှာလဲ။ အဲဒီ AMBA အသင်းရဲ့ ဂီတအသံ ဖွဲ့စည်းမှုကို ဆရာငြိမ်းက ပလွေဆရာကြီး (ဆရာထပ်လို့ ထင်တာပါပဲ)နှင့် တိုင်ပင်ပြီး AMBA အသင်းသားတွေ အားလုံးအတွက် ဝါးပလွေ အလက် ၆၀ ကျော် ပြုလုပ်ခိုင်းပါတယ်။ ဝါးပလွေ ၆၀ ကလည်း တစ်ချောင်းစီက တစ်သံတစ်မျိုးမှုတ်လို့ရ၊ မှုတ်တတ်အောင် သင်ပေးတာ၊ အဲဒီဝါးပလွေ သံစဉ် ၆၀ ကို စုစည်းပြီး ဂီတဖွဲ့စည်းမှု ဆရာငြိမ်းက လုပ်ပါတယ်။ ဘော့စ်ကိုတော့ လက်ဖက်ခြောက်ပုံးကြီးတပ်ပြီး ဘော့စ်သံလုပ်ပါတယ်။ ပြီးတော့ ဘူးသီးခြောက်ကို လက်တင်ဂီတဟန်နဲ့၊ အဲဒီလို ပလွေသံစုံတီးဝိုင်းကြီးနဲ့၊ လက်ဖက်ခြောက်ပုံးဘော့စ်နဲ့ ဘူးသီးခြောက်ပဲပါတဲ့ AMBA အသင်းကြီးဟာ တူရိယာပစ္စည်းအစုံနဲ့ မန္တလေးမှာ အထင်ကရဖြစ်နေတဲ့ မြို့မတို့၊ သင်္ဂဟတို့နဲ့အပြိုင် ထွက်ပေါ်လာခဲ့တာကို မောင်မိုးသူ တွေ့ဖူးကြုံဖူးပြီး ဆရာငြိမ်းရဲ့ အံ့မခန်း ဂီတအစွမ်းကို အံ့သြချီးကျူးမကုန် ဖြစ်ရဖူးပါတယ်။ မချီးကျူးရဲတာကတော့ မောင်မိုးသူက ဦးပုည ကဗျာကို ချီးကျူးတဲ့လူလို ဖြစ်နေမှာစိုးလို့ပါ။

ဆရာငြိမ်းကို သေသေချာချာ မဆုံလိုက်ရပေမယ့် ဆရာငြိမ်းရဲ့ မိသားစုကိုတော့ သိမိဆုံမိလိုက်ရဖူးပါတယ်။ ဆရာငြိမ်းရဲ့ ဇနီး၊ ဆရာငြိမ်းရဲ့ သမီးကြီး ဒေါ်တင်ကြည်ဆိုတာက မောင်မိုးသူတို့ရဲ့ ဘော်ဒါ ကိုပေါ်ဦးသက်ရဲ့ ဇနီးလေ။ ကိုပေါ်ဦးတို့၊ မတင်ကြည်တို့ အိမ်ကတော့ မောင်မိုးသူတို့၊ တင်မိုးတို့ စားအိမ်သောက်အိမ်ပေါ့။ ဆရာငြိမ်းရဲ့သား ဦးရွှန်းမြိုင်က အဲဒီတုန်းက ကလေးပေါ့။ ပေါ်ဦးတို့၊ မောင်မိုးသူတို့ သွားရာ လိုက်ပါလေ့ရှိပါတယ်။

တလောက ကားလ်စ်ဘတ်ဘီယာက တူးပို့ ဘီယာထုတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖိုးရွှန်းက ရန်ကုန်မှာ အစ်ကိုဝင်းဖေနဲ့ အစ်ကိုမိုးသူရှိတာပဲဆိုပြီး တိုင်ပင်တာ ခံရဖူးပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ရှေးဟောင်းဓာတ်ပုံလေးတစ်ပုံတွေ့လို့ ပေးလိုက်ပါတယ်။ ပုံထဲက လူတွေက ရှေးဟောင်းလူသားတွေပါ။ **(အပေါ်ပုံ)**ထဲမှာ ဘယ်မှညာ ဘယ်အစွန်က ဝင်းဖေ (ဒါရိုက်တာ)၊ သူ့ဘေးထိုင်နေတာ ဖိုးရွှန်း (ဦးရွှန်းမြိုင်)၊ သူ့ဘေးမှာ ရပ်နေသူက ဗိသုကာအောင်ကြီးမြင့်၊ ဦးထုပ်နဲ့ ထိုင်နေသူက ဗိသုကာဘိုကြီး၊ ရှေ့မှာ မတ်တတ်ရပ်နေသူက စန္ဒရား သိန်းမောင်၊ သူ့ဘေးမှာ အိုက်တင်ပေးရပ်နေသူက ပေါ်ဦးသက်၊ ပေါ်ဦးဘေးက ထိုင်နေသူက စပ်ဖြဲဖြဲနဲ့ မိုးသူ၊ မိုးသူ နံဘေးက သိန်းသန်းထွန်းဖြစ်ပါတယ်။ ဘယ်တုန်းက ဘယ်သူရိုက်ထားမှန်း မသိတဲ့ပုံပါ။

နောက်ထပ် ပုံတစ်ပုံကိုလည်း ထည့်ပေးလိုက်ပါတယ်။ တစ်ခေါက် မန္တလေးရောက်တုန်း ဆူးငှက်နဲ့ ဦးရွှန်းမြိုင်တို့ လာတွေ့စဉ် ရိုက်ထားတဲ့ပုံပါ။

မန်းသင်္ကြန်ရေးတဲ့ ဆူးငှက်၊ ဆရာငြိမ်းရဲ့သား ဦးရွှန်းမြိုင်တို့ရဲ့ပုံကို အမှတ်တရ ထည့်ပေးလိုက်ရပါတယ်။

မန်းသင်္ကြန်နှင့် မောင်မိုးသူပါ။



# ကိုယ်ချင်းစာတာလား၊ တာဝန်ကျေတာလား

မိုးတွင်းကာလ လေပြင်းများ တိုက်ခတ်သည့်အခါ လျှပ်စစ်မီးကြိုးများနှင့် တယ်လီဖုန်းကြိုးများကို သစ်ကိုင်းသစ်ခက်များက ရိုက်ခတ်မိပြီး ကြိုးများပြတ်တောက်ခြင်း၊ ဝါယာရှော့ဖြစ်ခြင်းတို့ မဖြစ်ရလေအောင် တယ်လီဖုန်း ဆက်သွယ်ရေးနှင့် လျှပ်စစ်ဌာနမှ ဝန်ထမ်းများသည် မော်တော်ယာဉ်သွားရာ ကတ္တရာလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာရှိ လျှပ်စစ်ကြိုးများအောက် မလွတ်ကင်းသည့်သစ်ပင်သစ်ကိုင်းများကို ခုတ်လှဲပိုင်းဖြတ် ရှင်းလင်းကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ ခုတ်လှဲပိုင်းဖြတ်သည့်အခါ အချို့သစ်ကိုင်းများသည် လျှပ်စစ်ကြိုးများနှင့် တယ်လီဖုန်းကြိုးများကို ပင်စည်နှင့်အကိုင်းများက ငုံမိနေပြီး ဖြတ်တောက်ရန်ခက်ခဲသည့် အနေအထားဖြစ်ကာ ဖြတ်တောက်သည့် ဝန်ထမ်းများကို စိန်ခေါ်သကဲ့သို့ ဖြစ်နေသည်။

ယခုလည်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်းမကြီး ပြန်/ဆက်ရုံးရှေ့ မျက်စောင်းထိုးတွင် ပေါက်ရောက်နေသည့်ကုက္ကိုပင်ကြီးသည် တယ်လီဖုန်းကြိုး၏ အားဖြည့်သွပ်ကြိုးအား ပိုင်ပိုင်နိုင်နိုင် ငုံမြိုထားသဖြင့် သစ်ပင်ပိုင်းဖြတ်သူဝန်ထမ်းများ ခေါင်းစားခဲ့သော်လည်း ဝန်ထမ်းများက သူတို့လုပ်ရမည့်တာဝန်ကို ပီပီပြင်ပြင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

ဝန်ထမ်းများ၏ ရွှေညာဏ်တော်ကောင်းပုံ ကိုယ်ချင်းစာတတ်လိုက်ပုံက ကုက္ကိုပင်နှင့် တယ်လီဖုန်းကြိုးတို့၏ "သံယောဇဉ်"ကို မဖြတ်တောက်ရက်သဖြင့် သစ်ပင်တစ်ပင်လုံး ပင်စည်အမြစ်အရင်းအထိ ပိုင်းဖြတ်ရှင်းလင်းခဲ့ပြီး တယ်လီဖုန်းသွပ်ကြိုးအား ငုံတွဲထားသည့် ပင်စည်ကိုင်းကို လေထဲတွင် တန်းလန်းလေးချန်ထားခဲ့သည်ကို ပုံတွင်မြင်တွေ့ရမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် မိုးရာသီမတိုင်ခင် ခုတ်လှဲခဲ့သော ထိုတွဲလောင်းပင်စည်သစ်တုံးသည် ၂၀၁၆ ခုနှစ် ဧပြီ ၇ ရက်အထိ မူလနေရာမပျက် ရှိနေဆဲဖြစ်သည်။ **ကိုကြီးစိုး (ဆိပ်ကမ်း)**



## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၁ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့်တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးတင်လှိုင် | ကချင်ပြည်နယ် |
| (၂) | ဦးအောင်မောင်း | ကယားပြည်နယ် |
| (၃) | ဦးစောလှထွန်း | ကရင်ပြည်နယ် |
| (၄) | ဦးလာလ်တင်မန်း(ခ) ဦးဒေးဗစ်လာလ်တင်မောင် | ချင်းပြည်နယ် |
| (၅) | ဦးစိုးလွင် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဒေါ်သန်းဝင်း | ပဲခူးတိုင်းဒေသကြီး |
| (၇) | ဦးလှသန်း | မကွေးတိုင်းဒေသကြီး |
| (၈) | ဒေါ်ခင်အေးဆွေ | မန္တလေးတိုင်းဒေသကြီး |
| (၉) | ဒေါ်သိန်းသိန်းဦး | မွန်ပြည်နယ် |
| (၁၀) | ဒေါ်ယဉ်လှ | ရခိုင်ပြည်နယ် |
| (၁၁) | ဒေါ်ခင်သန်းလှ | ရန်ကုန်တိုင်းဒေသကြီး |
| (၁၂) | ဒေါ်နန်းဝိုဟိန်း | ရှမ်းပြည်နယ် |
| (၁၃) | ဒေါ်စန်းစန်းခိုင် | ဧရာဝတီတိုင်းဒေသကြီး |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၇

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ပြည်တွင်းရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးငြိမ်းချမ်းအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

မြန်မာနိုင်ငံဆရာဝန်အသင်းက ကြီးမှူး၍ ဆရာဝန်များအတွက် စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးအစီအစဉ်အဖြစ် Special Talk on Heat Disorders နှင့် Eye/Ear Injuries အကြောင်း ဟောပြောပွဲကို ဧပြီ ၉ရက်တွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ Heat Disorder အကြောင်းကို ပါမောက္ခဒေါ်မာမာကြည်နှင့် ဒေါက်တာသန်းထွဋ်တို့က လည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီထိ Eye/Ear Injuries အကြောင်းကို ပါမောက္ခခင်လှလှနှင့် ဒေါက်တာခင်ခင်ဝင်းတို့က လည်းကောင်း ဟောပြောမည်ဖြစ်၍ ဆရာဝန်များတက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မှုခင်းဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဆွေးနွေး

**ကျောက်တန်း ဧပြီ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးနှင့် တံတားမြို့ နယ်မြေခံစခန်းမှူး ရဲအုပ် ထွန်းထွန်းဝေတို့သည် ဧပြီ ၅ ရက် နံနက် ၁၁ နာရီက တံတားမြို့ အမှတ် (၂)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ မဟာသင်္ကြန် ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး၊ ဆေးဆိုင်များတွင် တရားမဝင် ကာမရာဂစိတ်ကိုနိုးကြွစေသောဆေးများ ရောင်းချမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန် အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

### ❐ ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမှ

သံချပ်ယဉ်ကျေးမှု ပြန်လည်ထွက်ပေါ်လာခဲ့သည်။

၂၀၁၆ ခုနှစ်တွင် နှစ်ပေါင်း ၅၄နှစ်ကြာ ပြည်သူများစောင့်စားခဲ့ရသည့် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်လာခဲ့ပြီဖြစ်သလို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ခေတ်အဆက်ဆက်ကလုပ်ခဲ့တဲ့၊ တဖြည်းဖြည်း တိမ်ကောသွားခဲ့တဲ့ သင်္ကြန်သံချပ်ဖျော်ဖြေမှုတွေကို ပြန်ပြီးခွင့်ပြုသွားမယ်။ စွယ်စုံ၊အလှ၊အက၊ ယဉ်ကျေးမှုစွယ်စုံဖျော်ဖြေမှုတွေကို ပြန်လည်ပြီးခွင့်ပြုမယ်။ ဒီလိုခွင့်ပြုတဲ့နေရာမှာလည်းသံချပ်စာသားတွေကို စိစစ်ရေးအဖွဲ့တင်ပြီးမှ ခွင့်ပြုသွားတာမျိုး လုပ်သွားမှာမဟုတ်ဘူး။ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ပြောင်းလဲလာတဲ့ အသိတရားနဲ့ ထိန်းကျောင်းသွားမှာဖြစ်တယ်"ဟု ဧပြီ ၂ ရက်က ရန်ကုန်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့ရာ သံချပ်ဖန်တီးသူ၊ သံချပ်ချစ်သူများအတွက် အားတက်ဖွယ်ရာ စကားတစ်ခွန်းဖြစ်ခဲ့သည်။



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ကြီးမှူးကျင်းပသော (၈)ကြိမ်မြောက် အဏ္ဏဝါမောင်မယ် ဆုပေးမဏ္ဍပ်တွင် မောင်မောင်ဆိုလေ ထီးရိုးရှည်သံချပ်အဖွဲ့ ဖျော်ဖြေစဉ်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ရောက်ရှိနေသည့် ဂီတစာဆို ဂန္ထဝင်မောင်ဝိုင်း၏ သားဖြစ်သူ ဦးမောင်မောင်ကျော်က "အခုဒီမိုကရေစီအစိုးရလက်ထက် မဟာသင်္ကြန်ဟာ ၁၉၆၂ ခုနှစ်ကစလို့ နှစ်ပေါင်း ၅၄ နှစ်ကြာအောင်စောင့်စားခဲ့ပြီးမှ ဒီမိုကရေစီအရပ်သားအစိုးရခေတ်ကို ပြန်ရောက်လာတဲ့ ဒီမိုကရေစီသင်္ကြန်ဆိုတော့ ပျောက်ဆုံးနေတဲ့ လူ့အဖွဲ့အစည်းကို ပြန်တွေ့ရတော့မှာလို့ ခံစားမိပါတယ်" ဟု ပြောသည်။

မောင်မောင်ဆိုလေ ထီးရိုးရှည်အဖွဲ့ကို ဦးဆောင်သူ ကိုဒီဥက္ကာက "ကျွန်တော်ကတော့ ဒီလိုပြောတာသဘောကျတယ်။ တစ်တိုင်းပြည်လုံးရဲ့ အနာဂတ် ကံကြမ္မာကိုသာလျှင် အစိုးရမှာ အဓိကတာဝန်ရှိတာလေ။ မြန်မာနိုင်ငံမှာရှိခဲ့တဲ့၊ အစိုးရမရှိခင်ကတည်းကရှိခဲ့တဲ့ ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ ယဉ်ကျေးမှုအစဉ်အလာတွေကို ကျင်းပဖို့ရာ ဘယ်အစိုးရက ဘာမှသြဇာဝင်ပေးနေစရာမလိုဘူး။ ပေးစရာအကြောင်းလည်းမရှိဘူး"ဟု ပြောသည်။

သံချပ်တို့၏ သဘောသဘာဝအရ နေရာဒေသ ခေတ်ကာလများ မည်သို့ပင်ပြောင်းကြသည်ဖြစ်စေ တိုင်းပြည်အတွင်း၊ လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့နှင့် ဆက်နွှယ်သည့် မလျော်မကန်ဖြစ်နေမှု၊ အမြင်မတော်မှုများကို အပြုသဘောဖြင့် ဝေဖန်ထောက်ပြသည့် နိုင်ငံ့အရေးနှင့် နီးနွှယ်သည့်အတွက် လူထုကြားတွင်ထင်ရှားသည့် သံချပ်အဖွဲ့များသည် ခေတ်အဆက်ဆက်တွင် အာဏာပိုင်များ၏ စောင့်ကြည့်ဖမ်းဆီးထိန်းသိမ်းခံကြရသည်။

"မောင်မောင်ဆိုလေ ထီးရိုးရှည်နာမည်နဲ့ ခွင့်ပြုမိန့်တင်ပြီဆိုရင် ဟိုးတုန်းက ဘယ်မြို့နယ်ကမှလည်း ခွင့်ပြုချက်မပေးဘူး။ ဘယ်မဏ္ဍပ်ကမှ စင်ပေါ်မတင်ရဲဘူး။ အဲလို အစဉ်အလာရှိခဲ့တယ်။ ၁၉၇၈ သင်္ကြန်ပြီးတော့ မိုးတွင်းလောက်မှာ ကျွန်တော့်အဖေကို ဖမ်းဆီးသွားတာ အခုထိ မမေ့နိုင်သေးဘူး" ဟု ရုပ်ရှင်သရုပ်ဆောင် ဦးဗေလုဝ၏တူ၊ ဂီတစာဆိုဂန္ထဝင်မောင်ဝိုင်း၏ သားဖြစ်သူ မောင်မောင်ဒီမိုအောင်ထွန်းက ပြောသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)ခေတ်တွင် သံချပ်များနှင့် ပတ်သက်ပြီး ဖိနှိပ်နေချိန် အစိုးရအာဏာပိုင်များက သင်္ကြန်ဖျော်ဖြေရေး အစီအစဉ်များကိုသာ ပြုလုပ်ခဲ့ပြီး သံချပ်ယဉ်ကျေးမှုကို မသိကျိုးကျွန်ပြုကြသော်လည်း မြန်မာ့တပ်မတော်(ရေ)က သံချပ်များကို အားပေးခဲ့ကြောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်တွင် တပ်မိသားစု မဟာသင်္ကြန်ဆုပေးမဏ္ဍပ်ရှိခဲ့ကြောင်း၊ တပ်မတော်မှတ်တမ်းရုံး မိသားစုကလည်း ဆုပေးမဏ္ဍပ်ပြုလုပ်ခဲ့ကြောင်း၊ မဆလခေတ် မဟာရန်ကုန်သင်္ကြန်တွင် သံချပ်များကို အားပေးခဲ့သည့် တပ်မတော်မိသားစု မဏ္ဍပ်နှစ်ခုအကြောင်း၊ ကိုမောင်မောင်ကျော်၏ အတိတ်အကြောင်း ပြန်ပြောင်းပြောပြချက်အရ သိရသည်။

၁၉၈၈ မတိုင်ခင်ကာလများက ရန်ကုန်မြို့တွင် မြို့နယ်အသီးသီးရှိ ဝါသနာရှင်များစုပေါင်းပြီး ဖွဲ့ထားသည့် သံချပ်အဖွဲ့များရှိခဲ့ပြီး ထင်ရှားသော သံချပ်အဖွဲ့များလည်း အများအပြားပေါ်ထွန်းခဲ့သည်။ တောင်ဥက္ကလာပမြို့နယ်တစ်ခုတည်းမှာပင် အကအလှသဘာဝ သံချပ်အဖွဲ့ပေါင်း ၄၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

သံချပ်အဖွဲ့ပေါင်း အများအပြားရှိခဲ့သည့် ထိုအထဲတွင်မှ 'မောင်မောင်ဆိုလေ ထီးရိုးရှည်'၊ "မကောင်းသူထိပ် ကောင်းသူထိပ်"၊ "မဟာရန်ကုန် ၃၆၅"၊ "အရှူးပါးစပ်"၊ "ပြီးပါပြီ"၊ "ဒိုးဒိုးဒေါက်ဒေါက်"၊ "ကျွန်ုပ်တို့သည်"၊ "ဆူးကြားမှဗူးခါး" စသည့် ငယ်စဉ်ကကြည့်ခဲ့ရသည့် သံချပ်အဖွဲ့များကိုလည်း မမေ့နိုင်သေးကြောင်း သုဝဏ္ဏမြို့နေ အသက် ၅၀ ကျော်အရွယ် ကိုဇော်မင်းက ပြောသည်။

"ငယ်ငယ်က သင်္ကြန်မှာ မနက်ဆို ရေကစား၊ ညဘက်ဆို အလှပြဆုပေးမဏ္ဍပ်တွေမှာ သံချပ်ဖျော်ဖြေပွဲတွေကို သူငယ်ချင်းတွေနဲ့လျှောက်ကြည့်ဖြစ်တယ်။ ဆူးကြားကဗူးခါးတို့၊ ကျွန်ုပ်တို့သည် စတဲ့ သံချပ်အဖွဲ့တွေဆို တကယ်ကြိုက်ခဲ့တာ။ ၁၉၈၈ နောက်ပိုင်းမကြည့်ရတော့ပါဘူး။ ဆုပေးမဏ္ဍပ်တွေမှာ ကိုယ်ကြိုက်တဲ့အသင်းရရင် အလွန်ဝမ်းသာခဲ့ရတာ။ ဒါပေမယ့် သင်္ကြန်ပြီးသွားပြီဆိုတာနဲ့ ဘယ်သံချပ်အဖွဲ့က ခေါင်းဆောင်ကတော့ ခေါ်စစ်ခံရတယ်။ ထိန်းသိမ်းခံရတယ်။ အမျိုးမျိုး တစ်နှစ်တစ်ခါ မရိုးအောင်ကို ကြားနေရတာပါပဲ" ဟု ငယ်ဘဝအတွေ့အကြုံကို ၎င်းကပြန်ပြောင်းပြောပြသည်။

၁၉၄၅ ခုနှစ်မှစပြီး မဟာသင်္ကြန်ဆုပေးမဏ္ဍပ်များရှိခဲ့ပြီး အစောဆုံး မဟာသင်္ကြန်ဆုပေးပွဲမဏ္ဍပ်မှာ ရန်ကုန်မြို့ (၄၆) လမ်းရှိ ဗမာသစ်မဏ္ဍပ်ဖြစ်ကြောင်းနှင့် ထို့နောက်ပိုင်းမှစပြီး ဆုပေးမဏ္ဍပ်များတွင် သံချပ်အသင်းများကို အလှ၊ အက၊ သဘာဝ၊ ဟာသ၊ သံချပ် စသည်ဖြင့် စွယ်စုံဆုနှင့် ကိုက်ညီသည့် အသင်းများအား စွယ်စုံဆုများချီးမြှင့်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာ အချို့အရသိရသည်။

၁၉၇၃ခုနှစ်တွင် ချီးမြှင့်ခဲ့သည့် စွယ်စုံဆုတွင် အများဆုံးဆုငွေ ကျပ် ၂၅၀ ချီးမြှင့်ခဲ့ပြီး ၁၉၇၆-၇၇ နှစ်များတွင် သင်္ကြန်အသင်းများက သူ့ထက်ငါ အပြိုင်အဆိုင် သံချပ်ထိုးခြင်း၊ အလှပြကားအပြင်အဆင် ဖျော်ဖြေတင်ဆက်မှုများ အားလုံးပြောင်းလဲခဲ့ပြီး စွယ်စုံကြေး စံချိန်မီဆုကြေးမှာ ငွေကျပ် ၅၀၀ ချီးမြှင့်ခဲ့ကြောင်း ဆုအမျိုးအစားများမှာ အကြမ်းအားဖြင့် စွယ်စုံသံချပ် ပထမ၊ ဒုတိယ၊ သံချပ်တတိယဆုနှင့် တခြားဆုများအဖြစ် သဘာဝဆု၊ ဟာသဆု စသည်ဖြင့် တီထွင်ချီးမြှင့်လာကြကြောင်း၊ ရန်ကုန်တိုင်းတစ်တိုင်းလုံးတွင် ဂီတစာဆို ဂန္ထဝင်မောင်ဝိုင်းက စွယ်စုံဆု ၃၉ ဆု ရရှိခဲ့ဖူးကြောင်း မောင်မောင်ဆိုလေ ထီးရိုးရှည်အဖွဲ့မှ သိရသည်။

"ကျွန်တော်တို့အသင်းရဲ့ ဒီနှစ်နာမည်က "မောင်မောင်ဆိုလေ ထီးရိုးရှည်ရဲ့ မဟာရန်ကုန် ၃၆၆"ပါ။သံချပ်နဲ့ ပြည်သူတွေကို နှစ်ရှည်လများ ကိုယ်စားပြုပြီး တင်ဆက်လာတဲ့ အဖေ့ရဲ့အမွေကို ဆက်ခံတဲ့အတွက် လက်ရှိအစိုးရရဲ့ အားနည်းချက်တွေကိုတွေ့ရင်လည်း လူထုအပေါ် တိုက်ရိုက် အပြောင်းအလဲဖြစ်စေတဲ့ လိုအပ်ချက်ဖြစ်တဲ့အချက်တွေကို လျာထားဖော်ဆောင်ဖို့ လေးလေးနက်နက်ထောက်ပြသွားမယ်။ ဒါကို ပြင်သင့်တယ်၊ ဆင်ခြင်သင့်တယ်ဆိုတာ သိအောင် ထောက်ပြသွားမယ်။ အားနာမှာ မဟုတ်ဘူး။ ဒါပေမယ့် အဆိုးမြင်နဲ့ စောင့်ကြည့်တာမျိုးတော့မဟုတ်ဘူး။ ဒါဟာ မောင်မောင်ဆိုလေ ထီးရိုးရှည် သံချပ်အဖွဲ့ရဲ့ ခံယူချက်ပဲ"ဟု သံချပ်အဖွဲ့ခေါင်းဆောင် ကိုဒီဥက္ကာက ပြောသည်။

ရန်ကုန်မြို့တွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ခရိုင်လေးခုတွင် ပြိုင်ပွဲဝင်မဏ္ဍပ်လေးခုသာရှိခဲ့ပြီး ပြိုင်ပွဲဝင် သံချပ်အသင်း ၂၀ ခန့်သာရှိခဲ့ရာမှ ယခုနှစ်တွင် ပြိုင်ပွဲဝင် မဏ္ဍပ် ၁၅ ခုခန့်ရှိမည်ဖြစ်ပြီး ပြိုင်ပွဲဝင် သံချပ်အသင်းပေါင်း ၄၀ နီးပါးရှိမည်ဖြစ်ကြောင်း ပြိုင်ပွဲဝင်မည့် သံချပ်အဖွဲ့များထံမှ ခန့်မှန်းသိရသည်။

မဟာသင်္ကြန်ပွဲတော်ဖြစ်သည့် မြန်မာ့ရိုးရာရေသဘင်ပွဲကြီးကား ကျင်းပမည့်ရက်မှာ အလွန်နီးကပ်လာပြီဖြစ်သည်။သင်္ကြန်ပွဲတော်နှင့်အတူ ယခုနှစ်တွင် လွတ်လပ်စွာ ကျင်းပခွင့်ရတော့မည့် ခေတ်အဆက်ဆက် လူထုကိုယ်စားပြုသည့် လူထုနှင့် တစ်သားတည်းရှိသည့် သံချပ်အဖွဲ့များနှင့် သံချပ်ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် ပြည်သူလူထုတို့ ပြန်လည်တွေ့ဆုံခွင့်ရတော့မည့်နှစ်လည်းဖြစ်ရာ ရန်ကုန်မြို့၏ မဟာသင်္ကြန်ညများကား အက၊ အလှ၊ သဘာဝ၊ ဟာသ၊ သံချပ်တို့ဖြင့် သက်ဝင်လှုပ်ရှားလာတော့လေမည်လားဟုသာ။ ။

# လွတ်လပ်ပြီးမျှတသည့် တရားစီရင်ရေးစနစ်ရှိမှသာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးပြောကြား



**ရန်ကုန် မေ ၇**
ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတီဗင်ဒီရွန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

ကနေဒါ နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်။ လွတ်လပ်ပြီး မျှတသည့် တရားစီရင်ရေးစနစ်ရှိမှသာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တရားစီရင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ကနေဒါအစိုးရမှ အကူအညီပေးသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

၎င်း၏ သတင်းစာရှင်းလင်းပွဲတွင် "ကနေဒါလူထုရဲ့ ကိုယ်စား အခုလိုလာရောက်တဲ့အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံရဲ့ အင်မတန်သတ္တိရှိလှတဲ့ပြည်သူလူထုကို အပြည့်အဝထောက်ခံကြောင်းပြသချင်တဲ့အတွက် လာရောက်ခြင်းဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးလမ်းစဉ်ကို ခိုင်ခိုင်မာမာရွေးချယ်လျှောက်လှမ်းခဲ့ပါတယ်။ ကနေဒါက မြန်မာ့ဒီမိုကရေစီစနစ်ကိုထောက်ခံမယ်။ ပံ့ပိုးမယ်ဆိုတာ စကားနဲ့တင်မကဘဲ အလုပ်နဲ့ပါ သက်သေပြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံကို ကနေဒါ ဒေါ်လာ ၄၄ သန်း ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ကမ္ဘာအနှံ့မှာရှိနေတဲ့ ဖက်ဒရယ်စနစ် သာဓကတွေကို မြန်မာ့ဖက်ဒရယ်တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေဖို့ကူညီမယ်။ သတင်းအချက်အလက်တွေရရှိပြီး အစိုးရအနေနဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ ကူညီသွားမှာဖြစ်ပါတယ်။ တတိယစီမံကိန်းက အမျိုးသမီးတွေအတွက် စိုက်ပျိုးရေးနဲ့ အသေးစား၊ အလတ်စားကဏ္ဍတွေမှာ ကူညီမယ်။ ပေါ်ပေါက်နေတဲ့ နည်းပညာအသစ်တွေ အမျိုးသမီးတွေ လက်လှမ်းမီစေဖို့ ကူညီမယ်။ အမျိုးသမီးတွေရဲ့ ကျား၊ မ တန်းတူညီမျှမှုကိုပံ့ပိုးကူညီမယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကနေဒါ နိုင်ငံခြားရေးဝန်ကြီးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည့်အလျောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အလေးအနက်ထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြသည်။ အကူအညီပေးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုဆွေးနွေးခဲ့ကြသည်။ စီမံကိန်းများအား မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးမှဦးဆောင်ကာ အကောင်အထည်ဖော်ဆောင်သွားမည် ဟုသိရသည်။

ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးအပ်မည့် ပညာသင်ဆုများအတွက် ၎င်း၏ ခရီးစဉ်အပြီး ကနေဒါနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် အသေးစိတ် ညှိနှိုင်းမှုများပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာကျောင်းသားများအား ကနေဒါနိုင်ငံရှိ ကမ္ဘာ့အဆင့်မီတက္ကသိုလ်များတွင် ပညာသင်ဆုများပေးအပ်သွားနိုင်ရန် စီမံဆောင်ရွက်သွားမည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ကတိပြုပြောကြားခဲ့သည်။

**(သတင်း-မြတ်သန္တာမောင်၊ မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ-ရဲထွန်း)**

# မျိုးဆက်သစ်များမွေးထုတ်ရန်နှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိရန် ရက်ကန်းပညာများသင်ကြားပေးလျက်ရှိသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း

**မိတ္ထီလာ မေ ၇**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ကန်တော်မင်္ဂလာခန်းမအနီး ကန်သာယာရပ်ကွက်၌ တည်ရှိသည့်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ မြန်မာ့ရိုးရာရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းပညာကို ထိန်းသိမ်းရန်၊ ရက်ကန်းပညာကျွမ်းကျင်သည့် မျိုးဆက်သစ်များမွေးထုတ်ရန်၊ ခေတ်မီရက်ကန်းနည်းပညာများကို တိုးတက်ပြန့်ပွားရန်၊ မြန်မာ့လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်နိုင်ရန်နှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ လူငယ်များအား လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးနေသည့် မိတ္ထီလာမြို့မှ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းဖြစ်သည်။

အဆိုပါ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ မိတ္ထီလာမြို့နယ်နှင့် ထိစပ်လျက်ရှိသည့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ပန်းတောင်း မြို့နယ်များအတွင်းရှိ လူငယ်များလာရောက်ပြီး လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို လာရောက်သင်ကြားလျက်ရှိရာ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ၂၀၀၀-၂၀၀၁ခုနှစ် ပညာသင်နှစ်မှ ယနေ့အထိ (စက်ရက်ကန်း) ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူသင်တန်းကာလတစ်နှစ်၊ လက်ရက်ကန်းကို သင်တန်းကာလခြောက်လနှင့် စက်ရက်ကန်း စက်မောင်း၊ စက်ပြင် သင်တန်းကာလနှစ်လ သတ်မှတ်ကာ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိသည်။ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူသင်တန်းကို သင်တန်းသား ၂၀ သတ်မှတ်၍ လက်ခံသင်ကြားပေးလျက် ရှိသည်။ ထိုသို့ လက်ခံသင်ကြားပေးရာတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ပြီး အသက် (၁၇) နှစ်မှ (၂၅) နှစ်အတွင်းရှိ အပျို၊ လူပျိုဖြစ်ရမည်။ ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး အလယ်တန်းအဆင့် ရှစ်တန်းအောင်ရမည်ဖြစ်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံမှုရှိ၍ စိတ်ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်ဖြစ်သည်။ ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် မေလကုန်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းသို့ မိတ္ထီလာမြို့မှ ၁၃ ဦး၊ သာစည်မြို့နယ်မှ သုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ သုံးဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်မှ နှစ်ဦး တက်ရောက်ပြီး သင်တန်းတက်ရောက်ရသည့်သူများအား နေစရာအဆောင်ပေးပြီး ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးလျက်ရှိရာ သင်တန်းတက်ရောက်သူများမှာ အဆင်ပြေလျက်ရှိသည်။ ၎င်းသင်တန်း၌ လက်ချည်မျှင်ဆွဲနှင့် ရက်ကန်း၊ စက်ရက်ကန်း သဘောတရား၊ စက်ချည်မျှင်ဆွဲ၊ အဖြူချွတ်ဆေးဆိုး၊ အထည်ခွဲစိတ်လေ့လာခြင်း (အထည်သချာ်)၊ အထည်ဒီဇိုင်း၊ အမျှင်ကုန်ကြမ်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်ဘာသာရပ်များကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ အထိ ဦးသာဝ (နည်းပြအရာရှိ) ဒေါ်နွယ်နီလှိုင်း (အကြီးတန်းနည်းပြ)၊ ဒေါ်ခင်မေဆန်း(နည်းပြ)၊ ဒေါ်ချိုချိုစန်း (လ/ထနည်းပြ)များက စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။



ထို့အပြင် လက်ရက်ကန်းပညာကို သင်တန်းကာလခြောက်လ သတ်မှတ်ပြီး သင်တန်းတက်ရောက်သူများမှာ အနည်းဆုံး ပညာအရည်အချင်း လေးတန်း အောင်ရမည်ဖြစ်ပြီး လူလွတ်ဖြစ်ရမည်။ သင်တန်းသား ၁၀ ဦးသတ်မှတ်၍ တစ်နှစ်ကို နှစ်ကြိမ်ဖွင့်လှစ် သင်ကြားပေးပြီး ထောက်ပံ့ကြေးနှင့် နေစရာအဆောင်များပေးထားလျက်ရှိသည်။ ၎င်းသင်တန်းတွင်လည်း လက်ရက်ကန်း၊ အထည်ဒီဇိုင်း၊ အဖြူချွတ်ဆေး၊ အထည်ခွဲစိတ်လေ့လာခြင်း၊ လက်ချည်မျှင်ဆွဲ၊ ရိုးရာဂျပ်ခုတ်နှင့် စက်ရက်ကန်း အခြေခံသဘောတရားများကို စာတွေ့လက်တွေ့သင်ကြားပေးပြီး စက်ရက်ကန်း စက်မောင်း၊ စက်ပြင် သင်တန်း၌လည်း သင်တန်းသား ၂၀ ဖြင့် နှစ်လသင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများ တက်ရောက်ပြီးပါက တပ်မတော်ချည်မျှင်နှင့် အထည်လိပ်စက်ရုံနှင့် စက်မှုဇုန်၊ ဝမ်းတွင်းစသည့် ဒေသများရှိ စက်ရက်ကန်းစင်များ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရေး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် လူငယ်များ အလုပ်အကိုင်များရရှိ၍ ပုံမှန်ဝင်ငွေများ ရရှိလျက်ရှိသည်။ ထို့ကြောင့် မိတ္ထီလာမြို့၌ တည်ရှိလျက်ရှိသော ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ မြန်မာ့ရိုးရာရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းပညာကို ထိန်းသိမ်းရန်၊ ရက်ကန်းပညာကျွမ်းကျင်သည့် မျိုးဆက်သစ်များ မွေးထုတ်ရန်၊ ခေတ်မီရက်ကန်း နည်းပညာများကို တိုးတက်ပြန့်ပွားရန်၊ မြန်မာ့လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်နိုင်ရန်နှင့်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ လူငယ်များအား လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများအပြင် စက်ရက်ကန်း စက်ပြင်၊ စက်မောင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုက်ပါသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

■

## နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

**ရန်ကုန် မေ ၇**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ၂၀၁၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူနှင့် မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်တို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

သင်တန်းကာလမှာ မတ် ၁ ရက်မှ မတ် ၃၁ ရက်ထိ ရက်သတ္တ လေးပတ်ဖြစ်ပြီး အားကစားနည်း လေးမျိုးဖြစ်သော ဘောလုံး၊ မြန်မာ့သိုင်း၊ ရိုးရာခြင်းလုံး၊ အေရိုးဗစ် သင်တန်းများဖွင့်လှစ်ခဲ့ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆုလှိုင်(ပြန်/ဆက်)**

# စီးပွားရှာသင်္ကြန်၊ သရုပ်ပျက်သင်္ကြန်မှ ရိုးရာယဉ်ကျေးမှုသင်္ကြန်သို့

**ခင်နှင်းဦး**

မြန်မာတို့၏ နှစ်ကူးသင်္ကြန်ရက်ရောက်ရန် ရက်ပိုင်းမျှသာ လိုတော့သည်။ မြန်မာ သက္ကရာဇ် ၁၃၇၇ ခုနှစ် ကုန်လုကုန်ခင်တွင် ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သော ဒီ-ချုပ်အစိုးရသစ်၏ အုပ်ချုပ်မှု ယန္တရား ဧပြီ ၁ ရက်နေ့တွင် စတင်အသက်ဝင်သည်။ ထိုနေ့၌ပင် ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ်သစ်က ငွေပေးပြီး ရေကစားရသည့် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များကို ယခုနှစ်တွင် ဆောက်လုပ်ခွင့်မပြုဟု ထုတ်ပြန်ကြေညာသည်။

အစိုးရဟောင်းက ချည်ပြီးတုတ်ပြီး ယခုနှစ် သင်္ကြန်အတွက် သူတို့ခွင့်ပြုထားသည့် ရေကစားမဏ္ဍပ်စာရင်းကို အစိုးရသစ်ထံ ပေးအပ်ခဲ့သည်။ သို့သော် အစိုးရသစ်က ပြန်လည်စိစစ် တားမြစ်လိုက်ခြင်းဖြစ်သည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မြန်မာ့ရိုးရာသင်္ကြန်ကို ဘာမျှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်ခဲ့ရသူများက စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မရခြင်းကို အလွန်သဘောကျကြသည်။

သင်္ကြန်ချိန်တွင် သားပျို၊ သမီးပျိုလေးများအတွက် ရတက်မအေးနိုင်သော မိဘများကသဘောကျကြသည်။ တစ်ဖက်တွင်လည်း ဆောက်လက်စမဏ္ဍပ်များအတွက် ငွေကြေးစိုက်ထုတ်ထားသူများ၊ အရက်၊ မူးယစ်ဆေး ရောင်းနေကြသူများ၊ အလုံခန်းငှားပေးသူများ အလွန်စိတ်ညစ်သွားကြသည်။

လူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်တွင်လည်း ထောက်ခံသူ၊ ကန့်ကွက်သူတို့၏ ရေးသားချက်များတက်လာသည်။ ဝန်ကြီးချုပ်သစ် ဦးဖြိုးမင်းသိန်း ပြောစကားများလည်း တက်လာသည်။ သင်္ကြန်ဖြင့်စီးပွားရှာသူတို့ဘက်ကလည်း လွယ်လွယ်နှင့် လက်မလျှော့။ ဝန်ကြီးချုပ်ထံ အထုပ်ပိုက်လာရောက်ချဉ်းကပ်ကြကြောင်း ဦးဖြိုးမင်းသိန်းကိုယ်တိုင်ထုတ်ဖော်ပြောလာသည်။ ဝန်ကြီးချုပ်သစ်ကို စင်ပေါ်တက် သီဆိုမည့် အဆိုတော်များကို အကြောင်းပြကာ ထပ်မံချဉ်းကပ်ကြပုံပေါ်သည်။

ဝန်ကြီးချုပ်သစ်ထံမှ ပွဲပျက်သွားသည့် အဆိုတော်များအတွက် စိတ်မကောင်းကြောင်း ထုတ်ပြောသံထွက်လာပြန်သည်။ သင်္ကြန်တွင် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ ရှေးမြန်မာတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ကင်းကွာလာသည်။ မြန်မာတို့ တစ်နှစ်လုံး မကျေနပ်သမျှ အမြင်မတော်သမျှတို့ကို သင်္ကြန်ရောက်လျှင် သံချပ်တိုင်ကြသည်။ သင်္ကြန်ရောက်လျှင် သံချပ်ထိုးရင်း၊ ရေအေးလောင်းပက် ကစားကြရင်း စိတ်အဖုအထုံးများကို ဖြေလျှော့ကြသည်။ ဦးနေဝင်းလက်ထက်တွင် တဖြည်းဖြည်း သံချပ်ထိုးခွင့်ကို ပုံစံမျိုးစုံဖြင့် တားဆီးခံရသောကြောင့် သံချပ်ထိုးသည့်ဓလေ့လည်း ပျောက်ကွယ်ခဲ့သည်။ ယခင်ကကဲ့သို့ သင်္ကြန်

> **လူငယ်လူရွယ်တို့သည် သင်္ကြန်ကို ပါဝင်ဆင်နွှဲလိုကြမည်က ဓမ္မတာဖြစ်။ စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များကို ဆောက်ခွင့်မပေးရုံဖြင့် မြန်မာ့ယဉ်ကျေးမှုအနှစ်သာရဆောင်သော ရိုးရာသင်္ကြန်ကို ပုံဖော်နိုင်မည်မဟုတ်။**

စီးပွားရှာမဏ္ဍပ်များကို ခွင့်မပြုခြင်းအပေါ် ဝန်ကြီးချုပ်သစ်က အယ်နီညိုရာသီဥတုနှင့် ရေရှားပါးမှုကို အဓိက အကြောင်းပြသည်။ ရိုးရာယဉ်ကျေးမှု ပျက်သုဉ်းမှုကို ပြန်လည်ထိန်းသိမ်းရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသည်။ သို့သော် သင်္ကြန်ကို အကြောင်းပြလျက် သင်္ကြန်နောက်ကွယ်မှ အရက်ဘီယာကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ လိင်ကိစ္စများကို ဖယ်ရှားရှင်းလင်းရန်အားထုတ်ကြောင်းမပြောကြားပေ။

မြို့ကြီး ပြကြီးများပေါ်မှ မြန်မာ့ရိုးရာသင်္ကြန်ပွဲသရုပ်ပျက်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ။ အထူးသဖြင့် ရန်ကုန်သင်္ကြန်သည် အလှပြယာဉ်များ၊ ကခုန်သီဆိုမှုများဖြင့် ညပိုင်းလှည့်လည်သည့် သင်္ကြန်အလှပြယာဉ်များလည်း ရပ်ဆိုင်းခဲ့သည်။

ရေပက်ခကို နေ့တွက်ဖြင့် ငွေပေးရေပက်ရသည့်မဏ္ဍပ်များ အလျှိုလျှိုပေါ်လာသည်။ ကြီးမားလှသော အဆိုပါသင်္ကြန်မဏ္ဍပ်များတွင် မျိုးစုံရသည်။ ဘီယာ၊ အရက်ရောထားသည့် အချိုရည်ဘူး၊ စိတ်ကြွဆေး၊ မူးယစ်ဆေး၊ ကာမစိတ်ကို နှိုးဆွသောဆေးများ အလျှံပယ်ရသည်။ မူးယစ်လာသော ယောကျ်ားပျို၊ မိန်းမပျိုလေးများအတွက် အလုံပိတ်နှစ်ယောက်နားနေခန်းများကိုပါ အဆိုပါမဏ္ဍပ်များက စီစဉ်ပေးထားသည်။

ထိုမဏ္ဍပ်များဆောက်လုပ်ခွင့် ပါမစ်ရရန် သက်ဆိုင်ရာကို ငွေပေးရသည်။ ပေးရသည့်ငွေကလည်း တစ်နှစ်ထက် တစ်နှစ်များပြားလာသည်။ မည်မျှများပြားလာစေကာမူ တစ်ဖက်တွင် ရင်းနှီးထားရသည်ထက် အဆများစွာမြတ်သောကြောင့် ပါမစ်ရရေးလမ်းကြောင်းရှာကြရသည်။ သင်္ကြန်တစ်ပွဲပြီးတိုင်း ပေါ်ထွက်လာသော ယောကျ်ားပျို၊ မိန်းမပျိုလေးများ လူမြင်ကွင်း၌ပင် မြင်မကောင်း ရှုမကောင်းသည့် ပုံများထွက်လာတော့သည်။

ထိုပုံများကိုကြည့်ပါက မူမှန်စိတ်မဟုတ်တော့ဘဲ အရက်သေစာနှင့် မူးယစ်ဆေးတန်ခိုးကြောင့် အရှက်နှင့်အကြောက် ပျောက်၍ပြုမူသည့် အပြုအမူများဖြစ်ကြောင်းနားလည်နိုင်ပါသည်။ ယခုနှစ်ပေါက်စျေးက လေးရက်ရေပက်ခွင့်အတွက် ခြောက်သိန်းဆို၏။ သည်မျှငွေကြေးကို သာမန်မိသားစုများမှ သားပျို၊ သမီးပျိုများ မတတ်နိုင်ကြပါ။ ငွေမတတ်နိုင်သဖြင့် တခြားနည်းဖြင့် ရင်းနှီးကာ ရေပက်မည့် ယောကျ်ားလေး၊ မိန်းကလေးများလည်းရှိကြပါသည်။

သင်္ကြန် သုံးရက် (သို့မဟုတ်) လေးရက်အတွင်း ဘဝပျက်ရသည့် မိန်းကလေး အဘယ်မျှရှိသနည်း။ အရှက်အကြောက်ကင်းစွာ ပြုမူနေကြသော သားသမီးပုံများ ဖေ့စ်ဘွတ်ပေါ်တက်လာမှ ရင်ကွဲ ပက်လက်ဖြစ်ရသည့် မိဘ အဘယ်မျှများမည်နည်း။

လူငယ်လူရွယ်တို့သည် သင်္ကြန်ကို ပါဝင်ဆင်နွှဲလိုကြမည်က ဓမ္မတာဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များကို ဆောက်ခွင့်မပေးရုံဖြင့် မြန်မာ့ယဉ်ကျေးမှုအနှစ်သာရဆောင်သော ရိုးရာသင်္ကြန်ကို ပုံဖော်နိုင်မည်မဟုတ်ပေ။ ရန်ကုန်တစ်ခွင်၌ ပြည်သူအများ ရေကစားနိုင်သည့်နေရာများစွာရှိပါသည်။ ပြည်သူ့ရင်ပြင်၊ ပန်းခြံရှိသောနေရာများ၊ အရိပ်ကောင်းပြီး အများသူငါသွားလာရန် လွယ်ကူသော နေရာများတွင် မြို့တော်ခန်းမရှေ့၌ ဗဟိုမဏ္ဍပ်ဆောက်ပေးသကဲ့သို့ ပြည်သူ့ရေကစားမဏ္ဍပ်များ ဆောက်လုပ်ပေးရန်လိုအပ်ပါသည်။

ထိုမဏ္ဍပ်များတွင် မည်သူမဆို အခမဲ့ ရေကစားခွင့်ရှိရပါမည်။ ထိုနေရာများသည် အရက်၊ ဘီယာနှင့် မူးယစ်ဆေး၊ စိတ်ကြွဆေး ကင်းစင်နယ်မြေ ဖြစ်ရပါမည်။ ရေကစားချိန်ကို အယ်နီညိုရာသီဥတုကြောင့် နံနက် ၆ နာရီမှ ၁၀ နာရီ၊ ညနေ ၄ နာရီမှ ၆ နာရီထိကန့်သတ်ပေးပါက တစ်နေကုန် ရေကစားစဉ်ကထက်ပင် ရေကုန်ကျမှုနည်းမည် ဖြစ်ပါသည်။

အလှပြယာဉ်များ၊ သံချပ်ယာဉ်များကိုလည်း လွတ်လပ်စွာ ခွင့်ပြုထားပါက ရေမကစားဘဲ အဆို၊ အက နှင့် သံချပ်ပရိသတ်ကလည်း တစ်ဘာသာ ကွဲထွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ စီးပွားရှာမဏ္ဍပ်များကို လက်တွေ့တွန်းလှန်နိုင်မည်ဖြစ်ပြီး ရိုးရာယဉ်ကျေးမှု သင်္ကြန်အငွေ့အသက်များ ပြန်လည်ရှင်သန်လာမည်ဖြစ်ပါသည်။

## သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရေး ဟောပြော

**နေပြည်တော် ဧပြီ ၇**

၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်လျော့နည်းစေရေး အထူးဟောပြောပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့(နေပြည်တော်) အမှတ် (၄) တပ်ဖွဲ့စု ဒက္ခိဏသီရိမြို့နယ် တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းသူက သင်္ကြန်အကြိုကာလနှင့်သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အဓိကကျသည့် မော်တော်ဆိုင်ကယ်အိတ်ဇောများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရန်၊ သုံးယောက်စီး၍ ရေကစားထွက်ခြင်း၊ လည်ပတ်ခြင်းများ မပြုလုပ်ရန်၊ မူးယစ်သေစာသောက်စားပြီး ဆိုင်ကယ်မောင်းနှင်ခြင်းမပြုရန်၊ အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား မိမိရပ်/ကျေး အုပ်စုများတွင် အသံချဲ့စက်ဖြင့် လှုံ့ဆော်အသိပညာပေးရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လက်ကမ်းစာစောင်များကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ဒေါက်တာရဲလွင်

## လာမယ့်နှစ်နှစ်အတွင်းမှာ မန္တလေးကို ပုံပြောင်းသွားတဲ့အထိ တိုးတက်လာအောင် ကြိုးစားသွားမယ်

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**အစိုးရသစ်လက်ထက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစိုးရအဖွဲ့ဝန်ကြီးများကို ဧပြီ ၅ ရက်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ဝန်ကြီးဌာန ခုနစ်ခုဖြင့် ဖွဲ့စည်းခဲ့ပြီဖြစ်သည်။ အဆိုပါဝန်ကြီးဌာနများအနက်မှ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဒေါက်တာရဲလွင်အား တာဝန်ပေးအပ်ခဲ့ရာ ၎င်းဝန်ကြီးသည် မန္တလေးမြို့တော်ဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။ ပြင်ပပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာရဲလွင်ကိုမြို့တော်ဝန်အဖြစ် ရွေးချယ်တာဝန်ပေးခံရခြင်းအပေါ် ဖေ့စ်ဘွတ်စာမျက်နှာများတွင် ဝေဖန်မှုများရှိခဲ့သည်။ ထို့ကြောင့် မြို့တော်ဝန်နှင့် တွေ့ဆုံ၍မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများနှင့် ပတ်သက်ပြီးမေးမြန်းခဲ့ရာ -**

"၂၀၁၂ ခု ကြားဖြတ်ရွေးကောက်ပွဲကာလမှာကတည်း က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီးခေါင်းဆောင်တဲ့ ရထားစက်ခေါင်းကြီးမှာ တွဲတစ်ခုအနေနဲ့ လိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ။ ပြောရရင် အားလုံးကိုစွန့်လွှတ်ခဲ့ပါတယ်။

ဖေ့စ်ဘွတ်က ဝေဖန်မှုတွေအပေါ် ဘယ်လိုမှ သဘောမထားပါဘူး။ ဘယ်သူမဆို ကိုယ့်ကိုချစ်တဲ့သူရှိသလို မုန်းတဲ့သူလည်းရှိမယ်။ ကျွန်တော်တို့နယ်ပယ်ထဲမှာတောင် အောင်မြင်မှုအတွက် မနာလိုတဲ့သူရှိတယ်။ ကျွန်တော်က ကျောင်းဆရာတစ်ယောက်လည်းဖြစ်တယ်။ အဲဒီအတွက် ဖေ့စ်ဘွတ်လူမှုကွန်ရက်တွေမှာတက်လာတဲ့ ကွန်းမန့်တွေအပေါ်မှာ ဒေါသမဖြစ်ပါဘူး။ စိတ်လည်း မညစ်ဘူး။တချို့ ကွန်းမန့်တွေက ကျွန်တော့်ကိုဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်ဆိုတာ ဂိုက်လိုင်းပေးသွားတာတွေ ရှိတယ်။ ကျေးဇူးလည်းတင်ပါတယ်။ တချို့ကျတော့လည်း အကောင့်တွေဝင်ကြည့်လိုက်တော့ မနေ့တစ်နေ့ကမှ လုပ်ထားတာမျိုးတွေရှိတယ်။ စည်ပင်သာယာက ဝန်ထမ်းတွေကို ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ပြုပြင်သွားဖို့လုပ်သွားမယ်။ အထူးသဖြင့် အပြင်မှာထွက်နေတဲ့သတင်းတွေ အများကြီးပါ။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့ လေ့လာပါမယ်။ နိုင်ငံရပ်ခြားကိုရောက်တိုင်း သူတို့ဆီက စီးတီးပလန်ကိုကြည့်တယ်။ လေ့လာခဲ့တယ်။ ဆိုင်ကယ်ရပ်ဖို့ဆိုရင်လည်း စနစ်တကျလုပ်ထားတာတွေ၊ ကားလမ်းဆိုရင်လည်း တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်ပေါ့။ ခုံးကျော်တံတားတင်မဟုတ်ဘူး။ သူတို့ဆီမှာ ချောက်တွေ့ရင် တံတားဆောက်သွားတယ်။

စည်ပင်သာယာရေးကော်မတီက တိုင်းပြည်ပြောင်းလဲချိန်မှာ စည်ပင်နယ်နိမိတ်သာမကဘဲ အားလုံးနဲ့ ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးကို စီးတီးပလန်တွေရေးဆွဲ စီစဉ်မှာပါ။ ပထမဆုံးလုပ်မှာကတော့ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး၊သန့်ရှင်းသာယာလှပရေးလုပ်ငန်းတွေအပြင် ရေဆိုးတွေ၊ ရေမြောင်းမကောင်းတာတွေကအစ လုပ်သွားမယ်။လမ်းတွေကတော့ ကောင်းနေတာကိုတွေ့ရတယ်။ နောက်တစ်ခုက အများသူငါ သုံးနိုင်တဲ့ သန့်ရှင်းတဲ့ ရေအိမ်တွေလိုနေတယ်။ အဲဒီလိုနေရာတွေလုပ်ဖို့ ကျွန်တော့်ခေါင်းထဲမှာ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ စိတ်ကူးရှိပါတယ်။ ဒါတွေက အခြေခံတွေပါ။ လာမယ့်နှစ်နှစ်အတွင်းမှာ မန္တလေးကိုပုံပြောင်းသွားတဲ့အထိ တိုးတက်လာအောင် နိုင်ငံတကာက နည်းပညာအကူအညီတွေနဲ့ ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ကူညီခဲ့တယ်။ ၂၀၁၅ရွေးကောက်ပွဲမှာ ကျွန်တော့်မြို့နယ်က ကျွန်တော့်ကိုကိုယ်စားလှယ်ရွေးချယ်ခံဖို့ လေးကြိမ်ကမ်းလှမ်းမှုတွေရှိပါတယ်။လုပ်ပေးနိုင်တဲ့ အနေအထားမရှိခဲ့လို့ မပြိုင်နိုင်ခဲ့ဘူး။ ပါတီရဲ့ အပြင်ကနေ ကူညီဆောင်ရွက်ခဲ့တယ်ဆိုတာက ဖေ့စ်ဘွတ်ခ်ကနေ အဓိကလုပ်ပေးတယ်။ သတင်းပဲတင်ပေးတာများပါတယ်။

ရွေးကောက်ပွဲအလွန်မှာ ကျွန်တော့်ကို ဝန်ကြီးတစ်နေရာပေးဖို့ ကမ်းလှမ်းမှုတွေရှိခဲ့ပါတယ်။ သုံးကြိမ်ကမ်းလှမ်းရာမှာ နောက်ဆုံးအကြိမ်က နိုင်ငံခြားရောက်နေတယ်။ ပြန်လာတော့ မိသားစုနဲ့တိုင်ပင်ပြီး မဖြစ်မနေလုပ်ပေးရမယ့် အနေအထားရှိသွားပါပြီ။ ကျွန်တော်က ဆရာဝန်အလုပ်စလုပ်ကတည်းက မျက်စိအထူးကုဆရာဝန်ဘဝကို ရင်ခုန်တယ်။ မျက်စိကုသမှုနဲ့ပတ်သက်ပြီး အချိန်အများကြီးပေးပြီး ကြိုးစားခဲ့သလို ဒါကိုစွန့်လွှတ်ဖို့ ခဲယဉ်းတယ်။ ကျွန်တော်အဓိကထားတာက ဆေးပညာရပ်ပါ။ မိသားစုအပေါ် ပေးဆပ်ခဲ့တာက နှစ်ပေါင်း ၃၀ ကျော်ရှိလာပြီဖြစ်လို့ နိုင်ငံတော်အတွက် ပေးဆပ်ဖို့ရှိလာပြီ။



# ပင်လယ်ရပ်ခြား၌ ကုမ္ပဏီပိုင်ဆိုင်မှုဖြင့် အိုက်စလန်ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ရပြီ

**ရေကျာဗစ် မေ ၇**

ပနားမားနိုင်ငံရှိ ဥပဒေအကျိုးဆောင်ကုမ္ပဏီတစ်ခုမှ စာလွှာစာတမ်းများပေါက်ကြားမှု ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်ရပ်ခြား ကုမ္ပဏီတစ်ခုနှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲခံရသူ အိုက်စလန်ဝန်ကြီးချုပ် ဆီမန်ဒါဒေးဗစ် ဂန်လပ်ဆန်(**အပေါ်ပုံ**)သည် ရာထူးမှ နုတ်ထွက်ပေးလိုက်ပြီဖြစ်ကြောင်း၊ အိုက်စလန်နိုင်ငံ၏ အာဏာရညွန့်ပေါင်းအဖွဲ့သည် ဝန်ကြီးချုပ်သစ်အဖြစ် ဆီဂါဒါအင်ဂီဂျိုဟန်ဆန်အား အမည်စာရင်းတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပနားမားနိုင်ငံ အခြေစိုက် ဥပဒေ အကျိုးဆောင်ကုမ္ပဏီဖြစ်သော မော့ဆက်ဖွန်ဆီကာ ကုမ္ပဏီမှ လျှို့ဝှက်စာလွှာစာတမ်းများ ပေါက်ကြားခဲ့ရာတွင် အိုက်စလန်ဝန်ကြီးချုပ် ဂန်လပ်ဆန်သည် ၎င်း၏ဇနီးသည်နှင့်အတူ ပင်လယ်ရပ်ခြား၌ ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်သည်ဟု သတင်းများ ပေါ်ထွက်လာခဲ့သည်။

ဂန်လပ်ဆန်သည် ပါလီမန်အမတ်ဖြစ်လာချိန်တွင် ၎င်း၏ နေဥစ္စာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အပြည့်အဝ ကြေညာခဲ့ခြင်းမရှိဟုဆိုကာ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ဂန်လပ်ဆန်သည် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိ မိသားစုပိုင် နေဥစ္စာများနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ကြေညာခဲ့ခြင်းမရှိဟု စွပ်စွဲခံရသည်။

အိုက်စလန်ဝန်ကြီးချုပ်သစ်ကို ညွန့်ပေါင်းအစိုးရအဖွဲ့ကခန့်အပ်ခဲ့ပြီး ဆောင်းဦးပေါက်ရာသီတွင် ရွေးကောက်ပွဲကို ကျင်းပပေးမည်ဟုကတိပြုခဲ့ကြောင်း၊ အမည်စာရင်းတင်သွင်းခံရသူ ဂျိုဟန်ဆန်သည် အသက် ၅၃ နှစ်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဝန်ကြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# ဟယ်ရီပေါ်တာ ကုလားထိုင် ဒေါ်လာလေးသိန်းနီးပါးဖြင့် လေလံတင်ရောင်းချ

**နယူးယောက် မေ ၇**

ကမ္ဘာ့အရောင်းရဆုံးစာရင်းဝင် ဟယ်ရီပေါ်တာစာအုပ်များရေးသားခဲ့သည့် စာရေးဆရာမအသုံးပြုခဲ့သော သစ်သားကုလားထိုင်တစ်လုံးကို လေလံတင်ရောင်းချပွဲတစ်ခုတွင် ဒေါ်လာလေးသိန်းနီးပါးဖြင့် ရောင်းချခဲ့ရသည်။

အဆိုပါကုလားထိုင်ကို အမည်မဖော်သည့် ဝယ်ယူသူတစ်ဦးက ဒေါ်လာ ၃၉၄၀၀၀ ဖြင့် မေ ၇ ရက်တွင် နယူးယောက်မြို့၌ ဝယ်ယူသွားခဲ့သည်။ ဟယ်ရီပေါ်တာစာအုပ်များရေးသားခဲ့သည့် နာမည်ကျော်စာရေးဆရာမ ဂျေကေရိုးလင်းသည် ပထမဆုံးသော ဟယ်ရီပေါ်တာ ဝတ္ထုစာအုပ်နှစ်အုပ်ကို အဆိုပါဝက်သစ်ချသား ကုလားထိုင်ပေါ်တွင် ထိုင်၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ဂျေကေရိုးလင်းက အဆိုပါကုလားထိုင်ပေါ်တွင် စာပန်းချီခြယ်မှုန်း၍ လက်မှတ်ရေးထိုးခဲ့သည်။ " ဟယ်ရီပေါ်တာစာအုပ်တွေကို ကျွန်မ ဒီကုလားထိုင်ပေါ်မှာထိုင်ပြီး ရေးခဲ့တာပါ။ ကျွန်မရဲ့ယုံကြည်မှုတွေကို ရှင်တို့ ရှာတွေ့နိုင်မှာ မဟုတ်သလို ရှင်တို့မြင်ရတဲ့အတိုင်းလည်း အကဲဖြတ်ဝေဖန်မှုမပြုလုပ်ပါနဲ့" ဟု ဂျေကေရိုးလင်းက ရေးသားခဲ့သည်။

ဟယ်ရီပေါ်တာစာအုပ်တွဲများ၏ ရှစ်အုပ်မြောက်စာအုပ်ကို ဇူလိုင်လတွင်ထုတ်ဝေရန် စီစဉ်ထားသည်။ အွန်လိုင်းစာအုပ်စတိုးဆိုင်များတွင် ဟယ်ရီပေါ်တာစာအုပ်များနှစ်သက်သည့် ကမ္ဘာတစ်ဝန်းမှပရိသတ်များ၏ ကြိုတင်မှာယူမှုများ တစ်ခဲနက်ရရှိထားပြီးဖြစ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**





# အာဖရိကတိုက်မှ တင်ပို့လိုက်သော ဆင်စွယ် ၃၀၀ ကီလိုဂရမ်ကျော် ထိုင်းအာဏာပိုင်များ ဖမ်းဆီးမိ

**ဘန်ကောက် မေ ၇**

မိုဇမ်ဘစ်နိုင်ငံမှ လေကြောင်းဖြင့်တင်ပို့လိုက်သော အာဖရိကဆင်စွယ် ကီလိုဂရမ် ၃၀၀ ကျော် ဖမ်းဆီးရမိကြောင်း ထိုင်းအကောက်ခွန်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ဒေါ်လာ ၈၀၀၀၀၀ နီးပါး တန်ဖိုးရှိ စုစုပေါင်း ၃၁၅ ဒသမ ၂ ကီလိုဂရမ် အလေးချိန်ရှိသော ဆင်စွယ်အစိတ်အပိုင်း ၈၇ ခုကို ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဆင်စွယ်အစိတ်အပိုင်းအများစုကို ကျောက်တုံးများနှင့်ရောနှောပြီး ပလတ်စတစ်ကုန်သေတ္တာများအတွင်း ထည့်ကာ ပို့ဆောင်ခြင်းဖြစ်သည်။ ယင်းကုန်သေတ္တာများကို မတ် ၂၇ ရက်တွင် ထိုင်းနိုင်ငံသို့ ဆိုက်ရောက်ခဲ့သော ကင်ညာလေကြောင်းလိုင်းဖြင့် မိုဇမ်ဘစ်နိုင်ငံမှ တင်ပို့လိုက်ခြင်းဖြစ်သည်။

ပစ္စည်းအပ်နှံသူအဖြစ် အမည်ပေးထားသော ဂီနီနိုင်ငံသားအမျိုးသားတစ်ဦးမှာ ပစ္စည်းထုတ်ယူရန် လာရောက်ခဲ့ခြင်းမရှိဘဲ ထိုင်းနိုင်ငံမှ ထွက်ပြေးသွားပြီဟု ယုံကြည်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုင်းနိုင်ငံရှိ အဆိုပါဂီနီနိုင်ငံသားထံ သင်္ဘောဖြင့်တင်ပို့မည့် ကုန်တင်တွဲတစ်ခုအတွင်း ဖုံးကွယ်ဝှက်ထားသော မိုဇမ်ဘစ်နိုင်ငံမှ တင်ပို့လိုက်သည့် ဆင်စွယ်ပမာဏအများအပြားကိုလည်း နိုင်ရိုဘီမြို့တော်ရှိ ဂျိုမိုကင်ယတ်တာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကင်ညာအာဏာပိုင်များက ဖမ်းဆီးရမိခဲ့သည်ဟုဆိုသည်။

**ကျိုဒိုနယူးစ်။**

# တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး အကျင့်ပျက်ခြစားမှုအတွက် တရားရင်ဆိုင်နေရ

**ဖနွမ်းပင် မေ ၇**

ကမ္ဘောဒီးယား အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့က တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး လက်ဝယ်တွင် ငွေပမာဏအမြောက်အမြားနှင့် ရွှေများတွေ့ရှိခဲ့သည့်အတွက် သံအမတ်ကြီးအားဖမ်းဆီးထားကြောင်း မေ ၇ ရက်က ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် သံအမတ်ကြီး ဆက်ဒိုင်နာထံ၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းပိုင်ဆိုင်ထားသည့်အပြင် ရွှေ ၁၂ ဒသမ ၇၄ ကီလိုဂရမ်ကိုပါ ပိုင်ဆိုင်ထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သံအမတ်ကြီး ဆက်ဒိုင်နာသည် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။ သူ့အား အကျင့်ပျက်ခြစားမှုဖြင့် တိုင်ကြားစာများရောက်ရှိလာခဲ့ပြီးနောက် မေ ၄ ရက်တွင် သံအမတ်ကြီးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ကဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံဥပဒေအရ အကျင့်ပျက်ခြစားသည့် ဝန်ထမ်းများသည် ပြစ်မှုထင်ရှားကြောင်းတွေ့ရှိပါက ထောင်ဒဏ် ငါးနှစ်မှ ၁၅ နှစ်အထိ ကျခံရမည်ဖြစ်သည်။ **ဆင်ဟွာ။**



# ဗီယက်နမ်ဝန်ကြီးချုပ်သစ်အဖြစ် ငုယင်ရွှန်ဖတ်အား အတည်ပြု

**ဟနွိုင်း မေ ၇**

ဗီယက်နမ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ငုယင်ရွှန်ဖတ်အား အမျိုးသားလွှတ်တော်က မေ ၇ ရက်တွင် အတည်ပြုခန့်အပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အသက် ၆၁ နှစ်ရှိ ငုယင်ရွှန်ဖတ်သည် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည့် အစိုးရအဖွဲ့ကို ဦးဆောင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ငုယင်တန်ဇွန်း၏ ရာထူးနေရာကိုဆက်ခံမည့် ငုယင်ရွှန်ဖတ်သည် သက်တမ်းငါးနှစ်ရှိ ဝန်ကြီးချုပ်ရာထူးတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ငုယင်တန်ဇွန်းသည် ရာထူးသက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အစိုးရအဖွဲ့အကြီးအကဲအဖြစ်မှလည်းကောင်း၊ ကွန်မြူနစ်ပါတီ ထိပ်တန်းရာထူးမှလည်းကောင်း နုတ်ထွက်ပေးခဲ့သည်။ အမျိုးသားလွှတ်တော်က ဝန်ကြီးချုပ်သစ်အဖြစ် ငုယင်ရွှန်ဖတ်အား ထောက်ခံမဲ ၉၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ရွေးချယ်ခဲ့သည်။ **ရိုက်တာ။**

# ပါရီအကြမ်းဖက်တိုက်ခိုက်မှုဖြင့် မသင်္ကာသူကို စစ်ဆေးရန် ဘယ်လ်ဂျီယံက ပြင်သစ်သို့လွှဲပေးမည်

**ဘရပ်ဆယ် မေ ၇**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ လွန်ခဲ့သည့် နိုဝင်ဘာလက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ အဓိက မသင်္ကာသူတစ်ဦးဖြစ်သူ ဆာလားအဗ္ဗဒီးဆလမ်ကို ထပ်မံစစ်ဆေးမေးမြန်းနိုင်ရန် လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ၎င်း၏ ရှေ့နေက မေ ၇ ရက်တွင် ပြောကြားသည်။

အဗ္ဗဒီးဆလမ်သည် ပါရီမြို့၌ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)အဖွဲ့မှ စစ်သွေးကြွများ၏ တိုက်ခိုက်မှုများပေါ်ပေါက်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ပါရီမှ ပြန်လည်ရောက်ရှိလာခဲ့သည်။ ယင်းတိုက်ခိုက်မှုများအတွင်း အဗ္ဗဒီးဆလမ်၏ ညီအစ်ကိုတော်စပ်သူတစ်ဦးမှာ အသေခံဗုံးခွဲကာ သေဆုံးခဲ့သည်။ အဗ္ဗဒီးဆလမ်သည် လေးလကြာမျှ တိမ်းရှောင်နေခဲ့ပြီးနောက် မတ် ၁၈ ရက်တွင် ဘရပ်ဆယ်မြို့ရှိ ရပ်ကွက်တစ်ခု၏ နေအိမ်တစ်လုံးတွင် အဖမ်းခံခဲ့ရသည်။

ဘရပ်ဆယ်မြို့တောင်ပိုင်း ရပ်ကွက်တစ်ခုရှိ တိုက်ခန်းတွဲ နေအိမ်ခန်းကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့ရာတွင် စစ်သွေးကြွတစ်ဦး သေနတ်ကျည်ထိမှန်ကာ သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရရှေ့နေများက အဗ္ဗဒီးဆလမ်ကို စစ်ဆေးမေးမြန်းလိုကြောင်း ၎င်း၏ရှေ့နေက ပြောကြားသည်။

ဘရပ်ဆယ်မြို့ရှိ တရားရုံး၌ မေ ၇ ရက်က ကြားနာစစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် အဗ္ဗဒီးဆလမ်ကို မတွေ့မြင်ရပေ။ မိမိကို ပြင်သစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် လိုလားကြောင်း အဗ္ဗဒီးဆလမ်က ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ရီးယဲလ်မက်ဒရစ် ရှုံးပွဲတွေ့ခဲ့ပြီး အိမ်ကွင်းမှာမန်စီးတီးကို အသာမရခဲ့တဲ့ ပီအက်စ်ဂျီ

မေလှဲ့သင်း








ဧပြီ၇ရက် မနက်စောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် (ပထမအကျော့) ပွဲစဉ်တွေမှာ ချန်ပီယံလိဂ်မှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ ရီးယဲလ်မက်ဒရစ်က ဝုဖ်ဘတ်ကိုနှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့သလို အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်မယ်လို့ ထင်ကြေးပေးခံနေရတဲ့ ပီအက်စ်ဂျီကလည်း မန်စီးတီးကို အိမ်ကွင်းမှာ နှစ်ဂိုးစီ သရေကျခဲ့တာကြောင့် ချန်ပီယံလိဂ်ဟာ မထင်မှတ်ခြင်းများစွာနဲ့ ပြည့်နှက်နေတဲ့ ပြိုင်ပွဲဆိုတာ ပိုမိုထင်ရှားလာခဲ့ပါပြီ။

## ဝုဖ်ဘတ် ၂ - ၀ ရီးယဲလ်မက်ဒရစ်

ဝုဖ်ဘတ်နဲ့ ရီးယဲလ်မက်ဒရစ်တို့ ပွဲစဉ်မှာတော့ ဝုဖ်ဘတ်ခြေစွမ်းကောင်းတာထက် ရီးယဲလ်ခံစစ်ပိုင်းကစားပုံ ဆိုးရွားခဲ့တာကြောင့် အခုလိုရလဒ်မျိုး ဖြစ်လာခဲ့တာပါ။ ရီးယဲလ်ဗဟိုခံစစ်မှာ ကစားခဲ့တဲ့ ရာမို့စ်နဲ့ ပီပီတို့ဟာ တစ်ခါမှ တွဲဖက်မကစားဖူးတဲ့ ခံစစ်အတွဲလို အမှားတွေ ဆက်တိုက်ကျူးလွန်ခဲ့ပြီး ညာတောင်ပံခံစစ်မှာကစားခဲ့တဲ့ ဒန်နီလို၊ ဘယ်ဘက်ခံစစ်ကြောင်းမှာ ကစားခဲ့တဲ့ မာဆယ်လိုတို့ဟာလည်း ပွဲအပေါ် အာရုံစူးစိုက်မှုမရှိတာကြောင့် ဝုဖ်ဘတ်အသင်းရဲ့ ဖိအားပေးမှုကို ခံခဲ့ရတာဖြစ်ပါတယ်။

ပွဲချိန် ၁၈ မိနစ်မှာ ဝုဖ်ဘတ်တောင်ပံ တိုက်စစ်ကစားသမား ရှာလီကြောင့် ရတဲ့ ပင်နယ်တီကို ရိုဒရီဂွက်ဇ်က ဂိုးအဖြစ်ပြောင်းလဲခဲ့လို့ ဝုဖ်ဘတ်တို့ အဖွင့်ဂိုးစရပါတယ်။ ပင်နယ်တီပေးခဲ့တဲ့ ဒိုင်လူကြီးရိုချီရဲ့ ဆုံးဖြတ်ချက်က မေးခွန်းထုတ်စရာ အနေအထားဖြစ်ခဲ့ပေမယ့် ရီးယဲလ် ခံစစ်ပိုင်းအမှားတွေဆက်တိုက်ကျူးလွန်ခဲ့တာကြောင့်လည်း ပွဲချိန် ၂၅ မိနစ်မှာ အာနိုးရဲ့ ဒုတိယဂိုးကိုပါ ထပ်မံ ခွင့်ပြုပေးခဲ့ရပါတယ်။ ဒီဂိုးဟာ မာဆယ်လိုနဲ့ ရာမို့စ်တို့နှစ်ယောက်ရဲ့ မမှားသင့်တဲ့ အမှားကြောင့် ပေးခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်နည်းပြ ဇီဒန်းဟာ ဘာစီလိုနာကို အနိုင်ကစားခဲ့တဲ့ လူစာရင်းကို တစ်ယောက်သာ အပြောင်းအလဲလုပ်ပြီး ယှဉ်ပြိုင်ကစားစေခဲ့ပေမယ့် နည်းဗျူဟာ အမှားကြောင့်မဟုတ်ဘဲ ဂိုးဖန်တီးမှု ၂၁ ကြိမ်အထိပြုလုပ်နိုင်ခဲ့ရာမှာ ဂိုးပေါက်တည့် ကန်သွင်းမှု သုံးကြိမ်သာ ရှိခဲ့တာကတော့ ရီးယဲလ်တိုက်စစ်မှူးတွေရဲ့ ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုလျော့နည်းခဲ့လို့သာ ဖြစ်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ တိုက်စစ်ကို ဦးဆောင်ကစားခဲ့တဲ့ ဘင်ဇီမာ၊ စီရိုနယ်လ်ဒိုတို့နှစ်ဦး အကောင်းဆုံး ပုံစံပျောက်ဆုံးခဲ့ပြီး ဂါရတ်ဘေးလ် တစ်ယောက်သာ ခြေစွမ်းပြနိုင်ခဲ့တာကလည်း ရီးယဲလ်ရဲ့ တိုက်စစ်ပိုင်းကို အသက်မဲ့စေခဲ့ပါတယ်။ ဂါရတ်ဘေးလ်ကို ဘယ်တောင်ပံ တိုက်စစ်နေရာမှာ ထွက်ကစားခိုင်းတဲ့ ဇီဒန်းရဲ့ နည်းဗျူဟာက အလုပ်ဖြစ်ခဲ့ပြီး ဝုဖ်ဘတ် ကစားသမားတွေ ပင်နယ်တီဧရိယာအတွင်း ဂါရတ်ဘေးလ်ကို ဥပဒေပြစ်ဒဏ်ကျူးလွန်ခဲ့ပေမယ့် ပင်နယ်တီပေးဖို့ လျစ်လျူရှုခံခဲ့ရပါတယ်။

ရီးယဲလ်နည်းပြ ဇီဒန်းကတော့ အသင်းရဲ့ ပထမပိုင်းကစားပုံက စိတ်ပျက်စရာကောင်းပြီး ရလဒ်ပိုင်းအတွက် ကျေနပ်မှုမရှိပေမယ့် ဒုတိယအကျော့မိနစ် ၉၀ ရှိသေးတာကြောင့် အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ဖို့ လက်မလျှော့သေးဘူးလို့ ပွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။ ဒုတိယအကျော့ကို ဧပြီ ၁၂ ရက်( အင်္ဂါနေ့) ရီးယဲလ်မက်ဒရစ်ရဲ့ ဘာနေဗျူးကွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

## ပီအက်စ်ဂျီ ၂ - ၂ မန်စီးတီး

ပြင်သစ်ပထမတန်း ချန်ပီယံ ပီအက်စ်ဂျီနဲ့ မန်စီးတီးတို့ ပွဲစဉ်မှာတော့ ပီအက်စ်ဂျီဟာ မန်စီးတီးကိုအစစအရာရာ အသာစီးရယူကစားနိုင်ပေမယ့် ရလဒ်ပိုင်းအဆုံးအဖြတ်ပေးခဲ့တာက မန်စီးတီးရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်နဲ့ ကစားသွားခဲ့မှုပါ။ ချီးကျူးစရာကောင်းတာ မန်စီးတီးမှ ဒီဘရူနီနဲ့ မန်ဂန်လာတို့နှစ်ဦးရဲ့ စွမ်းဆောင်ရည်ဖြစ်ပြီး သူတို့နှစ်ဦးကြောင့်သာ အခုလို အဖိုးတန် အဝေးဂိုးနှစ်ဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။

နှစ်သင်းစလုံးဟာ တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် ကြည့်ကောင်းတဲ့ ပွဲစဉ်တစ်ပွဲ ဖြစ်ခဲ့ပေမယ့် နှစ်သင်းစလုံးရဲ့ အဓိက အားနည်းချက်က နောက်တန်းခံစစ်ကြောင်းကို ကျစ်လျစ်အောင်မတည်ဆောက်နိုင်ခဲ့တာဖြစ်ပြီး ဒီအားနည်းချက်ကြောင့်ပဲ အခုလောက်အထိ ဂိုးတွေများသွားခဲ့တာဖြစ်ပါတယ်။ အဖွင့်ဂိုးကို မန်စီးတီးတောင်ပံ တိုက်စစ်မှူး ဒီဘရူနီက ပွဲချိန် ၃၈ မိနစ်မှာ သွင်းယူခဲ့ပြီးနောက် သုံးမိနစ်အကြာမှာ ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်က ချေပဂိုး ပြန်သွင်းခဲ့ပါတယ်။

ပွဲချိန်၅၉မိနစ်မှာ ရာဘီရော့ဘ်က ပီအက်စ်ဂျီအတွက် ဒုတိယဂိုးကို သွင်းယူပေးခဲ့ပေမယ့် ဖာနန်ဒင်ဟိုက ချေပဂိုးပြန်သွင်းပေးလို့ တစ်ဖက်နှစ်ဂိုးစီသရေနဲ့သာ ပွဲပြီးဆုံးသွားခဲ့ပါတယ်။ ပီအက်စ်ဂျီဟာ ဂိုးဖန်တီးမှု၊ ဘောလုံးပိုင်ဆိုင်မှုတွေမှာ မန်စီးတီးထက်အစစအရာရာ သာလွန်ခဲ့ပေမယ့် အီဗရာဟီမိုဗစ်ချ် ကန်သွင်းတဲ့ ပင်နယ်တီကို မန်စီးတီး ဂိုးသမား ဂျိုးဟတ်ကာကွယ်နိုင်ခဲ့တာ၊ ဂိုးဖန်တီးမှု ၁၆ကြိမ်မှာ ငါးကြိမ်သာ ဂိုးပေါက်တည့်ခဲ့တာတွေကတော့ ပီအက်စ်ဂျီအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ ရုန်းကန်ရတော့မယ့် အနေအထားကို ဖန်တီးပေးခဲ့တဲ့ ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။

■

## လီဗာပူးသို့ ပြောင်းရွှေ့မည့်အစီအစဉ်ကို ဂေါ့ဇီငြင်းပယ်လိမ့်မည်ဟု လီဝမ်ဒေါ်စကီးပြောကြား

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး ဂေါ့ဇီသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားမည့်အစီအစဉ်ကို ငြင်းပယ်လိမ့်မည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းကစားဖော် လီဝမ်ဒေါ်စကီးက ပြောကြားလိုက်သည်။

ဂျာမနီအသင်းအား ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် တိုက်စစ်မှူးဂေါ့ဇီသည် ဒေါ့မွန်အသင်းတွင်ကစားခဲ့စဉ်က နည်းပြအဖြစ်ကိုင်တွယ်ခဲ့သည့် နည်းပြဂျာဂန်ကလော့ရှိရာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။

သို့ရာတွင် ယခုနှစ်နွေရာသီကာလအတွင်း အသင်းပြောင်းရွှေ့ရန်စီစဉ်ခဲ့သည့် လီဝမ်ဒေါ်စကီးအနေဖြင့် ကစားဖော်ဖြစ်သည့် တိုက်စစ်မှူး ဂေါ့ဇီအား ဘိုင်ယန်မြူးနစ်အသင်း၌သာ ဆက်ကစားစေလိုကြောင်း အကြံပြုခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ဂေါ့ဇီအား ရာသီကုန်အထိ ပါဝင်ကစားရန် ပွဲစဉ်အများအပြားကျန်ရှိနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် အကောင်းဆုံးကစားသမားအဖြစ် သက်သေပြရန် ရှိနေသေးကြောင်းလည်း တိုက်စစ်မှူး လီဝမ်ဒေါ်စကီးက ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

## ပရီမီယာလိဂ်မှာဆက်နေဖို့ဆန္ဒရှိနေတယ်ဆိုတဲ့ ယာယာတိုရေး

မန်စီးတီးအသင်းရဲ့ အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်တဲ့ ယာယာတိုရေးဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၌သာ ဆက်ကစားရန်ဆန္ဒရှိနေတဲ့အကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါပြီ။

ကွင်းလယ်ကစားသမား ယာယာတိုရေးဟာ မေလအတွင်း အသက်(၃၃)နှစ်ပြည့်တော့မည်ဖြစ်ပြီး မန်စီးတီးအသင်း၏ စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့ ကမ်းလှမ်းခြင်းခံထားရသူဖြစ်တယ်။ တစ်ပတ်လုပ်ခလစာပေါင် ၂၂၀၀၀၀ နဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်ဟာလည်း ၂၀၁၇ ခုနှစ်ရောက်မှ ကုန်ဆုံးမှာဖြစ်တယ်။ ဒါပေမယ့် အင်တာမီလန်အသင်းက သူတို့ရဲ့ လိုအပ်နေတဲ့ ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့ မန်စီးတီး ကွင်းလယ် ကစားသမား ယာယာတိုရေးကို သုံးနှစ်သက်တမ်းရှိ စာချုပ် တစ်ရပ်နဲ့ ခေါ်ယူဖို့ စီစဉ်နေတဲ့သတင်းတွေကိုလည်း အီတလီသတင်းဌာနတွေက ဖော်ပြထားကြပါတယ်။

အင်တာမီလန်အသင်းအနေနဲ့ ခေါ်ယူဖို့စီစဉ်နေပေမယ့် ကွင်းလယ်ကစားသမား ယာယာတိုရေးကတော့ အင်္ဂလန်မြေမှာ သူ့ရဲ့မိသားစုနဲ့အတူ အခြေကျနေပြီဖြစ်တာမို့ လက်ရှိကလပ်မန်စီးတီးအသင်းကနေ ထွက်ခွာဖို့ မရှိတဲ့အကြောင်းနဲ့ အီတလီမြေသို့ ပြောင်းရွှေ့ကစားဖို့ဆန္ဒမရှိတဲ့အကြောင်း ပြီးခဲ့တဲ့လကတည်းက ဖွင့်ဟပြောကြားခဲ့ပါတယ်။

## အင်တာ၊ နာပိုလီ၊ ရိုးမားတို့ နိုင်ပွဲရမယ့် စီးရီးအေ ရင်ခုန်သံ - ၃၂

SERIE A

ရှိုင်းမင်းမင်း

**စီးရီးအေ ပွဲစဉ် ၃၂ ကို ဧပြီလ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ အေစီမီလန်နဲ့ဂျူဗင်တပ် ဆုံတွေ့နေသလို စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ အင်တာမီလန်၊နာပိုလီ၊ ရိုးမား၊ ဖီအိုရင်တီးနားတို့လည်း နိုင်ပွဲရယူနိုင်ဖို့ရှိနေပါတယ်။**

### ဖရိုစီနိုနီ - အင်တာ ည ၇း၃၀ (၉-၄-၁၆)

ဖရိုစီနိုနီဟာ တန်းမဆင်းရဖို့အတွက် အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းကတော့အကောင်းဆုံးပုံစံမှာမရှိပါဘူး။ ဒီပွဲစဉ်မှာလည်း ဖရိုစီနိုနီဟာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းအားလည်းရှိနေပေမယ့် အင်တာကိုတော့ အသာရဖို့ခက်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်ကစားလာမယ့်အင်တာမီလန်ခြေက ပိုကောင်းတာကြောင့်လည်း ဒီပွဲမှာ အင်တာပဲအနိုင်ရမှာပါ။

### ချီယေဗို - ကာပီ ည ၁၀း၃၀ (၉-၄-၁၆)

ကာပီဟာ တန်းတင်ကျန်ရစ်နိုင်ဖို့အတွက် အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေကောင်းမွန်နေတာကြောင့် ချီယေဗိုရဲ့ အိမ်ကွင်းအားကိုတုံ့ပြန်ကစားသွားနိုင်မှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ချီယေဗိုရဲ့ခြေလည်းကောင်းမွန်နေပါတယ်။ အထူးသဖြင့် ချီယေဗိုဟာ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်သလို ခံစစ်ကစားပုံလည်းကျစ်လျစ်မှုရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ ကာပီတို့အခက်တွေ့နိုင်ကာ သရေထက်ပိုမရနိုင်ဘူး။

### ဆာစူအိုလို - ဂျီနိုအာ ည ၁၀း၃၀ (၉-၄-၁၆)

ဆာစူအိုလိုဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မျှော်လင့်ချက်အနည်းငယ်ရှိနေသေးတာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးလာမှာသေချာနေပါတယ်။ ဂျီနိုအာကတော့ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေကအနည်းငယ်ကျဆင်းတတ်ပါတယ်။ အိမ်ကွင်းခြေကောင်းတဲ့ဆာစူအိုလိုသာ အနိုင်ရသွားမှာပါ။

### အေစီမီလန် - ဂျူဗင်တပ် နံနက် ၁း၁၅ (၁၀-၄-၁၆)

အေစီမီလန်ဟာ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရ သာမန်ထက် မပိုဘူးဆိုပေမယ့်လည်း ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့မျှော်လင့်ချက်ရှိနေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အေစီမီလန်ခြေကုန်ထုတ်လာရင် ဂျူဗင်တပ်တို့အခက်တွေ့နိုင်ပါတယ်။ ဂျူဗင်တပ်က ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

### အမ်ပိုလီ - ဖီအိုရင်တီးနား ညနေ ၅း၀၀ (၁၀-၄-၁၆)

ဖီအိုရင်တီးနားဟာနောက်ပိုင်းပွဲတွေမှာကစားပုံကျဆင်းနေပါတယ်။ တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေအားနည်းနေကာ တစ်ပွဲတစ်ဂိုးသွင်းယူနိုင်ဖို့အတွက်တောင် အတော်ရုန်းကန်နေရပါတယ်။ ဒါပေမယ့် ဖီအိုရင်တီးနားဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မျှော်လင့်ချက်ရှိနေသေးတာကြောင့် နိုင်ပွဲရရေးအားစိုက်ကစားလာမှာသေချာနေပါတယ်။ အမ်ပိုလီကအိမ်ကွင်းဖြစ်ပေမယ့် ခြေကအတော်လေးအားနည်းတာကြောင့် ဖီအိုရင်တီးနားကသာ နိုင်ပွဲရမှာပါ။

### တိုရီနို - အတ္တလန္တာ ည ၇း၃၀ (၁၀-၄-၁၆)

အတ္တလန္တာဟာတန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်ကွာဟမှုသိပ်မရှိသလို တန်းမဆင်းရဖို့အတွက်လည်းအာမခံချက်မရှိသေးပါဘူး။ ဒါကြောင့်လည်း နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေပေမယ့်လည်း ခြေကတော့တည်ငြိမ်မှုမရှိသေးပါဘူး။ တိုရီနိုကလည်း အတ္တလန္တာနည်းတူ တန်းမဆင်းရဖို့အာမခံချက်မရှိသေးတာကြောင့် ဒီပွဲမှာအားစိုက်ကစားလာမှာ သေချာနေပါတယ်။ တိုရီနိုဟာလည်း လက်ရှိအချိန်မှာ ခြေကကောင်းမွန်ခြင်းမရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ ခြေကုန်ထုတ်ကစားလာမှာပါ။ တိုရီနိုတို့ အိမ်ကွင်းမှာအနိမ့်ဆုံးသရေလောက်ကစားသွားနိုင်ဖို့ရှိနေပါတယ်။

### နာပိုလီ - ဗီရိုနာ ည ၇း၃၀ (၁၀-၄-၁၆)

နာပိုလီဟာ ဂျူဗင်တပ်ကိုဖိအားပေးနိုင်ဖို့အတွက် အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ နာပိုလီဟာတိုက်စစ်ပိုင်းပိုမိုအားကောင်းမှုရှိတတ်တာကြောင့် ဗီရိုနာကိုပိုမိုဖိအားပေးကစားနိုင်ဖို့ရှိနေပါတယ်။ ဗီရိုနာဟာခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေကာ အမှတ်ပေးဇယားအောက်ဆုံးကိုလည်း ရောက်ရှိနေပါတယ်။ အိမ်ကွင်းခြေပိုမိုကောင်းတတ်တဲ့ နာပိုလီပဲအနိုင်ရမယ်။

### ဆမ်ဒိုးရီးယား - အူဒီးနီးစ် ည ၇း၃၀ (၁၀-၄-၁၆)

ဆမ်ဒိုးရီးယားဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားဟာတန်းမဆင်းရဖို့အတွက် အာမခံချက်မရှိတော့တာကြောင့် အခုအိမ်ကွင်းပွဲမှာတော့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာသေချာနေပါတယ်။ အူဒီးနီးစ်ကလည်း တန်းမဆင်းရဖို့ခြေကုန်ထုတ်ကစားလာမှာဖြစ်ပေမယ့်ခြေစွမ်းကတော့ ပျက်ယွင်းနေပါတယ်။ ခြေစွမ်းမကွာပေမယ့် အိမ်ကွင်းအားရှိတဲ့ ဆမ်ဒိုးရီးယားကသာ ကပ်နိုင်သွားမှာပါ။

### ပါလာမို - လာဇီယို နံနက် ၁း၁၅ (၁၁-၄-၁၆)

လာဇီယိုဟာဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ အခြေအနေမှာရှိနေပါသေးတယ်။ ဒါကြောင့် နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ လာဇီယိုဟာ အဝေးကွင်းပွဲတွေမှာ ခြေအနည်းငယ်ကျဆင်းတတ်ပေမယ့် ပါလာမိုကလည်းခြေစွမ်းပိုင်း ပျက်ယွင်းနေပါတယ်။ တန်းမဆင်းရဖို့အတွက်အိမ်ကွင်းမှာပါလာမို အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ဒီပွဲမှာတော့ လာဇီယိုကသာ အနိုင်ရသွားမှာသေချာနေပါတယ်။

### ရိုးမား - ဘိုလော့နာ နံနက် ၁း၁၅ (၁၂-၄-၁၆)

ဘိုလော့နာက အခုနောက်ပိုင်းပွဲတွေမှာခြေစွမ်းပိုင်းကကျဆင်းနေပါတယ်။ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းခြေကျဆင်းနေတာကြောင့် ရိုးမားကိုတုံ့ပြန်ကစားနိုင်ဖို့ဆိုတာခက်ပါတယ်။ ရိုးမားဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ သေချာမှုမရှိသေးတာကြောင့်လည်း ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ အထူးသဖြင့် ရိုးမားဟာအိမ်ကွင်းပွဲတွေမှာ တိုက်စစ်ကစားပုံလည်းကောင်းမွန်တတ်တာကြောင့် ဘိုလော့နာကိုပိုမိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ရိုးမားကသာ အိမ်ကွင်းမှာအနိုင်ရယူသွားနိုင်မှာပါ။

# တရားမဝင်သစ်စက်လုပ်ကိုင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မိုးတားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်စက်များ လုပ်ကိုင်နေကြောင်း သတင်းအရ မေ ၄ ရက် ညနေ ၄ နာရီခန့်က စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေဖမ်းဆီးရာ ကသာမြို့နယ် ကကာရွာ အနောက်မြောက်ဘက်တွင် ကျော်မိုး(၃၆)နှစ်အား ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၂၃၇ ချောင်း (၃ဒသမ၆၅၆တန်)၊ သစ်စက်ပြုလုပ်ရာတွင်သုံးသည့် ဆက်စပ်ပစ္စည်းများ၊ ပေါက်စီ(၄၀)နှစ်အား ကျွန်းသစ် ၄၈လုံး (၈ ဒသမ ၃၃၈တန်)၊ ကျွန်းတိုင် ၁၃လုံး (သုည ဒသမ ၈၄၂ တန်)၊ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၉၈ ချောင်း (သုည ဒသမ ၄၅၉တန်)၊ သစ်စက်ပြုလုပ်ရာတွင် သုံးသည့် ဆက်စပ်ပစ္စည်းများနှင့် ကျော်ခိုင်(ခ) မောင်ကျော်(၄၀)နှစ်အား ကျွန်းသစ် ၂၁ လုံး(၂ ဒသမ ၇၅၂တန်)၊ ကျွန်းတိုင် ၁၁ လုံး (သုည ဒသမ ၂၇၂ တန်)၊ ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၅၅ ချောင်း (သုည ဒသမ ၆၁၄၄တန်)၊ သစ်စက်ပြုလုပ်ရာတွင် သုံးသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားမဝင်သစ်စက်လုပ်ကိုင်နေကြောင်းသိရ၍ ဖမ်းဆီးရမိပြီး ကျော်မိုး၊ ပေါက်စီနှင့် ကျော်ခိုင်(ခ) မောင်ကျော်တို့ သုံးဦးအား ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# တမလန်းသစ် တရားမဝင်သယ်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လှတောရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ မေ ၅ ရက် ည ၉ နာရီ ၅ မိနစ်ခန့်က လှတောရွာအနီး ရွှေဘို-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၅၅/၄-၅) ကြား၌ သွားရောက်စောင့်ဆိုင်းစဉ် အဆိုပါလမ်းအတိုင်း မြောက်မှတောင်သို့ စစ်ကိုင်းမြို့ ဆန်းသစ်ရပ်ကွက်နေ ချစ်ကောင်း(၂၅)နှစ် မောင်းနှင်လာသော ၂ခ/----- ပါဂျဲရိုးယာဉ်နှင့် မုံရွာမြို့နယ် လယ်သင်းစုံပြရွာနေ ဇော်မျိုးဝင်း(၃၀)နှစ် မောင်းနှင်လာသည့် 4J/---- ပါဂျဲရိုးယာဉ်တို့အား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၂ခ/----- ယာဉ်ပေါ်မှ တမလန်းသစ်ငါးချောင်း (သုည ဒသမ ၅၈၉၆တန်) နှင့် 4J/---- ယာဉ်ပေါ်မှ တမလန်းသစ် ရှစ်ချောင်း (သုည ဒသမ ၇၈၂၄ တန်) တို့အား တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပြီး ချစ်ကောင်းနှင့် ဇော်မျိုးဝင်း တို့နှစ်ဦးအား ဝက်လက်မြို့မရဲစခန်းက အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ဆိုင်ကယ်နှင့် ထော်လာဂျီယာဉ်တိုက်မိ၍ ဒဏ်ရာရရှိ

**ကျောင်းကုန်း မေ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာတွင် ဆိုင်ကယ်နှင့် ထော်လာဂျီယာဉ်တို့ တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက်က ကျောင်းကုန်း-အသုတ်ကားလမ်း မိုင်တိုင်အမှတ် (၆၀/၄) နှင့် (၆၀/၅) ကြားတွင် ကျောင်းကုန်းဘက်မှ အသုတ်ဘက်သို့ အသုတ်မြို့နေသူများဖြစ်သည့် ညွန့်သိန်း(၄၃)နှစ် မောင်းနှင်ပြီး ကိုပြုံးချို(၂၉)နှစ်နှင့် ဦးကြည်စိုး(၃၅)နှစ်တို့ လိုက်ပါလာသည့် ၁၆ယ/------ အနက်ရောင်ဆိုင်ကယ်နှင့် အသုတ်ဘက်မှ ကျောင်းကုန်းဘက်သို့ ကျောင်းကုန်းမြို့ ပန်းတောရိုးအုပ်စု ရွာသစ်ကုန်းရွာနေ ထိန်ဝင်း(၄၅)နှစ် မောင်းနှင်သည့် ထော်လာဂျီ (လယ်ယာသုံးယာဉ်)တို့ တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် ဦးညွန့်သိန်း၊ ကိုပြုံးချိုနှင့် ဦးကြည်စိုးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း ထိန်ဝင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဗန်းမောက် ဇလုံတောင် ဘုရားဖူးကားမှောက်၍ လေးဦးသေဆုံး

**ဗန်းမောက် မေ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့မှ ၉ မိုင် ၃ ဖာလုံအကွာတွင် မေ ၇ ရက် နံနက် ၆ နာရီခွဲခန့်က ဇလုံတောင်ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ခဲ့ရာ ခရီးသည်လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ဇလုံတောင်ဘုရားဖူးယာဉ်သည် ခရီးသည် ၂၀ ဦး တင်ဆောင်ကာ တောင်ပေါ်မှအဆင်းတွင် ဘရိတ်ပေါက်၍ ဗန်းမောက်မြို့မှ ၉ မိုင် ၃ ဖာလုံအကွာတွင် တိမ်းမှောက်ခဲ့ပြီး ခရီးသည်လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

“ဗန်းမောက်မြို့နယ် ဇလုံတောင်ဘုရားဖူးခရီးသည်တွေက တဖြည်းဖြည်းများလာပါတယ်။ ဒီလိုများလာတာကြောင့် စည်းကမ်းကြပ်မတ်မှုအနေနဲ့ တောင်ပေါ်ခရီးစဉ်တွေကို စနစ်တကျပြေးဆွဲစေလိုပါတယ်”ဟု ဒေသခံများက ပြောသည်။

ဒေသခံတစ်ဦးက “ကျွန်တော်တို့ ဗန်းမောက်မြို့နယ် ဇလုံတောင်ကို တိုးတက်စေချင်တယ်။ တောင်ပေါ်ဂေါပကအဖွဲ့ကို စနစ်တကျဖွဲ့စည်းထားတယ်။ တောင်ပေါ်ခရီးစဉ်ကို ကားကောင်းတွေနဲ့သာပြေးဆွဲဖို့ စည်းကမ်းကြပ်မတ်စေလိုတယ်။ ဒီလိုဘုရားဖူးခရီးစဉ်သွားလာမှုကြောင့် တစ်စုံတစ်ယောက်အတွက် အကျိုးရှိတာမျိုးမဟုတ်ဘဲ ဒေသတစ်ခုလုံးကို ဒီတောင်တော်ခရီးသွားမှုကြောင့် ရလာတဲ့ငွေနဲ့ ဖွံ့ဖြိုးစေချင်တာပါ”ဟု ပြောသည်။ **(အေးလွင်)**


## သံတွဲမြို့ အထက(၂) ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်

ရခိုင်ပြည်နယ် သံတွဲမြို့ အထက(၂)၌ ၁၉၆၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ၂၀၁၆ ခုနှစ် မေလ ၁ရက်တွင် ပူဇော်ကန်တော့ပွဲ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများအနေဖြင့် အဆက်အသွယ်ပြုလုပ်ပေးကြပါရန် ရိုသေလေးစားစွာပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - မောင်ခင်မြင့် (သံတွဲ) ၀၉-၄၄၀၀၂၈၄၂၆**
**မောင်ကြည်မွန်(သံတွဲ) ၀၉-၄၂၁၇၅၄၄၃၉**
**မောင်မောင်မြင့် (ရန်ကုန်) ၀၉-၇၃၀၇၃၄၄၇**

**မီး သ တိ ပြု**


## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြှူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများက ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၄-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိအဆင့်-၄၊ ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့်နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| စဉ် | လူတွေ့စစ်ဆေးခံရမည့်နေ့ | ခုံအမှတ် | | | |
|---|---|---|---|---|---|
| ၁။ | ၂-၅-၂၀၁၆ (တနင်္လာနေ့) | မတလ-၄ | မတလ-၅၅ | မတလ-၁၉၁ | မတလ-၃၆၄ |
| | | မတလ-၄၆၃ | မတလ-၅၀၆ | မတလ-၅၁၅ | မတလ-၅၁၈ |
| | | မတလ-၅၂၁ | မတလ-၅၂၄ | မတလ-၅၃၈ | မတလ-၅၄၆ |
| | | မတလ-၅၄၇ | မတလ-၅၄၉ | မတလ-၅၅၃ | မတလ-၅၅၄ |
| | | မတလ-၅၅၆ | မတလ-၅၅၇ | မတလ-၅၅၈ | မတလ-၅၆၅ |
| | | မတလ-၅၈၁ | မတလ-၅၈၇ | မတလ-၅၉၃ | မတလ-၆၀၁ |
| | | မတလ-၆၀၂ | မတလ-၆၉၅ | မတလ-၇၁၉ | မတလ-၇၄၆ |
| | | မတလ-၇၈၀ | မတလ-၇၈၁ | | |
| ၂။ | ၃-၅-၂၀၁၆ (အင်္ဂါနေ့) | မတလ-၈၂၃ | မတလ-၈၄၀ | မတလ-၈၄၁ | မတလ-၈၄၇ |
| | | မတလ-၈၈၇ | မတလ-၉၂၆ | မတလ-၉၃၁ | မတလ-၉၄၅ |
| | | မတလ-၉၅၂ | မတလ-၉၆၃ | မတလ-၉၇၁ | မတလ-၉၈၀ |
| | | မတလ-၉၈၁ | မတလ-၉၈၂ | မတလ-၉၉၀ | မတလ-၉၉၁ |
| | | မတလ-၁၀၀၃ | မတလ-၁၀၀၈ | မတလ-၁၀၂၅ | မတလ-၁၀၄၇ |
| | | မတလ-၁၀၉၀ | မတလ-၁၁၀၈ | မတလ-၁၁၁၀ | မတလ-၁၁၂၂ |
| | | မတလ-၁၂၄၃ | ရက -၄ | ရက-၃၀ | ရက-၄၈ |
| | | ရက-၄၉ | ရက-၅၀ | | |
| ၃။ | ၄-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့) | ရက-၆၇ | ရက-၈၇ | ရက-၁၁၀ | ရက-၁၁၅ |
| | | ရက-၁၄၃ | ရက-၁၆၄ | ရက-၁၆၆ | ရက-၂၇၄ |
| | | ရက-၂၉၇ | ရက-၃၂၉ | ရက-၃၃၁ | ရက-၃၃၉ |
| | | ရက-၃၄၂ | ရက-၃၅၈ | ရက-၃၆၂ | ရက-၃၈၁ |
| | | ရက-၃၉၁ | ရက-၃၉၃ | ရက-၄၀၁ | ရက-၄၀၂ |
| | | ရက-၄၀၈ | ရက-၄၄၄ | ရက-၄၄၇ | ရက-၄၄၈ |
| | | ရက-၄၅၁ | ရက-၄၅၂ | ရက-၄၅၉ | ရက-၄၇၈ |
| | | ရက-၅၁၄ | ရက-၅၂၄ | | |
| ၄။ | ၅-၅-၂၀၁၆ (ကြာသပတေးနေ့) | ရက-၅၆၉ | ရက-၆၃၉ | ရက-၆၇၉ | ရက-၇၀၈ |
| | | ရက-၇၁၁ | ရက-၇၁၆ | ရက-၇၁၈ | ရက-၇၂၂ |
| | | ရက-၇၃၈ | ရက-၇၈၄ | ရက-၈၉၂ | ရက-၉၁၀ |
| | | ရက-၉၁၃ | ရက-၉၂၀ | ရက-၉၂၉ | ရက-၉၅၈ |
| | | ရက-၉၇၄ | ရက-၁၀၁၄ | ရက-၁၀၂၆ | ရက-၁၀၃၇ |
| | | ရက-၁၀၄၁ | ရက-၁၀၄၂ | ရက-၁၀၅၀ | ရက-၁၀၆၉ |
| | | ရက-၁၀၇၄ | ရက-၁၀၈၉ | ရက-၁၀၉၀ | ရက-၁၀၉၇ |
| | | ရက-၁၁၇၄ | ရက-၁၂၅၁ | | |

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိအဆင့်-၄၊ ရာထူးအရည်အချင်းစစ်ဆေး ရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေအနေ စစ်ဆေးမှုခံယူရန် မိမိတို့ဖြေဆိုရမည့် နေ့ရက်မတိုင်မီ(၁)ရက် ကြိုတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ စီမံရေးရာဌာန၊ ဝန်ထမ်းရေးရာ၊ မှတ်တမ်းနှင့် စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့/မဟာဘွဲ့လက်မှတ်(မူရင်း) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**


## ပျောက်ဆုံးခြင်း

GREEN WORLD INDUSTRY CO.,LTD. ၏ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၁၉၀/၂၀၀၅-၂၀၀၆ရက်စွဲ(၁၄-၉-၂၀၀၅) ကတ်ပြားမူရင်းမှာ ၆-၄-၂၀၁၆ရက် နံနက် ၁၁ နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ **Ph:203023**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊မြေကွက်အမှတ် (၅၀/က-၂)၊ ဧရိယာ ၂ ဒသမ ၀၇၇ ဧက၊ မြေကွက်တည်နေရာအမှတ်(၅၀/က)၊ ပိတောက်လမ်း၊စော်ဘွားကြီးကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ မစ္စစ်ကင်းဘတူအမည်ပေါက် B မြေ ပိုင်၃(က)ရပြီးမြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၀/ ၂၀၁၅အရပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ကိုမှတ်ပုံ တင်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၁၀-၄-၂၀၁၅ရက်စွဲပါတရားရုံးစီရင်ချက်၊ တရား မဇာရီမှုအမှတ်(၃၆/၂၀၁၅) အရဘီလစ် ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၄-၉-၂၀၁၅ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၁၆-၉၂၀၁၅ရက်ဘီလစ်ခန့်အပ်စာ ၃(က)လက်မှတ်တင်ပြပြီးဘီလစ်ဒေါ်ချစ်စု ဝင်း[၁၂/ဥကမ(နိုင်)၂၃၁၀၁၉]မှ အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၃)ခုဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

(က) အမျိုးသားပြတိုက်(ရန်ကုန်)ပြုပြင်မွမ်းမံခြင်း
(ခ) ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)ပြုပြင်မွမ်းမံခြင်း
(ဂ) မန္တလေးယဉ်ကျေးမှုပြတိုက် ပြုပြင်မွမ်းမံခြင်း

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၇-၄-၂၀၁၆ရက်မှ ၂၈-၄-၂၀၁၆ရက်ထိ ဦးစီးဌာန(ရုံးချုပ်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၉-၄-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားပြတိုက် (နေပြည်တော်)တွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၂၇၊ အမျိုးသားပြတိုက်(ရန်ကုန်) ဖုန်း-၀၁-၃၇၈၆၅၂၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၆၀၀၅၉တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**


## အလိုရှိသည်

**ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော**

**General Manager တစ်ဦးအလိုရှိသည်**

- ဘွဲ့ရ(သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့)၊
- ဘွဲ့လွန်၊ MBA ရရှိထားသူများဦးစားပေးမည်
- မော်တော်ယာဉ်ပြေးဆွဲမှုနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်း စီမံခန့်ခွဲမှုအတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်။
- အသက်(၄၀)နှစ်နှင့် ၆၀ နှစ်ကြား လုပ်ငန်းကျွမ်းကျင်မှုအပေါ် အသက်လျှော့ပေါ့စဉ်းစားမည်
- ပုံသေလစာ ၁၀ သိန်း (အခြားခံစားခွင့်မပါ)

လျှောက်ထားလိုသူသည် ကိုယ်ရေးအချက်အလက်(CV)၊ အလုပ်သမားမှတ်ပုံတင်နှင့် အခြားအထောက်အထားများဖြင့် ၂၅-၄-၂၀၁၆ရက် နောက်ဆုံးထားပြီး ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ လိပ်စာ-အမှတ် (၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၉-၂၆၄၈၂၄၂၆၂၊ ၀၉-၄၅၁၆၁၁၈၉၆၊ ၀၉-၄၅၁၆၁၁၈၉၈**

# သင်္ကြန်ရက်နီးလာသဖြင့် ကျောက်ပန်းတောင်းမြို့နယ်တွင် စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များအား အဖွဲ့အစည်းပေါင်းစုံဖြင့် အားဖြည့်ဖမ်းဆီး

**ကျောက်ပန်းတောင်း ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မသင်္ကြန်ကာလနီးလာသည်နှင့်အမျှ စည်းကမ်းပျက်မော်တော်ဆိုင်ကယ်စီးနင်းသူများကို အဖွဲ့အစည်းပေါင်းစုံဖြင့် အားဖြည့်ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက် မွန်းလွဲပိုင်းက မီးသတ်လမ်းဆုံတွင်ဖမ်းဆီးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး စည်းကမ်းပျက်မော်တော်ဆိုင်ကယ် ၁၀ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာ၊ လမ်းပြောင်းပြန်စီးတာ၊ နှစ်ယောက်ထက်ပိုပြီးတင်ဆောင်စီးနင်းတာနဲ့ပုံမှန်မဟုတ်တဲ့ အိတ်ဇောပြောင်းတွေကို အဓိကထားပြီးဖမ်းဆီးတာပါ။ဆိုင်ကယ်စီးဦးထုပ်ဆိုတာလည်း ဆိုင်ကယ်စီးနင်းသူရဲ့ အသက်အန္တရာယ်ကိုကာကွယ်ပေးဖို့ပါ။ ကျွန်တော်တို့က သူတို့အသက်အန္တရာယ်မထိခိုက်စေဖို့အတွက် အမုန်းခံပြီး ဖမ်းဆီးနေရတာပါ။ နောက်ပြီး အခုက သင်္ကြန်နားနီးလာပြီဆိုတော့ ပတ်ဝန်းကျင်စိတ်အနှောင့်အယှက်ဖြစ်စေလောက်အောင် ဆူညံသံပေးမယ့် ပါဝါအိတ်ဇောတွေကို ညဘက်မှာ သီးခြားအချိန်ပေးပြီး စစ်ဆေးဖမ်းဆီးနေပါတယ်။ ဖမ်းဆီးတယ်ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့က သူတို့ဆီကနေ အုံနာဘုတ်တို့ ဝိုးတက်တို့ကိုယူထားလိုက်ပြီး ချလံဖြတ်ပေးလိုက်တာပါ။ နောက်နေ့မှ ရုံးချိန်အတွင်း တရားရုံးမှာ ဒဏ်ငွေဆောင်ခိုင်းယုံပါပဲ" ဟု ကျောက်ပန်းတောင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်သျှန်အောင်က ၎င်းတို့တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းပြခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပုံမှန်အားဖြင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့မှ စည်ပင်သာယာဈေးပတ်လမ်း၊ ဘူတာလမ်းဆုံ၊ ရုပ်ရှင်ရုံရှေ့နှင့် မီးသတ်လမ်းဆုံတို့တွင် မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းသူများ၊ ဈေးပတ်လမ်းတွင် လမ်းပြောင်းပြန်စီးသူများနှင့် နှစ်ယောက်ထက်ပိုမိုတင်ဆောင် စီးနင်းသူများကို ဦးစားပေးဖမ်းဆီး အရေးယူမှုများရှိခဲ့သော်လည်း မော်တော်ဆိုင်ကယ်စီးနင်းသူအများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ သင်္ကြန်ကာလနီးလာသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတကွန်ရက်မှအဖွဲ့ဝင်များပူးပေါင်း၍ နံနက်ပိုင်း တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်နှင့် ညပိုင်းတစ်ကြိမ် တိုးမြှင်ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ညပိုင်းဖမ်းဆီးမှုများကို မတ် ၂၈ ရက် ညမှစတင်ဆောင်ရွက်ခဲ့ရာ ပါဝါအိတ်ဇောပြောင်းဆိုင်ကယ်ရှစ်စီးကို ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရှေးဟောင်းဘုရားပြုပြင်မွမ်းမံရာမှ ရှေးဟောင်းကြေးဘုရား ဆင်းတုတော် အဆူ ၃၃၁ ဆူနှင့် ဓာတ်တော်များတွေ့ရှိ

**အင်းတော် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု တုံစီရွာသစ်၏မြောက်ဘက် ၇ ဖာလုံခန့်အကွာ မဲဇာမြစ်ကမ်း၏ တောင်ဘက် ၂ ဖာလုံခန့်အကွာ၌ရှိသော ရှေးဟောင်းဘုရားတစ်ဆူအား ပြုပြင်မွမ်းမံရန်အတွက် မတ်လအတွင်းက တူးဖော်ခဲ့ရာ စေတီတော်အတွင်းမှ ရှေးဟောင်းကြေးဘုရားရုပ်ပွားဆင်းတုတော် ၃၃၁ ဆူနှင့် ဓာတ်တော်များကို တူးဖော်တွေ့ရှိရပြီး အပူဇော်ခံထားကြောင်း သိရသည်။

ယင်းစေတီတော်ကို မိုးညင်းမင်းတရားကြီးက သက္ကရာဇ် ၇၉၆ ခုနှစ်တွင် မဟာမုနိဓာတုရံသီ ဘွဲ့အမည်ပေး၍ တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါ တုံစည်ရွာမကျောင်း ဒုတိယဆရာတော်ဦးဉာဏေယျဦးစီး၍ ဉာဏ်တော် ကိုးတောင်ရှိသော စေတီတော်ငယ်ကို ဉာဏ်တော် ၁၈ တောင်အမြင့်ဖြင့် ကချင်ပြည်နယ် မော်ဟန်ရွာ ဘုရားဒကာ ဦးသန်းညွန့် ဘုရားဒါယကာ၊ ဒါယိကာမ ဒေါ်ခင်စန်းမြင့်တို့၏ ပစ္စယ အထောက်အပံ့ကိုယူ၍ စေတီငယ်ကို ထီးတော်နှင့်တကွငုံပြီး မွမ်းမံပြုပြင်ရန်ရှိကြောင်းသိရသည်။

**သတင်း- ကိုမင်း၊ ဓာတ်ပုံ- တင်ထွန်း(အင်းတော်)**



# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(VDP)ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းပြီးစီးမှုများ အရည်အသွေးပြည့်မီရေးစစ်ဆေး

**ဆားလင်းကြီး ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေန်အတွက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (LIFT Fund) နှင့် ပူးပေါင်း၍ ကျေးရွာတစ်ရွာလျှင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၅၀ နှုန်းစီဖြင့် ရေဝင်တောကျေးရွာ၊ မကျည်းတစ်ထောင်ကျေးရွာ၊ ကိုင်းကျေးရွာ၊ ငွေသာကျေးရွာနှင့် တောင်ကြားကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးခဲ့ပြီဖြစ်သောကြောင့် ဧပြီ ၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းများ အရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

"ကျွန်တော်တို့ ဆားလင်းကြီးမြို့နယ်မှာ ကျေးရွာတစ်ရွာလျှင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀နှုန်းစီနဲ့ ရေဝင်တောကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း၊ ကိုင်းကျေးရွာနှင့် မုံရွာ-ပုသိမ်ကားလမ်းသို့ ဆက်သွယ်တဲ့ လမ်းအား ဂျင်းခင်းခြင်း၊ မကျည်းတစ်ထောင်ကျေးရွာနှင့် ကိုင်းကျေးရွာ ဆက်သွယ်တဲ့ လမ်းအား မြေသားပေါင်တင်ခြင်း၊ တောင်ကြားကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်ခြင်းနဲ့ ငွေသာကျေးရွာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ခြင်းစတဲ့ လုပ်ငန်းတွေကို သက်ဆိုင်တဲ့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက တာဝန်ယူ ဆောင်ရွက်ခဲ့တာ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးခဲ့တာကြောင့် လုပ်ငန်းတွေ အရည်အသွေး ပြည့်မီရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း ဖြစ်ပါတယ်" ဟု ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးရွာလူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးအစီအစဉ်များ ရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့ (LIFT Fund) နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးမှု ရေးဆွဲရေးအစီအစဉ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကနဦးစမ်းသပ်အဆင့်တွင် တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခု နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ရှိ မြို့နယ်ပေါင်း ၃၄ မြို့နယ်၊ ကျေးရွာပေါင်း ၁၇၀ တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၅၀နှုန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် တမူးမြို့နယ်ရှိ ကျေးရွာငါးရွာနှင့် ဆားလင်းကြီးမြို့နယ်ရှိ ကျေးရွာ ငါးရွာစီကို ရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

# ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နှင့် ဝန်းကျင်ဒေသများမှ မြဝတီသို့သွားလာရာတွင် ပရိုဘောက်ကား အသုံးပြုမှုများလာ

**ကျိုက်ထို ဧပြီ ၇**

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာသည့်အလျောက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နှင့်ဝန်းကျင်ဒေသများမှ ကရင်ပြည်နယ် မြဝတီသို့သွားလာကုန်သွယ်ရာတွင် ပရိုဘောက်ကားများကို အသုံးပြုမှုများလာကြောင်း ဒေသခံများထံမှ သိရသည်။

ယခင်အခါက သိမ်ဇရပ်နှင့် ဝန်းကျင်ဒေသများဖြစ်သော ဝေါမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ မြဝတီသို့သွားလာ ကုန်သွယ်ကြရာတွင် ကားရှားပါးခြင်း၊ အတက်ရက်၊ အဆင်းရက်စောင့်ဆိုင်းရခြင်းတို့ကြောင့် အခက်အခဲများရှိသော်လည်း ယခုအခါ ဘားအံ-မြဝတီ ကားလမ်းသစ်ဖွင့်လှစ်ပြီးနောက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီဖြစ်ရာ ပရိုဘောက်ကားများဖြင့် ၅ နာရီခန့်အချိန်ပေးက အရောက်သွားလာနိုင်ပြီဖြစ်သည်။ ယင်းသို့သွားလာရာတွင် ယာဉ်စီးခအနေဖြင့် တစ်ယောက်တစ်သောင်းကျပ်ဖြစ်ပြီး ကုန်စည်ခအတွက် သီးခြားပေးဆောင်ရသည်။

"အရင်တုန်းက ကင်တာ၊ ဒိုင်နာတွေနဲ့ဆိုတော့ ခရီးသည်နည်းလို့ ကားကတွက်ခြေမကိုက်ရင် မထွက်တော့ဘူး။ အခု ပရိုဘောက်တွေကျတော့ ခရီးသည် လေးငါးယောက်ဆိုရင် တက်လို့ရတယ်။ ရတဲ့လေးငါးသောင်းနဲ့ပဲ အသွားအပြန်စရိတ်ကျေနေပြီ။ အပြန်မှာ ကုန်နဲ့လူတင်ရင် အမြတ်ပေါ့။ ဒရိုင်ဘာကြေး နှစ်သောင်း၊ လမ်းကြေးဘာညာနုတ်ဖယ်ပြီးရင် ကျန်တာ ကိုယ့်အတွက်ပေါ့။ ကားတစ်စီးပေါက်ဈေးကလည်း ဒေသလိုင်စင်နဲ့ သိန်း ၇၀ ဝန်းကျင်ပဲရှိတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ပရိုဘောက်ကားများပြေးဆွဲခြင်းကြောင့် ခရီးသွားများအတွက် အဆင်ပြေသကဲ့သို့ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း သိမ်ဇရပ်-မြဝတီ အသွားအပြန် တစ်ခေါက်ကို အကျိုးအမြတ်ပျမ်းမျှ ကျပ် ၃၀၀၀၀ မှ ကျပ် ၄၀၀၀၀ ခန့်ကျန်ပြီး ပုံမှန် ၁၀ ရက်လျှင် သုံးခေါက်နှုန်းခန့် ပြေးဆွဲရသဖြင့် အကျိုးအမြတ်ဖြစ်ထွန်းကြောင်း သိမ်ဇရပ်နှင့် ဝန်းကျင်တွင် ပရိုဘောက်ကားအစီးရေ ၃၀ ခန့်ရှိကြောင်း သိရသည်။

**ရဲခေါင်ဦး**

# မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့မှ နစ်မြုပ်ငါးသယ်လှေတစ်စီးအား ကူညီကယ်ဆယ်

**ကော့သောင်း ဧပြီ ၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့အနီး ဆလုံကျွန်း အနောက်ဘက် အက်ဒမန်ပင်လယ်ပြင်အတွင်း ဧပြီ ၄ ရက် မွန်းလွဲပိုင်းက ငါးသယ်လှေတစ်စီး နစ်မြုပ်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားရာ မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့မှ သွားရောက်ကူညီ ကယ်ဆယ်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က စိန်ဖြိုးအောင်-၃ အမည်ရှိ ငါးသယ်လှေတစ်စီး လုပ်ငန်းခွင်သို့ထွက်ခွာစဉ် ကော့သောင်းမြို့တောင်ဘက် ဆလုံကျွန်းအနီး သောင်တင်ကာ လှေဝမ်းအတွင်း ရေများဝင်၍ တဖြည်းဖြည်း နစ်မြုပ်ရာ လှေနစ်မြုပ်ရာ အက်ဒမန်ပင်လယ်ပြင်အတွင်း ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ရေကြောင်းရဲတပ်ဖွဲ့ သဘော်အုပ်စုမှ အချိန်မီသွားရောက်၍ အရေးပေါ်ကူညီကယ်ဆယ်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့်ငါးဖမ်းလှေလုပ်သားများ အသက်အန္တရာယ်ကင်းပြီး ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**



# ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ခမောက်ကြီး ဧပြီ ၇**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဇင်မာဝေနှင့် အဖွဲ့သည် ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ခမောက်ငယ်ကျေးရွာနှင့် ချောင်းဝကျေးရွာတို့တွင် တစ်နှစ်အောက်ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဧပြီ ၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများမှ တစ်နှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးနှင့် ပိုလီယိုထိုးဆေးများ ထိုးနှံခြင်း၊ ပိုလီယိုအစက်ချဆေး တိုက်ကျွေးခြင်းတို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်(ခမောက်ကြီး ပြန်/ဆက်)**

# ဘော်ဆိုင်းနှင့်ရေ အဆင်ပြေနေ

အောင်ထွန်း

မတ်လ ဒုတိယပတ်လောက်က သတင်းစာတစ်စောင်မှာ ပါလာတဲ့ သတင်းတစ်ပုဒ်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ဘော်ဆိုင်းဒေသမှာ သောက်သုံးရေ အခက်ကြုံနေဆိုတဲ့သတင်းပါ။ စာရေးသူဖတ်မိသိထားတာက ဘော်ဆိုင်းဒေသမှာ အလှူရှင် ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းနဲ့ ရေအရင်းအမြစ်ဦးစီးဌာနတို့ ပူးပေါင်းပြီး စက်ရေတွင်းတွေ တူးဖော်ပေးထားလို့ ရေအတွက် မပူပင်ရတော့ဘူးလို့ သိထားတယ်လေ။ အဲဒီသတင်းပါလာတော့ သတင်းအမှန်ကိုသိချင်လာတယ်။ ဒါပေမယ့် တောင်ကြီးသွားဖို့ အချိန်မရခဲ့ဘူး။ သွားဖို့စောင့်ရင်းနဲ့အခွင့်အလမ်းတစ်ခုပေါ်လာတယ်။ တောင်ကြီးမှာနေတဲ့ သူငယ်ချင်းက သူ့သားမင်္ဂလာဆောင်ပွဲတက်ရောက်ပေးဖို့ လှမ်းပြီးအကြောင်းကြားလာတယ်။ လာဖို့အတွက်လည်း ကားတစ်စီးစီစဉ်ပေးထားတယ်ဆိုတော့ လာဖြစ်အောင်လာဖို့ ကတိပေးလိုက်မိတယ်။

ရန်ကုန်ကနေ တောင်ကြီးကို မတ် ၂၆ရက် ညပိုင်းကထွက်၊ မတ် ၂၇ ရက် မနက်တောင်ကြီးရောက်ပါတယ်။ မနက်ပိုင်းမင်္ဂလာဆွမ်းကျွေးကိုသွား၊ ညပိုင်းမင်္ဂလာညစာစားပွဲတက်ပေါ့။ မတ် ၂၈ ရက်ကျတော့ ရန်ကုန်ကဧည့်သည်တွေ ဘုရားစုံဖူးကြတယ်။ စာရေးသူကတော့ ဘုရားဖူးမလိုက်ဘဲ ဘော်ဆိုင်းဒေသကို ခရီးဆန့်ဖြစ်ခဲ့တယ်။ ဘော်ဆိုင်းဒေသကိုရောက်တော့ ဒေသခံတစ်ဦးကို မိတ်ဆက်စကားပြောပြီး ရပ်ကွက်လူကြီးအိမ်မေးလိုက်တော့ ယင်းဒေသခံက လိုက်ပို့ပေးပါတယ်။ အဲဒါနဲ့ ဥက္ကဋ္ဌကို အဆင်သင့်တွေ့ခွင့်ရခဲ့ပါတယ်။ နှစ်ဦးသားမိတ်ဆက်စကားလည်းပြော၊ လာရင်းအကြောင်းကိုလည်းပြောပြပါတယ်။ ဥက္ကဋ္ဌနာမည်ကတော့ ဦးအောင်သန်းပါ။

ဥက္ကဋ္ဌဦးအောင်သန်းက “ကျွန်တော်တို့ ဘော်ဆိုင်းဒေသမှာ အရင်ကတော့ ရေတော်တော်ရှားပါတယ်။ သတ္တုနယ်မြေဖြစ်တော့ ရေဘယ်လိုမှမရနိုင်ဘူးလို့ အားလုံးက သိထားကြပါတယ်။ ဒါပေမယ့် အလှူရှင်ရဲ့ စေတနာ၊ ဒေသခံပြည်သူတွေရဲ့ လိုအင်ဆန္ဒ၊ တူးဖော်ပေးသူတွေရဲ့ မေတ္တာတွေကြောင့် ဘယ်လိုမှမျှော်မှန်းမထားခဲ့တဲ့ သန့်ရှင်းတဲ့သောက်သုံးရေကိုရရှိခဲ့ပါပြီ။ မနှစ်က ရေရရှိမှုအတွက် အထိမ်းအမှတ်အောင်ပွဲကို ခြိမ့်ခြိမ့်သဲပြုလုပ်ခဲ့ပါတယ်။ မိုးတွင်းကာလကတော့ ရေကိုဖောဖောသီသီ သုံးခဲ့ရပါတယ်။ ဆောင်းတွင်းမှာလည်း ဖောဖောသီသီ သုံးနိုင်ခဲ့ပါတယ်။ အခုနွေရာသီတော့ အယ်နီညိုကျရောက်ချိန်ဆိုတော့ နယ်မြေတော်တော်များများမှာ ရေအခက်အခဲတွေကြုံနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘော်ဆိုင်းဒေသမှာ ရေအတွက်အဆင်ပြေပါတယ်။ မပူပင်ရသေးပါဘူး။ ရေထွက်အား နည်းနည်းတော့ကျတယ်။ ဒါကြောင့် ရေပေးဝေချိန်သတ်မှတ်ပြီး မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပေးဝေနေပါတယ်။ ရပ်ကွက်နေပြည်သူတွေနဲ့လည်းတွေ့ပေးပါမယ်။ သူတို့ရဲ့ စကားသံတွေကိုလည်း နားထောင်သွားပါ။ ဒီအယ်နီညိုကာလကိုတော့ ကျွန်တော်တို့ ထွက်ရှိတဲ့ရေကို စည်းကမ်းနဲ့အညီ သုံးစွဲသွားမယ်ဆိုရင် အားလုံးအဆင်ပြေသွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် သောက်သုံးရေ အခက်အခဲဖြစ်နေတယ်ဆိုတယ်တော့ မဟုတ်ပါဘူး”ဟု ရှင်းပြသည်။

ဦးအောင်သန်းနှင့်တွေ့ဆုံပြီး ဘော်ဆိုင်းမြို့ကံသာရပ်ကွက်နေ ဦးပါဦး(ခနုတိုင်းရင်းသား)အား သောက်သုံးရေပေးဝေနေသည့် နေရာ၌ပင်တွေ့ဆုံ၍ နှုတ်ဆက်စကားပြောကာ ရေပေးဝေနေမှုအခြေအနေနှင့် ရပ်ကွက်နေပြည်သူများ ရေအတွက်အဆင်ပြေမှုရှိ၊ မရှိကို မေးမြန်းရာ ဦးပါဦးက “ကျွန်တော်တို့ အိမ်မှာမိသားစုခြောက်ဦးရှိပါတယ်။စီးပွားရေးကတော့ လက်ဖက်ခြံ၊ တောင်ယာ၊ ပြောင်းတို့ မျိုးစုံလုပ်ကိုင်ပါတယ်။ အလှူရှင်ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းကလှူထားတဲ့ ရေစက်က မနက် ၆နာရီရေလာတင်ပါတယ်။ မွန်းတည့် ၁၂နာရီလောက် ရေလာပိတ်ပါတယ်။ ရေစုပ်စက်အနားပေးတဲ့သဘောပါ။ ညနေ ၃ နာရီတစ်ကြိမ် ရေပြန်တင်ပေးပါတယ်။ ည ၉နာရီ စက်ပိတ်ပါတယ်။ အိမ်အတွက်ရေကတော့ သား၊ သမီးတွေ ခပ်ကြ၊ သယ်ကြပါတယ်။ (၃)ရပ်ကွက်၊ (၄)ရပ်ကွက်လောက်က လူတွေကတော့ ဆိုင်ကယ်၊ နွားလှည်းတွေနဲ့ ရေလာသယ်ကြပါတယ်။ အခုစက်ရေတွင်းကတော့ တစ်နာရီကို ရေဂါလန် ၈၅၀ လောက်ထွက်တော့ သောက်ရေအတွက် အများကြီးအဆင်ပြေပါတယ်။ ရေကလည်း ကြည်တယ်။ မြင်တဲ့အတိုင်းပဲ။ မနက်ပိုင်းနဲ့ ညနေပိုင်းဆို ရေထွက်အား ပိုကောင်းပါတယ်။ အယ်နီညိုကာလဖြစ်တော့ ရပ်ကွက်နေပြည်သူတွေ ရေကိုချွေတာပြီးတော့ သုံးဖို့ပြောထားပါတယ်။ ရေထွက်အားကောင်းနေတဲ့တွင်းတွေမှာ ရပ်ကွက်နေပြည်သူတွေက အလှည့်ကျခပ်ကြပါတယ်။ သုံးရေအတွက်တော့ အခုထိအဆင်ပြေပါတယ်။ ရေချိုးတာကတော့ ကန်ရေကိုပဲ ချိုးကြပါတယ်။ ဟိုအရင်နှစ်တွေကဆို ဒီရာသီမှာ ရေကားတွေနဲ့ ရေတွေသယ်ပြီး ဝေပေးနေရပြီ။ မနှစ်ကစပြီး အလှူရှင်က စက်ရေတွင်းတွေ တူးဖော်ပြီး ရေရရှိရေးကိုဆောင်ရွက်ပေးခဲ့လို့ ကျွန်တော်တို့ ဘော်ဆိုင်းမြို့မှာ အခုလိုရေအတွက် မပူပင်ရဘဲ ကိုယ့်စီးပွားရေးကို အေးအေးလူလူလုပ်လို့ရတာပေါ့။ အလှူရှင်တွေကို အမြဲတမ်းမေတ္တာပို့ပေးနေပါတယ်”ဟု ရှင်းပြသည်။

စာရေးသူသည် ဘော်ဆိုင်းမြို့အတွင်း ရေတွင်းရေကန်များမှ ရေထွက်ရှိမှုကို လေ့လာကြည့်မိရာ ဘော်ဆိုင်းမြို့ ငွေတောင်ဘုန်းတော်ကြီးကျောင်းမှ စက်ရေတွင်း၊ ကျောက်ထပ်ရွာ စက်ရေတွင်း၊ ရေပုတ်ရွာစက်ရေတွင်းနှင့် နီးစပ်ရာရွာများရှိ စက်ရေတွင်းများကို လေ့လာခဲ့ရာတွင် အချို့တွင်းများမှာ ရေထွက်ရှိမှုအနည်းငယ်ကျဆင်းမှုရှိသော်လည်း ရေထွက်အားကောင်းမွန်နေသေးသည့် တွင်းများကို ကြည့်ရှုမှတ်တမ်းတင်နိုင်ခဲ့သည်။



ကန်မာရပ်ကွက်မှ ဦးပါဦး(ခနုလူမျိုး) က သောက်သုံးရေသန့်ရရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားစဉ်။



ကံသာရပ်ကွက်မှ ဂါလန် ၅၀၀၀ ဆံ့ရေလှောင်ကန်ကိုတွေ့ရစဉ်။

ယင်းနောက် ဘော်ဆိုင်းမြို့ကို သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးကျော်ကျော်စိုးနှင့် တွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းခဲ့ရာ “ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းရဲ့ သာလွန်ထူးခြားတဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့ ဘော်ဆိုင်းမြို့ Water Project စီမံကိန်းပါ။ ကျွန်တော်တို့ဖောင်ဒေးရှင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအနှံ့အပြားရှိ ရေရှားပါးတဲ့ဒေသတွေကို သွားရောက်ပြီး အဝီစိစက်ရေတွင်းတွေ တူးဖော်လှူဒါန်းပေးခြင်း၊ ဆည်မြောင်းများ တူးဖော်ပြုပြင်ပေးခြင်းနဲ့ အိမ်တိုင်ရာရောက် ရေဖြန့်ဝေလှူဒါန်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်းဒေသအပါအဝင် နေရာဒေသအနှံ့အပြားတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းကျော် အကုန်အကျခံကာ စက်ရေတွင်းပေါင်း ၆၇ တွင်းကို တူးဖော်လှူဒါန်းခဲ့ပြီး ဘော်ဆိုင်းဒေသဟာ ရှေးယခင် အဆက်ဆက်ကတည်းက ရေချိုလုံးဝမထွက်ခဲ့ဘဲ သောက်သုံးရေအတွက် နှစ်စဉ်အခက်အခဲကြုံခဲ့ပါတယ်။ ဒါကြောင့် ဘော်ဆိုင်းဒေသမှာ သန့်ရှင်းတဲ့ သောက်သုံးရေချိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အရင်က UNDP အပါအဝင် NGO၊ INGO အဖွဲ့အစည်းတွေက အကြိမ်ကြိမ်တူးဖော်ခဲ့ပေမယ့် ရေချိုလုံးဝမရရှိခဲ့ပါဘူး။ အယ်နီညိုကာလမှာတော့ တချို့စက်ရေတွင်းတွေက ရေထွက်အားနည်းသွားတယ်။ ဒါပေမယ့် စက်ရေတွင်း အများစုကတော့ ရေထွက်အားကောင်းနေသေးလို့ ဒေသခံပြည်သူတွေအတွက် ရေလုံလောက်မှုရှိနေပါတယ်။ ဘော်ဆိုင်းဒေသမှာ စက်ရေတွင်း ၁၉ တွင်း တူးဖော်ပေးထားပါတယ်။ ဘော်ဆိုင်းမြို့ ကုန်းမြင့်သာယာ (မူလတန်းကျောင်း)၊ ကန်ဦး(ဈေးကုန်း)၊ ကံပြင်ရွာ၊ ကံသာ၊ ရွာဟောင်း(၁)၊ သဖန်းပင်(၂)၊ ရေဖြူကန်(၁)၊ ရေဖြူကန်(၂)၊ ရွှေဘုန်းပွင့်ဘုရား(ဘော်ဆိုင်း)၊ သဲကုန်း(၃)၊ ရွာသစ်၊ ကံပြင် (ဆေးရုံကုန်းဟောင်း-၂)၊ ကျောက်ထပ်၊ ကုန်းမဲဘုရား(၄)၊ ရေပုတ်ရွာ(မူလတန်းကျောင်း)၊ ရွှေမြစည်းဘုန်းတော်ကြီးကျောင်း၊ ဘော်ဆိုင်းတိုက်နယ်ဆေးရုံ၊ ငွေတောင်ဘုန်းတော်ကြီးကျောင်း၊ နောင်လွယ်ဘုန်းတော်ကြီးကျောင်းတွေမှာ ရေပေးထားလို့ ဒေသအတွက် ရေအခက်အခဲမရှိသေးပါဘူး။ လုံးဝရေခန်းသွားတဲ့ တွင်းလည်း မရှိသေးပါဘူး။ ရေတော့ တဖြည်းဖြည်းနည်းလာတာရှိပါတယ်။ နည်းသွားတယ်ဆိုပေမယ့် အနည်းဆုံး ရေဂါလန် ၁၀၀၀ ထွက်တဲ့တွင်းက အခု ဂါလန် ၄၀၀ လောက်ထွက်ပါသေးတယ်။ မနှစ်က ရေမခန်းပါဘူး။ မိုးရာသီနောက်ပိုင်း ရေခန်းသွားမှာစိုးလို့ ရေတွင်းတူးထားပါတယ်။ ရေထွက်အားနည်းတာလည်း အယ်နီညိုကြောင့်လို့ သိထားပါတယ်”ဟု ဦးကျော်ကျော်စိုးက ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်းရှိ အချို့သောနေရာဒေသများမှာ နှစ်စဉ်ရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် အယ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးမှုပြတ်လပ်မှုပြဿနာများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ထောက်ပြထားသည်။ စာရေးသူအနေဖြင့် ဘော်ဆိုင်းဒေသ၏ ပကတိမြေပြင်အနေအထားကို ကိုယ်တိုင်ကိုယ်တွေ့မြင်တွေ့ကြားသိလေ့လာခွင့်ရသဖြင့် ဒေသခံများနည်းတူ ဝမ်းသာပီတိဖြစ်မိပါသည်။ ရေအသက်တစ်မနက်ဟု ရှေးလူကြီးများပြောလေ့ပြောထရှိသော ဆိုရိုးစကားကိုလည်း အမှတ်ရမိပါသည်။ ရေတူးဖော်ရန် အခက်အခဲရှိခဲ့သော ဘော်ဆိုင်းဒေသတွင် သန့်ရှင်းသောသောက်သုံးရေရရှိအောင် တူးဖော်နိုင်ခဲ့သည်ဆိုခြင်းမှာ အခြားသောရေရှားပါးသည့်ဒေသများအတွက် သတင်းကောင်းဟုဆိုရမည်ဖြစ်သည်။ သို့သော် အကူအညီအထောက်အပံ့များ လိုအပ်မှုရှိနေပါသည်။ ရေရှားပါးမှုနှင့်ကြုံတွေ့နေရသော မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များ၏ အကူအညီအထောက်အပံ့များ ရရှိလာမည်ဟု ရည်သန်ရေးသားလိုက်ရပါသည်။



ဘော်ဆိုင်းမြို့ အမှတ်(၁) ရေကန်အားတွေ့ရစဉ်။



ကုန်းမြင့်သာယာရပ်ကွက် အဝီစိတွင်းတွင် ဒေသခံတိုင်းရင်းသားများ ရေခပ်နေကြစဉ်။

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

အရှီးတောင်းလက်ဖက် အကြော်ပွဲရုံ တည်ရှိသည်။ ယင်းဝင်းနှင့်ဆက်လျက် မြောက်ဘက်ဝင်းမှာ ဝါးတန်းသူဌေးဦးကျော် ဝင်းကျယ်ကြီးဖြစ်သည်။ သူဌေးဦးကျော်အဖြစ် လူသိများသည်။ သူဌေးဦးကျော်တိုက်၏ မြောက်ဘက် ၂၉ လမ်း မြောက်ဘက်တွင် ရေချိုကုန်သည် ဦးအေးမောင်၊ ဒေါ်လှမေတို့မှာ လူသိများသည်။ ဝါးတန်းရပ်ဖြစ်၍ ဝါးတန်းဦးအေးမောင်ဟုလည်း လူသိများသည်။ ထီးတိုင်ဈေးတိုက်တန်းနှင့် ဈေးချိုတောင်ဘက် စည်ကားသောနေရာဖြစ်သည်။

၂၉ လမ်း ချမ်းအေးသာစံ အနောက်ရပ်ကို ဝါးတန်းရပ်ဟု လူသိများသည်။ ရှေးအခါက ဝါးဖောင်များဆိုက်ကပ်ရာ ဝါးကုန်သည်များ ရောင်းချနေထိုင်ရာဖြစ်၍ ဝါးတန်းဟုတွင်သည်။ မန္တလေးမြို့တည်စဉ်က ဧရာဝတီရေကြီးချိန် ဈေးချိုနာရီစင်ထိ မြစ်ရေများရောက်ရှိသည်။ ဝါးတန်းရပ်တွင် ဝါးတန်းကထိန်မှာ သက်တန်းရှည်လှသော ကထိန်တော်အသင်းကြီးဖြစ်သည်။ နှစ်ပေါင်း (၁၀၂)နှစ်ရှိပြီး ရှေးအခါက ဝန်းတန်းကထိန်တွင် နာမည်ကြီးရပ်သေးပွဲများ ထည့်သွင်းလေ့ရှိသည်။

**ပင့်သာမင်းသမီးဝင်း**

အကွက်(၅၉၀)မှာ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားတည်ရှိပြီး ဟာစီဝင်း(ခေါ်) ပင့်သာမင်းသမီးဝင်းဖြစ်သည်။ စီကေကေဝင်းဟုလည်း လူသိများသည်။ မြောက်ဘက်ခြမ်းမှာ ၂၈ လမ်းမှာ သံဖြူတန်းဖြစ်သည်။ ဈေးချို၏ တောင်ဘက်ဖြစ်သည်။ ပင့်သာမင်းသမီး နေထိုင်ခဲ့ရာဝင်းမှာ ယခု ပရိယတ္တိသာသနဟိတအသင်းဂိုဒေါင်ဝင်းဖြစ်သည်။ ၈၅ လမ်းနှင့် ၂၉ လမ်းထောင့်တွင် ယခင်က မြန်မာ့လမ်းစဉ်သတင်းစာတိုက်တည်ရှိသည်။ ပိုင်ရှင်မှာ မြန်မာ့လမ်းစဉ် ဦးစိန်ဝင်းဖြစ်သည်။ ၈၅ လမ်းနှင့် ၈၄ လမ်းကြား ၂၉ လမ်း မြောက်ဘက်ခြမ်းတွင်လည်း ယခင်က ဦးဘခြံပုံနှိပ်တိုက်တည်ရှိသည်။

**ရုံတော်ကြီး**

၈၄ လမ်း၊ ၂၉ လမ်းနှင့် ၂၈ လမ်းကြားတွင် အနောက်ဘက်ခြမ်း၌ နန်ထင်ဝင်းရှိသည်။ နန်ထင်စားသောက်ဆိုင်ရှိခဲ့သဖြင့် နန်ထင်ဝင်းတွင်သည်။ ၈၄ လမ်းပေါ်တွင် ရဲရင့်စာအုပ်တိုက်၊ ရုံတော်ကြီး ဟိုတယ်တို့မှာလည်း စစ်ကြိုခေတ်မှစ၍ နာမည်ထင်ရှားသည်။ ရုံတော်ကြီးမှာ သီပေါမင်းလက်ထက်က ထီရုံဖွင့်လှစ်ခဲ့ရာနေရာဖြစ်၍ ရုံတော်ကြီးဟူ၍ တွင်ခဲ့သည်။ ၁၂၄၀ ပြည့်နှစ် တပေါင်းလတွင် ရွှေမြို့တော်အတွင်း ထီရုံများစတည်ပြီး တစ်လလျှင် (၁၀)ကြိမ် ဖွင့်လှစ်ခဲ့သည်။ နောင်တွင် ၎င်းထီရုံများကို ပိတ်ပစ်လိုက်ရသည်။

**ဈေးချိုရပ်ကွက်**

ခမ်းအေးသာစံ အရှေ့၊ အနောက်၊ အလယ် ရပ်ကွက်များသည် မန္တလေးမြို့၏ ဈေးချိုတော်ကြီး အရှေ့၊ အနောက်ဝန်းကျင်ပတ်လည် ရပ်ကွက်များအဖြစ် အကွက်ကျကျ ပါဝင်လျက်ရှိပြီး အရောင်းအဝယ်လုပ်ငန်း ရပ်ကွက်များလည်းဖြစ်၏။ ချမ်းအေးသာစံဟူသည် အရောင်းအဝယ်ကုန်သည်များ အေးအေးချမ်းချမ်း နေထိုင်ကြရာ ရပ်ကွက်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ မင်းတုန်းမင်းမြို့တည်ပြီး ရပ်ကွက်အမည်များ သတ်မှတ်စဉ်ကပင် ချမ်းအေးသာစံရပ်ကွက်အမည် ပါဝင်သည်။

ချမ်းအေးသာစံ အနောက်ရပ်ကွက်များမှ အကွက် (၅၉၉)၊ (၆၀၀)၊ (၆၀၁)တို့သည် အဆင့်မြင့်ဈေးချိုတော်အကွက်များ ပါဝင်သည်။ မူလဈေးချိုတော်ကို မြို့တည်စဉ်ကပင် ယခုလက်ရှိ နေရာအရှေ့ဘက်၌ တည်ဆောက်ခဲ့ပြီး မီးအကြိမ်ကြိမ်လောင်ခဲ့သဖြင့် ၁၂၆၃ ခုနှစ်မှစ၍ (၁၂)ရုံပါဝင်သည့် ဈေးချိုတော်ကို ဆောက်လုပ် ၍ ခုတွင်ဈေးချိုတော် ဖွင့်လှစ်ခဲ့၏ နာရီစင်ကြီးကိုလည်း ထိုနှစ်၌ ဖွင့်လှစ်ခဲ့၏။ ၁၉၉၁ ခုနှစ်တွင်(၁၂)ရုံပါ ဈေးချိုတော်ဟောင်းကို ခေတ်မီလေးထပ် အဆင့်မြင့်ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်ခဲ့ကာ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် လက်ရှိအဆင့်မြင့် ဈေးချိုတော်ကြီးကို ဖွင့်လှစ်ခဲ့၏။

**ဆင်ကျုံးဗလီ၊ ရှင်ဥဂုတ်ဝင်း**

ချမ်းအေးသာစံ အလယ်ရပ်ကွက်ရုံးမှာ ၈၂ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိပြီး အကွက် (၈)ကွက်ရှိသည်။ အကွက်(၅၆၁)သည် ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားဖြစ်ပြီးလှိုင်တက်ဝင်း၊ တောင်ဆင်ကျုံး ဗလီဝင်းများပါဝင်သည်။ တောင်ဆင်ကျုံးဗလီမှာ မင်းတုန်းမင်းလက်ထက်ကတည်းက တည်ဆောက်ခဲ့သော ဗလီများတွင် ပါဝင်သည်။ မင်းတုန်းမင်းလက်ထက် ဆင်ကျုံးအမှုထမ်းများနေထိုင်ခဲ့ရာ နေရာဖြစ်သဖြင့် ဆင်ကျုံးဝင်းဟု အမည်တွင်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် သွေးသောက်ကြီးကျော်စွာတို့ နေထိုင်ခဲ့ရာဝင်းဖြစ်ကြောင်း အစဉ်အလာမှတ်သားခဲ့ကြသည်။ ၈၄လမ်းအရှေ့ဘက် ဝင်းကျယ်ကြီးများဖြစ်ရာ ရှင်ဥပဂုတ်ဝင်းလည်းပါဝင်သည်။ ရှေးယခင်က ဆေးဆိုးပန်းရိုက်လုပ်ငန်းများရှိသဖြင့် ဆေးဆိုးဝင်းဟုလည်းတွင်ခဲ့သည်။

> **ရှေးယခင်က ဆေးဆိုးပန်းရိုက်လုပ်ငန်းများရှိသဖြင့် ဆေးဆိုး ဝင်းဟုလည်းတွင်ခဲ့သည်။ ယခုရှင်ဥပဂုတ္တမထေရ်ကိန်းဝပ်ရာ ဓမ္မာရုံလည်း တည်ရှိသည်။ ရှင်ဥပဂုတ္တပူဇနိအသင်းကို ၁၂၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ကျားဦးဘာဘာမူလအဖွဲ့က တည်ထောင်ခဲ့ကြောင်း မှတ်သားရသည်။**

ယခုရှင်ဥပဂုတ္တမထေရ်ကိန်းဝပ်ရာ ဓမ္မာရုံလည်းတည်ရှိသည်။ ရှင်ဥပဂုတ္တပူဇနိအသင်းကို ၁၂၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ကျားဦးဘာဘာမူလအဖွဲ့က တည်ထောင်ခဲ့ကြောင်း မှတ်သားရသည်။ နှစ်စဉ် ဧရာဝတီမြစ်မရမ်းခြံဆိပ်ကမ်းမှ ရှင်ဥပဂုတ္တမထေရ် ရေမျှောပူဇော်ပွဲ ကျင်းပခဲ့ရာ(၉၁)ကြိမ်ရှိပြီဖြစ်သည်။ ရှင်ဥပဂုတ္တမထေရ် ရေမျှောပူဇော်ပွဲမှာ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ လှည်းတန်းများဖြင့် စည်ကားစွာ ပင့်ဆောင်ရေမျှော့သည့် ဘုရားပွဲဖြစ်သည်။ မန္တလေးမြို့လယ်မှ ရိုးရာပွဲတစ်ပွဲဖြစ်သည်။ ၂၇-၂၈ လမ်းကြား ချမ်းအေးသာစံမြို့လယ် ၈၃ လမ်းပေါ်တွင် ဖီးနစ်မြန်မာ့ရိုးရာလက်မှုအနုပညာ ပစ္စည်းအရောင်းဆိုင် တည်ရှိသည်။ ရှားပါးရှေးဟောင်းပစ္စည်းများပြသရောင်းချသည်။

**ရှင်ဘို့မယ်ဝင်း**

ချမ်းအေးသာစံ အလယ်အကွက် အမှတ်(၅၈၆)၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားဖြစ်သည်။ရှင်ဘို့မယ်ဝင်းဟု လူသိများသည်။ ရှင်ဘို့မယ်ဝင်း ဘုရားတည်ရှိသဖြင့် လူစည်ကားသည်။ အရှေ့ပေါက်မှ ဝင်းတစ်ခြမ်းမှာ ပန်ချီဝင်းဟုလည်းခေါ်သည်။ ရှင်ဘို့မယ်ဘုရားမှာ သက္ကရာဇ် ၇၉၂ ခုနှစ်တွင် အင်းဝ နေပြည်တော်မှ မိဖုရားကြီး စောဘို့မယ်(ခေါ်)ရှင်ဘို့မယ်က ခတ္တိယရွာဦးထိပ်၌ တည်ထားခဲ့ခြင်းဖြစ်သည်ဟု မှတ်သားခဲ့ကြသည်။ ၈၄လမ်း၏ အနောက်ဘက်တွင် ခတ္တိယဝင်းရှိသည်။ မိဖုရားကြီး ရှင်ဘို့မယ်၏ နောက်ဆုံးကြင်ရာတော်မှာ မိုးညှင်းမင်းတရားကြီး ဖြစ်သည်။ မိုးညှင်းမင်းတရားကြီးကလည်း မိဖုရားကြီးရှင်ဘို့မယ် ဘုရားတည်သော ၇၉၂ ခုနှစ်တွင် မိမိစခန်းချရပ် နေထိုင်ခဲ့ဖူးသော စစ်ကိုင်းမြို့ ထန်းတောဥယျာဉ်၌ ရတနာစေတီ ဆင်များရှင်ဘုရား စေတီတော်တည်ထားခဲ့သည်။

**ဘုရားသုံးဆူဝင်း**

အကွက်(၅၈၅) သည် ၂၉လမ်း၊ လမ်း ၃၀နှင့် ၈၃လမ်း၊ ၈၂ လမ်းကြားတည်ရှိသည်။ ထင်ရှားသည့်ဝင်းမှာ ဘုရားသုံးဆူဝင်းဖြစ်သည်။ ဝင်းအတွင်း၌ ဘုရားသုံးဆူတည်ရှိသည်။ ထိုင်း(ယိုးဒယား)အဆက်အနွယ်များ တည်ထားခဲ့သည်။ ဘုရားသုံးဆူကို မောင်နှမသုံးဦးက တည်ထားခဲ့ခြင်းဖြစ်သည်ဟုလည်း အယုံအကြည်ရှိကြသည်။ စေတီပုံစံမှာ ထိုင်းယဉ်ကျေးမှုနှင့် နီးစပ်သည်။ မန္တလေးမြို့၏ ဘုရားပွဲများတွင် အစောဆုံးကျင်းပသော ဘုရားပွဲဖြစ်၍ ဘုရားပွဲအစ ဘုရားသုံးဆူက၊ ဘုရားပွဲအဆုံး ဝါးခင်းကုန်းဟု အဆိုရှိသည်။ ဘုရားသုံးဆူဘုရားပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း(၁၀)ရက်နေ့တွင် ကျင်းပသည်။ ဘုရားသုံးဆူနှင့် နောက်ကျောမှဝင်းမှာ ရာမနတ်စင်ဝင်းဖြစ်သည်။ ယခုတိုင် နတ်စင်ရှိသည်။ ထိုင်းအဆက်အနွယ်များ နေထိုင်ခဲ့ရာ ရှေးကရပ်ကွက်များဖြစ်၍ ဘိုးဘိုးကြီး၊ ရာမမင်း၊ မယ်သီတာ၊ ညီတော်လက္ခဏ၊ ယနုမာန်မျောက်ရုပ်တုများ နတ်စင်တွင်ထားရှိပြီး သက်သက်လွတ်ကိုးကွယ်သည့် ဓလေ့ဖြစ်သည်။ ဒေါ်လှကြီး သားသမီးများက အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ယခု ဒေါ်မြနှင်း မိသားစုက စောင့်ရှောက်ထားသည်။ အရှေ့ဘက်တွင် ရေစင်ဝင်းနှင့် ယခင်က ယိုးဒယားဈေးနေရာဖြစ်သည်။

သက္ကရာဇ် ၁၁၂၉ ခုနှစ် ကုန်းဘောင်ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်တော်က ယိုးဒယားမင်းနှင့်တကွ နိုင်ငံအလုံးကို ရတော်မူသည်ဖြစ်၍ ယိုးဒယား(ထိုင်း) လူမျိုး တစ်သိန်းခြောက်ထောင်တစ်ရာကို ရတနာပူရ အဝမြို့ ရောက်ခေါ်တော်မူခဲ့ပြီးလျှင် သင့်ရာအမှုတော်ကို ထမ်းရွက်ကြစေရန်စီမံ၍ နေရာရပ်ကွက် ချထားပေးခဲ့၏။ ထို့ကြောင့် ယိုးဒယားဇာတ်တော်ကြီးအမှုထမ်းတို့မှာ ရွှေဖဝါးတော်အောက်တွင်နေထိုင်၍ ထမ်းရွက်ကြရသည်။ မန္တလေးမြို့ ရတနာပုံ ဒုတိယနန်းစံမင်းတရားကြီး ဘုရား(သီပေါမင်း)လက်ထက်တွင် ယိုးဒယားဇာတ်တော်ကြီးအမှုထမ်း လူ ၉၁ဦးတို့မှာ လယ်(၉၁)ပယ်စားသနားတော်မြတ်ခံရသည်။ သို့ဖြစ်၍ မန္တလေးမြို့တည်သောအခါ ယိုးဒယား(ထိုင်း)အစုအမှုထမ်းများလည်း မြို့တည်ရာ လိုက်ပါနေထိုင်ရာ အကွက်ချထားပေးခဲ့ခြင်းဖြစ်သည်။

**အိုးဘိုဗလီဝင်း**

ချမ်းအေးသာစံ အလယ်ရပ် ၈၂လမ်း၊ ၈၃လမ်းနှင့် ၂၈လမ်း၊ ၂၉လမ်းကြား အကွက် (၁၉၂) မှာ အိုးဘိုဗလီဝင်းဖြစ်သည်။ အိုးဘိုဗလီမှာ မင်းတုန်းမင်းလက်ထက် တည်ဆောက်ခဲ့သော ရှေးအကျဆုံး ဗလီကြီးဖြစ်သည်။ အိုးဘိုခေါ်ခြင်းမှာ အိုးများပြုလုပ်ကြသဖြင့် အိုးဖိုမှ အိုးဘိုတွင်ခြင်းဖြစ်သည်။ ရှေးက ကျွန်းတိုင်ကြီးများ၊ ကျောက်သား ပန်းပုအနုလက်ရာများဖြင့် လှပခံ့ညားစွာ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ၁၉၈၄ ခုနှစ် မီးလောင်ခဲ့ရာ၌ ပျက်စီးခဲ့သည်။ အိုးဘိုဗလီဒကာမှာ ပုဂံမင်း၊ မင်းတုန်းမင်းလက်ထက် နန်းတော်၊ အိမ်တော်သို့ ပျက်စီးခဲ့သည်။ အိုးဘိုဗလီ ဒကာမှာ ပုဂံမင်း၊ မင်းတုန်းမင်းလက်ထက် နန်းတော်၊ အိမ်တော်သို့ ပိုးချည်သွင်းသူ ကုန်သည်ခေါင်းဦးချိန်ဖြစ်သည်။ သူတစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသည်။ မင်းတုန်းမင်းနန်းတက်ပြီး ၁၂၂၁ ခု၊ တပေါင်းလဆန်း (၁၂)ရက်နေ့ ဆောက်လုပ်သည်။ နောက်ပိုင်း၌ ဟာဂျီဦးမြစ်က ပြုပြင်တည်ဆောက်ခဲ့၏။

**မြောက်ဆင်ကျုံးဗလီဝင်း**

အကွက် ၉၅၉၈)မှာလည်း မြောက်ဆင်ကျုံးဗလီဝင်းဖြစ်သည်။ ဘုရင့်လက်ထက် ဆင်ကျုံးအမှုထမ်းများ နေထိုင်ခဲ့ကြသည်။ ရှေးအခါက ၂၉ လမ်း တစ်ဝိုက် မြစ်ရေလျှံတက်လာသောအခါ ဆင်တွေ ကျုံးသွင်းရေချိုးကြသည်ဟုလည်း အစဉ်အဆက် မှတ်သားခဲ့ကြသူများ ပြောကြသည်။ ဆင်ကျုံးရပ်သည် ဆင်ကျုံးသွင်းရာလည်းဖြစ်ကြောင်း မှတ်သားရသည်။ နောင်တွင် ဖို့မြေများဖြင့် မြေသားညီအောင် တည်ဆောက်ခဲ့ကြသည်။ ထိုဝင်းထဲတွင် ရှမ်းချယ်ရီဆိုင်ရှိသဖြင့် ရှမ်းချယ်ရီဝင်း၊ မေမံဝင်းဟုလည်း ခေါ်ကြသေးသည်။

**ဆင်ဝင်း**

ချမ်းအေးသာစံအလယ်ရပ် အကွက်(၅၉၇)မှာ ၈၂ လမ်း၊ ၈၃ လမ်းနှင့် ၂၈ လမ်း၊ ၂၇ လမ်းကြားတည်ရှိပြီး ရှိအာဗလီဝင်းဟု ခေါ်ဆိုသည်။ ရှေးက ဆင်ဝင်းဟုလည်း ခေါ်ဆိုသည်။ မြန်မာမင်းလက်ထက်တွင် ဆင်မင်းဝန်ထောက်၊ ဆင်မင်းနာခံ၊ ဆင်မင်းစာရေးကြီး၊ ဆင်မင်းနောက်တော်ထိုင်၊ ဆင်မင်းပျော်ဘွယ်စသည့် ဆင်မှုထမ်းများခန့်ထားပြီး လစာတော်၊ ငွေတော်၊ စပါးတော်များ ချီးမြှင့်သည်။ ဆင်မင်းဝန်ထောက်တို့မှာ လစာ ၂၀၀ ကျပ်ရသည်။ မင်္ဂလာအိမ်တော်ပါ ဆင်တော်ဦးစီးမှာ လစာ(၃၀၀)ရသည်။ ဆင်များထားရှိရာ ရပ်ကွက်ဖြစ်၍ ဆင်ဝင်းဟုလည်း ခေါ်ဆိုသည်။ နောက်ပိုင်း ရှီအာဗလီဝင်းဟု အသိများသည်။ အကွက်(၆၀၂)မှာ ၂၆ လမ်း၊ ၂၇ လမ်းကြားနှင့် ၈၃ လမ်း၊ ၈၄ လမ်းကြားဖြစ်သည်။ ဈေးချိုတော်အရှေ့ဘက်ဖြစ်သည်။ ငါးပိတန်းလကျ်ားဟု ခေါ်ကြသည်။ မြို့တည်ချိန် ရှေးအခါက ဈေးကြိုတော်နေရာဟု လူသိများသည်။ ၎င်းဝင်းများမှာ ပတ်လည်တိုက်တန်းများ တည်ဆောက်နေထိုင်ကြသဖြင့် တိုက်တန်းဝင်းဟုလည်း ခေါ်ဆိုကြသည်။ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားမှာ တိုက်တန်းဗလီဝင်း ဖြစ်သည်။

**မြို့ဝန်မင်း**

အကွက်(၆၀၃) အရှေ့ခြမ်းဝင်းကြီးမှာ ယခု ကားကြီးဝင်းဟု လူသိများသည်။ မန်းမြို့ဗဟိုခရီးသည်ပို့ဆောင်ရေးစခန်း ကားဂိတ်ပေါင်းစုံနှင့် "ချမ်းအေးသာစံ" ဟိုတယ် ဖွင့်လှစ်ထားသည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ကားကြီးဝင်းဖြစ်၏။ ရှေးအခါက မြို့ဝန်မင်း ဦးသာအိုး၏ဝင်းဟု မှတ်သားရသည်။ ဝင်းအတွင်း အရှေ့တောင်ထောင့်တွင် မြေပေါက်စေတီတစ်ဆူ ယခုတိုင်ရှိသည်။ အရှေ့ဘက်မုခ်ပေါက်ဖြင့် တည်ထားသည်။ ယခင်တိုက်တန်းဝင်းဟုလည်း ခေါ်သည်။ မြို့ဝန်ဦးသာအိုး နေထိုင်ခဲ့ပြီး သူ၏ဇနီးငယ်နှင့် မသက်ာသူ စလေဦးပုညအား အငြိုးဖြင့် အကျယ်ချုပ်ထားခဲ့သည့်နေရာလည်းဖြစ်သည်။ မြို့ဝန်မင်းဝင်းဟု အစဉ်အဆက်မှတ်သားခဲ့ကြသည်။ နောက်ပိုင်းတွင် မီးသတ်ဗိုလ် ဦးမောင်မောင်တို့ မိဘဆွေမျိုးများ နေထိုင်ခဲ့ကြဖူးကြောင်း မှတ်သားရသည်။

**ဝက်မစွတ်ဝန်ထောက်မင်းဝင်း**

ချမ်းအေးသာစံ အရှေ့ရပ်ကွက်မှာလည်း အကွက်ပေါင်း (၈)ကွက်ရှိသည်။ ဤရပ်ကွက်များမှာလည်း မန္တလေးမြို့တည်စဉ် လူနေထူထပ်သော ရပ်ကွက်များဖြစ်သည်။ လူမျိုးစုံလည်းနေထိုင်ရန် ချထားပေးသည်။ မင်းတုန်းမင်းကြီးသည် ဘာသာပေါင်းစုံကိုလည်း ချီးမြှင့်ပေးသနားသည်။ ချမ်းအေးသာစံအရှေ့အကွက် (၅၈၃) မှာ ဝက်မစွတ်ဝန် ထောက် မင်းဝင်းဟု မှတ်သားရသည်။ လမ်း ၈၀၊ ၈၁လမ်းနှင့် ၂၉လမ်း၊ လမ်း ၃၀ ကြားရှိသည်။ ယခု အမှတ် (၁၅) အထက (ယခင် ဗုဒ္ဓသာသနာနုဂ္ဂဟ အထက်တန်းကျောင်း) သမိုင်းဝင်ကျောင်းတော်ကြီးဖြစ်သည်။

ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူမှာ ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ အဘိုးဖြစ်သည်။ ဝက်မစွတ်ဝင်းသည် ဟေမာဇလရပ်တွင်လည်း ရှိသေးသည်ဟု မှတ်သားရသည်။ ဝက်မစွတ်ဝင်း၏ အနောက်ဘက်ကပ်လျက် ယိုးဒယားဈေးရှိခဲ့သည်။ ယိုးဒယားဈေး ရဲဌာနအတွင်း၌ ဒေါ်ဒဂုန်ခင်ခင်လေးက အဘိုးကိုရည်စူး၍ ဓမ္မာရုံတည်ဆောက်ခဲ့သည်။ ရပ်သူရပ်သားများ ဥပုသ်သီတင်းသီလဆောက်တည်ရန်ဖြစ်သည်။ ကွယ်လွန်သူ ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူနှင့် သမီး ခင်ခင်လတ်ကြီးတို့ ကောင်းမှုဟူ၍ ဆိုင်းဘုတ် ရေးထိုးခဲ့သည်။ ယခု ရဲစခန်းအရှေ့ထောင့်၌ ဓမ္မာရုံတည်ဆောက်ထားရာ ကျုံးအတွင်းမှ ပေါ်တော်မူဘုရားတည် ထားကိုးကွယ်ကြသဖြင့် ကျုံးပေါ်တော်မူဘုရားဓမ္မာရုံဟုလည်း ခေါ်ဆိုကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**



## ညောင်ဦးခရိုင် တွင်မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်လှစ်

**ညောင်ဦး မေ ၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၅၃၄ ဒသမ ၅၈၁ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သော ညောင်ဦးခရိုင် မြို့နယ်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၆ရက်နံနက် ၉ နာရီက အဆိုပါရုံးမြေနေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဝင်းမြင့်ခိုင်နှင့် ဦးမြင့်စိန်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးတဲရင့်စံမွှိုင်းနီခွဲတို့က အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ညောင်ဦးခရိုင် မြို့နယ်တရားရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားဦးစီးမှူးတို့က အဆောက်အအုံ၏ ကမ္ပည်းမော်ကွန်းတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီးနောက် ခရိုင်၊ မြို့နယ်တရားရုံးအဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ညောင်ဦးခရိုင် မြို့နယ် တရားရုံးကို ညောင်ဦးမြို့ အမှတ်(၅)နယ်မြေ သီရိပစ္စယာရပ်ကွက်ရှိ မြေဧရိယာ ၅ ဒသမ ၄၁၇ ဧကပေါ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ သံကူကွန်ကရစ် နှစ်ထပ်အမျိုးအစားဖြစ်ပြီး အလျား ၁၈၈ ပေ၊ အနံ ၇၂ ပေ အကျယ်ရှိ ယင်းအဆောက်အအုံကို SME ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

# ရေစကြိုမြို့နယ်တွင် လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာခြင်းကြောင့် လူတစ်ဦးသေဆုံး

**ပခုက္ကူ မေ ၇**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၅ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က လေပြင်းများ စတင်တိုက်ခတ်ခဲ့ပြီး မိုးရေချိန် သုည ဒသမ ၅၀ ရွာသွန်းခဲ့သည်။ လေပြင်းတိုက်ခတ်သည့်အချိန်ကြောင့် ရေစကြိုမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ပေါက္ကူကျေးရွာနေ အသက်(၆၅)နှစ်ရှိ ဒေါ်ငယ်၏ နေအိမ်အနီးတွင်ရှိသော ပေပင်မှာ နေအိမ်ပေါ်သို့လဲကျခဲ့သောကြောင့် နေအိမ်အတွင်းရှိ ဒေါ်ငယ်မှာ သေဆုံးသွားကြောင်းသိရသည်။

ယင်းနောက်ရွာသစ်ကျေးရွာဘုန်းတော်ကြီးကျောင်းက လျှပ်စစ်အင်ဂျင်ဖြင့် ကျေးရွာမီးပေးထားစဉ် မီးကြိုးပျက်ကျနေသည်ကို ထိမိရာမှ ဦးဇော်မြင့်(၄၈) နှစ်မှာ ဓာတ်လိုက်မှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါလူနာအား ရေစကြိုဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခဲ့ခြင်းကြောင့် နန်ဦး၊ ထန်တောကျေးရွာတို့တွင် နေအိမ် ၁၀ လုံးပြိုကျခဲ့ပြီး အိမ် ၃၃ လုံးတွင် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေစကြိုတမာတန်းလမ်းဆုံတွင် သစ်ပင်များလဲကျမှုဖြစ်ပေါ်၍ ယာဉ်သွားလမ်းများ ခေတ္တပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးဆောင်ကြီးကြပ်၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းရှင်လင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင် ပြန်/ဆက်**

## မြစ်သားမြို့နယ်တွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၁၆)ဖွင့်

**မြစ်သား မေ ၇**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း(၁/၂၀၁၆) ကိုမေ ၆ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု (၈၈)အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၁၇၆ ဦး တက်ရောက်ခဲ့ပြီး မေ ၆ ရက်မှ ၈ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## ကျောင်းကုန်းမြို့တွင် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ကျောင်းကုန်း မေ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်တွင် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ဆေးရုံကြီးကြပ်မှု ကော်မတီဝင် မြို့မိ မြို့ဖ ဦးတင်မောင်က မုဒိတာစကားပြောကြားခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အလှူရှင်များလှူဒါန်းသောဆေးရုံသုံးပစ္စည်းများမှာ လူနာခုတင်၊ ဆက်တီကုလားထိုင်၊ ရေသန့်စက်၊ အဆောက်အအုံသစ် အဝင်ဝမုန်တံခါးနှင့် လူနာများအသုံးပြုရန် ဗီရိုများဖြစ်ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**


မြတ်သုခ Travel & Tours 09 5144756, 09 793144756
▲ ကျိုက်ထီး-ဘားအံ ငနွေချောင်းပြန် Apr 8, 9, 18, 19 35000/-
▲ မန်းရွှေစက်တော်၊ မင်းဘူး၊ မကွေး၊ ပြည်၊ ဘုရားစုံ Apr 12, 13 90000/-
▲ ဂဏ်တော့၊ ငပြောက်ဦး၊ ကျောက်တော်၊ ဝေသာလီ Apr 12, 13, 190000/-

သန္တိသုခ
A. APR 11 ၁.၅ သိန်း
B. APR 10 ၂.၅ သိန်း
C. APR 11 ၄.၂ သိန်း
09-26 4444 750
09-4210 14948

Travels & Tours Co.,Ltd
Ph: 01-551463, 09-5156297, 09-5014517, 09-450063758
April Scania
12 200000
13 230000
12 190000

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင် (၁၀၀၀)ဦးအနက် "ကမ္ဘောဇဘဏ်လီမိတက်"သည် "ပထမနေရာ" မှ (၄)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့်

KBZ BANK / KBZ GROUP ၏ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား

အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးကျော်မင်း + သီဟသုခမွေသီဂီ ဒေါ်ခင်ပြုံးသဉ်(ခ)မငယ်


ခရီးသွားဖို့
ကားနဲ့လေယာဉ်လက်မှတ်တွေကို
MAB မိုဘိုင်းဘဏ်နဲ့ဝယ်လို့ရပြီလေ။
MAB
MOBILE BANK
MAB မိုဘိုင်းဘဏ်သည် အခြားနေ့စဉ် ငွေကြေးဆောင်ရွက်မှုများကိုလည်း
လုံခြုံစိတ်ချစွာဆောင်ရွက်ပေးနေပါပြီ။
စာရင်းမရှိသူသို့ငွေပို့ခြင်း
ကြိုတင်ငွေဖြည့်ခြင်း
အေတီအမ်သို့
မြန်မာ့ရှေ့ဆောင်ဘဏ်
အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
MAB
MOBILE BANK
မိုဘိုင်းမှန်းထဲက ကျွန်ုပ်ဘဏ်

ဝိသာခါ ဖောင်ဒေးရှင်း
VISĀKHĀ FOUNDATION

# ဝမ်းမြောက်ကြည်နူး ကျေးဇူးတင်လွှာ

၂၀၁၆ခုနှစ်၊ မတ်လ (၃၁)နေ့၊ ရန်ကုန်မြို့ Novotel Hotel, Yangon Ballroom ၌ ကျင်းပ ပြုလုပ်ခဲ့သော ဝိသာခါ ဖောင်ဒေးရှင်း၏ Charity Gala Dinner အား အမှာစကား ပေးပို့ပေးပါသော နိုင်ငံတော် သမ္မတ၏ ဇနီး ဒေါ်စုစုလွင် အားလည်းကောင်း၊ တက်ရောက် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ် အားလည်းကောင်း ၊ ဂုဏ်ပြုစကား ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် အားလည်းကောင်း၊ မေတ္တာဖြင့် သင်တန်းသားများ၏ ဘဝပုံရိပ် Documentary Film ကို ရိုက်ကူးပေးပါသော ဒါရိုက်တာ ကြည်ဖြူသျှင် အားလည်းကောင်း ၊ ကြွရောက် ချီးမြှင့်ပေးရုံ သာမက ဝိသာခါ ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များကို ကျေနပ်အားရ ယုံကြည်စွာဖြင့် စေတနာ သဒ္ဓါတရား ထက်သန်စွာ အလှူငွေများ လှူဒါန်းပေးပါသော ဧည့်သည်တော် ဂုဏ်သရေရှိ လူကြီးမင်းများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဤအခမ်းအနားကို အစအဆုံး မေတ္တာဖြင့် ရိုက်ကူးပေးပါသော Sky Net ၊ MRTV- 4 အဖွဲ့သားများ၊ သတင်းနှင့် စာနယ်ဇင်းများ၊ Media များ ၊ Charity Gala Dinner ကို စည်ကား သိုက်မြိုက်အောင် အဖက်ဖက်က ပံ့ပိုးကူညီပေးကြသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ ရန်ကုန် – မန္တလေးမှ ဝိသာခါ အသင်းဝင်များ နှင့် ၎င်းတို့၏ မိသားစု ဝင်များ၊ အနုပညာရှင်များ၊ အငြိမ့်အဖွဲ့၏ ဝတ်စုံများကို မေတ္တာဖြင့် ကူညီပေးပါသော ဒီဇိုင်နာ မျိုးမင်းစိုး၊ ဆိုင်ခန်းများအား မေတ္တာဖြင့် တည်ခင်းပေးသော ဦးမျိုးသန့် (N.M.T Ltd) နှင့် ကျေးဇူးတင်ထိုက်သူ အားလုံး တို့အား ဝိသာခါ ဖောင်ဒေးရှင်းမှ လှိုက်လှဲဝမ်းမြောက်စွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အလှူရှင်များမှ ဝိသာခါ ဖောင်ဒေးရှင်းသို့ လှူဒါန်းသော အလှူငွေ စုစုပေါင်းမှာ **ကျပ် (သိန်း ၂၀၀၀)** နှင့် **USD ( 4200 )** ဖြစ်ပါသည်။

ကူညီသောလက်များမှသည် .....
ကောင်းမွန်တောက်ပသော အနာဂတ်များဆီသို့ .....

***Helping Hands ........***
***Better Lives ........***
***Brighter future ........***

**သစ္စာ စကား**

ကိုယ်ချင်းစာနာ ဘဝများစွာ
အေးချမ်းသာယာ စေချင်တာ
အကြင်နာများနဲ့ နှလုံးလှမေတ္တာ
ဝိသာခါဖောင်ဒေးရှင်းရဲ့ စေတနာပါ။

**ဝိသာခါဖောင်ဒေးရှင်း**

၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်
ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး
ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်

## ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

### ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ - ၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ - ၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ - ၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ - ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ "ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမ"နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

**JASMINE PALACE HOTEL**
**မိသားစု**

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | " | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | " | ၃၅၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | " | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | " | ၆၀၀၀၀ | ၄၀၀၀၀ |

လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။

(ကျောင်းပြောင်းလက်မှတ်ကို ဖွင့်လှမ်းပေးပါ)

**မေ ၉ ရက် ဖွင့်မည်**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကကက-၁၃/၀၅/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

အတန်းငယ် ၅တန်း၊ ၆တန်း၊ ၇တန်းများကို ဘော်ဒါလက်မခံပါ

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

**အကျင့်စာရိတ္တမတ္တိုင် ကြံ့ခိုင်ရေးသည် ပထမ** - ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက်ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမလမ်းညွှန် ပေးလေ့ကျင့်ပေးပါသည်။

**ပညာရည် ထူးချွန်ထက်မြက်ရေးသည် အဓိက** - ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ်ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီးဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့်နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှု အဆင့်ရှိရေးသည် ပဓာန** - နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း၊ တိုက်တစ်တိုက်တည်းတွင် အတူတကွထားပါလျှင် များစွာ အနှောင့်အယှက်ဖြစ်သောကြောင့် သုဝဏ္ဏ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြားအဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီးအဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ.ထ.က ပြ-ဌြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားသောက်ရေးကိုလည်း ... သော စေတနာကောင်းတဲ့ အိမ်ထမင်းအိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ကျွေးမွေးပါသည်။

**ငွေရေးကြေးရေးသည် သာမည** - ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။

(၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။) အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများ အလိုရှိပါသည်

ခြံအမှတ် 118 A/B ကျွန်းချောင်းမြို့လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 314 789 26 Facebook : pnndschool ကျောင်း > A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ် လီမိတက်"** သည် **"ပထမ"** နေရာမှ (၄)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ၏ နာယက၊ ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ နာယက၊ KBZ BANK/ KBZ GROUP ၏ **ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုး တိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးနေလင်းအောင**
Managing Director
Nilar Yoma Trading Co., Ltd.

**ဦးကျော်ထွန်းနိုင်**
Chairman
Yadanar Kaung Kin
Gems & Jewellery Co., Ltd.

**ဦးမောင်မောင်အေး**
Managing Director
Moe Htet Gabar Co., Ltd.

**ဦးစိန်လွင်လေး**
Managing Director
Myint Myat Htuk Khaung
International Co., Ltd.

**ဦးအောင်ဝင်း**
Managing Director
Tun Tauk Sa Gems Co., Ltd.

**ဦးအောင်မြင့်**
Managing Director
Shwe Aein Chan Thar Co., Ltd.

**ဦးမြင့်စိန်**
Managing Director
Soe Aung Trading Co., Ltd.




# ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း
# အမှတ်စဉ်(၆/၂၀၁၆)ဖွင့်လှစ်မည်

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှကြီးမှူး၍ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအသီးသီးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းကို သာသနာနုဂ္ဂဟအသင်း(ဗဟို)ရုံးတွင် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| သင်တန်းအမည် | - ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၆/၂၀၁၆) |
| ပညာအရည်အချင်း | - သာသနာရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အဘိဓမ္မာစာမေးပွဲ ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်မြင်ထားသူ ဖြစ်ရမည်၊ အနည်းဆုံးအဘိဓမ္မာ၊ (ပ)(ဒု)(တ)အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။ |
| သင်တန်းကာလ | - ၂၀၁၆ခုနှစ်၊ မေလ ၂ရက်(တနင်္လာနေ့)မှ မေလ ၃၁ရက်(အင်္ဂါနေ့)အထိ၊ (စနေ၊ တနင်္ဂနွေ)နေ့များမှအပ တစ်လတိတိ။ |
| သင်တန်းချိန် | - နံနက် ၈း၀၀ နာရီမှ နံနက် ၁၀း၀၀နာရီအထိ(တန်းခွဲ-၁) မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ (တန်းခွဲ-၂) |
| လျှောက်လွှာပေးပို့ရမည့်ရက် | - ၂၀၁၆ခုနှစ်၊ ဧပြီလ ၃၀ရက်၊ နောက်ဆုံးထား၍ ပေးပို့ရန် |
| လျှောက်လွှာလက်ခံမည့် နေရာနှင့် စုံစမ်းရန် | - မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဇမ္ဗူသီရိဝိမာန်တော်၊ ထံတားလေးလမ်း၀၊ နဝဒေးရုပ်ရှင်ရုံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၁-၆၅၅၉၇၃၊ ၆၅၆၆၂၇ |

မှတ်ချက်။ ။ လျှောက်လွှာနှင့်အတူ ဓာတ်ပုံ(၄)ပုံ၊ အောင်လက်မှတ်(မူရင်း/မိတ္တူ)နှင့် မှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရပါမည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်လယ်ယာမွှာရုံ၏ ငွေရတုအခမ်းအနားဖိတ်ကြားခြင်း

ကုန်သွယ်လယ်ယာ မွှာရုံအား ၂-၅-၁၉၉၁ရက်တွင် စတင်ရေစက်ချဖွင့်လှစ်ခဲ့ပြီး ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲရေး၊ တိုးတက်ပြန့်ပွားရေးနှင့် ကုန်သွယ်လယ်ယာ ဝန်ထမ်းဟောင်းများ ရိုင်းပင်းကူညီရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ရာ ယခုအခါ (၂၅)နှစ်ပြည့်မြောက်ပြီဖြစ်ပါ၍ ငွေရတုအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုန်သွယ်လယ်ယာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား တက်ရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖိတ်ကြားအပ်ပါသည်-

(၁) ကျင်းပမည့်နေ့ရက် - ၁-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)
(၂) ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
(၃) ကျင်းပမည့်နေရာ - ကုန်သွယ်လယ်ယာမွှာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဗုဒ္ဓဘာသာအသင်း၊ ကုန်သွယ်လယ်ယာမွှာရုံ**
**(ဆက်သွယ်ရန်ဖုန်း-၀၉၂၅၀၀၈၈၃၇၅)**

**လူနေဆိုင်ခန်းအမြန်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)**
သုဝဏ္ဏလမ်းဆုံ ၃-ခန်းတွဲတိုက်ခန်း အနက်မှ ဆောင့်ခန်း(၁)ခန်း သိန်း(၃၀၀) ဝယ်မည့်သူသာ ဆက်သွယ်ပါရန်။
ဖုန်း-၀၉-၇၉၇၀၉၉၉၇၅ ၀၉-၂၆၃၇၇၂၂၈၀

မင်းယုဇေ စီစဉ်သည်
မေလထုတ်
**မြတ်မင်္ဂလာ** ဂျာနယ်
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်-၂၆၆၊ လမ်း-၄၀(အထက်)၊ ရန်ကုန်။ ဖုန်း-၃၇၄၉၃၂
ထွက်ပြီ

ကျန်းမာရှင်မြူး အစဉ်ရေကူး ရေကူးမတတ်လျှင် ရေကူးသင်
# ကူကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း

ရေမကူးတတ်သူများနည်းစနစ်မှန်ကန်စွာဖြင့် နေ့စဉ်ကျသင်ကြားပေးနေသည့် ကူကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းတွင် နေ့စဉ်လာရောက်သင်ယူပါ

- ဘိုလ်ပစ်ရေကူးနည်း(၄)မျိုးအနက်-
  - အလွတ်ကူးနည်း
  - ရင်အောင်ကူးနည်း
  - ပက်လက်ကူးနည်း(၃)မျိုးကို သင်တန်းရက်မှန်ပါက မတတ်မချင်း သင်ပေးမည်။
- သင်တန်းသားအားလုံး သင်တန်းဆင်းအမှတ်တရတီရှပ် လက်ဆောင်ပေးမည်။
- သင်တန်းဆင်းလျှင် ရေကူးပြိုင်ပွဲကျင်းပ၍ ဆုချီးမြှင့်မည်။

သင်တန်းကြေး - အသင်းဝင် - ၄၀၀၀၀ ကျပ်
မြင်း - ၅၀၀၀၀ ကျပ်
သင်တန်းအချိန်
(၁) နံနက် (၆း၃၀)နာရီ (၈း၃၀)နာရီထိ
(၂) နံနက် (၈း၀၀)နာရီ (၁၁း၀၀)နာရီထိ
သင်တန်းစတင်မည့်ရက် သင်တန်းပိတ်မည့်ရက်
၂၉၊ ၄၊ ၂၀၁၆ (သောကြာနေ့) ၃၁၊ ၅၊ ၂၀၁၆ (အင်္ဂါနေ့)
(တနင်္ဂနွေ၊ တနင်္လာနေ့မှအပ တစ်ပတ်လျှင်(၅)ရက်သင်မည်)

**အထူးအစီအစဉ် - အလှူငွေမဲ့ အသင်းဝင်ခွင့် (၅)ဆုရွေးချယ်တံစမ်းမည်**
အမှတ်(၃၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၂၇၄၉၊ ၀၁-၄၀၀၀၄၆၇၊ ၀၉-၇၃၂၂၄၀၅၉
တနင်္လာနေ့မှအစ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်

# ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/လမုတန်း၊ မြေကွက်အမှတ်- ၁၉၄၊ ဧရိယာ- အလျား ၂၅ ပေ × အနံ ၅၀ ပေ ရှိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်- ၁၉၄ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက်ပေါ်၌ တည်ဆောက်ထားသည့် (၂) ခန်းတွဲ (၅) ထပ်တိုက်၏ ဧရိယာ- ၁၀½ ပေ × ၄၇ ပေ ရှိ ရှေ့ မီး အစုံ တတိယထပ် (၄-လွှာ) (မြေရှင်းခန်း/လက်ဝဲဘက်ခြမ်း) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်နှင့် အခန်းပေးအခန်းယူစာချုပ်အရ ရောင်းချ၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသော ကန်ထရိုက်တာ ကိုဟိမ်းဟောက် (ခ) ဦးထွန်းထွန်း (၁၂/ကတတ (နိုင်) ၀၀၀၆၆၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**ခင်ဇော်သူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၅၅ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၇၃၁-၂၀၃၀၁။

# စက်မှုမြေကွက်
**ဦးရာလူ ဈေးနှုန်းချိုချိုဖြင့် အမြန်ရောင်းမည်**

မြေအကျယ် ပေ ၇၀/၁၃၃ ပေ၊ အရှေ့ဒဂုံ၊ ဖုန်လမ်းမကြီးနောက်၊ ကျောက်တင်၊ အမှတ် (၂) လမ်းမကြီးနှင့်အနီး
နေရာသန့်၊ သိန်း (၃၀၀၀)နှင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန် ဖုန်း- ၀၉ ၇၈၅၅၀၃၅၉၈၊ ၀၉ ၅၅၀၃၅၉၈၊ ၀၉ ၅၁၃၃၁၀၉

# SMILE ပိုက်မျိုးစုံ

ရေအိမ်သုံးအတွက်အထူးထုတ်လုပ်ထားတဲ့ SMILE U-PVC ရေအိမ်သုံးပိုက်က ပလပ်စတစ်ကော်သားမပါရှိဘဲ ရာသီဥတုဒဏ်ပိုမိုခံနိုင် ရည်ရှိပြီးရေအိမ်အညစ်အကြေးများကပ်ညှိခြင်းမရှိပါ။ အမှတ်(11) လေးထောင့်ကန်လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။ Ph: 09-5135266,420005255 ။

**FAME**
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
# Osteomax®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011384 (0615)
၂/၂၀၁၅ အဆေးလ/တိုင်(ဝ၆၅၇)

**FAME**
အဆစ်အမျက် အားဖြည့်ဖို့အတွက်
# Arthrotec®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011382 (0615)
၂/၂၀၁၅ အဆေးလ/တိုင်(ဝ၆၅၇)

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
သိပ္ပံကမ်းမြို့နယ်
တောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး [ကျောက်တော်ကြီးဘုရား]၏ နှစ်သစ်မင်္ဂလာပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော **လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရား ၏ နှစ်သစ်မင်္ဂလာပွဲ** ကို အောက်ပါ အစီအစဉ်များဖြင့် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဘုရားဖူးပြည်သူအများ ကြွရောက်ဖူးမြော်နိုင်ပါကြောင်း နိုးဆော် အသိပေးအပ်ပါသည်။

**၁၇-၄-၂၀၁၆ (နှစ်ဆန်းတစ်ရက်နေ့) နံနက်(၆း၃၀)နာရီအချိန် တွင် ရုပ်ပွားတော်မြတ်ကြီးအား ဂေါပကအဖွဲ့မှ မျက်နှာသစ်တော်ရေ ဆက်ကပ်ပြီး ငှက်များကို ဘေးမဲ့လွှတ်ပါမည်။** ဘုရားဖူးပြည်သူအများ လောကကြီးတွင် ချမ်းသာ၍ ဘေးဘယာ ကင်းစေပြီး လာဘ်လာဘများ ပေါများစေရန် ရည်ရွယ်၍ ဘုရားကြီး၏ မျက်နှာသစ်တော်ရေများကို ဝေငှပေးပါမည်။

သင်္ကြန်ရက်များအတွင်း၌လည်း နေ့စဉ် ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် သီလပေးတရားများ ချီးမြှင့်ပါမည်။ စတုဒီသာများလည်း ကျွေးမွေးမည်ဖြစ်ပါ၍ အလှူရှင်များမှ လာရောက် လှူဒါန်းနိုင်ပါကြောင်း နိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇။ ရုံးအဖွဲ့မှူး ♦ ဖုန်း - ၀၉ ၇၃၁၃၀၆၀၅။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ
09-49215713, 09-440471633

ငွေဆောင်သင်္ကြန်
စရိတ်ငြိမ်း
120000/
Ph: 09-4210 78600
09-252641923

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း

## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန

### ၀၁/၂၀၁၆-၂၀၁၇ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့် ရက်နှင့် အချိန် - ၃-၅-၂၀၁၆ မှ - ၄-၅-၂၀၁၆ ထိ **၉း၀၀နာရီမှ ၁၆း၃၀နာရီအထိ**

(ခ) ရောင်းချမည့် အမျိုးအစားနှင့်တန်
- ကျွန်း သစ်လုံး (၃၇၉၂)တန်ခန့်
- သစ်မာ သစ်လုံး(၁၄၆၃၄)တန်ခန့်
- ကျွန်း ခွဲသား(၁၁)တန်ခန့်
- သစ်မာ ခွဲသား(၂၇၃)တန်ခန့်

(ဂ)ရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.myanmatimber.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**



ဗုဒ္ဓ၏ အနတ္တဒေသနာနှင့်
ယန်းပေါလဆတ်၊ ဆီမွန်ဒီဗူးဗွား၊ အဲဘတ်ကမြူးတို့၏
ဘဝဖြစ်တည်မှု ဒဿနများ…
ဘဝဖြစ်တည်မှုနှင့်
အနတ္တဒေသနာ
☎ 09 425022069
09 5010904
ထွက်ပြီ

ရွှေအိုးကြီး Aircon Express
မြဝတီ၊ မဲဆောက်၊ ဖဒေါ
Family Pass(Visa) 100000Ks
09-421073634, 09-777636630

ရွှေကျိုက်ထီးရိုး
ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 09-450 450 192

DUAL TECH
လက်တွေ့အသုံးချ သက်မွေးသင်တန်းများ
✓ရေခဲသေတ္တာ၊အဲယားကွန်းပြုပြင်ခြင်းသင်တန်း (Air-Con)
✓လျှပ်စစ်ဝါယာရိန်းသင်တန်း (Electrical)
✓အီလက်ထရောနစ်သင်တန်း (Electronic)
✓မော်တာထိန်းချုပ်မောင်းနှင်ခြင်းသင်တန်း
✓ဂဟေဆက်သင်တန်း (Welding)
✓PLC သင်တန်း
သင်တန်းကာလ ၁လ/၂လ
အမှတ်(၂၀၆/၂)ရန်ကင်းလမ်းမကြီး ၁၂လုံးတန်းမှတ်တိုင်(ရှိုးမဘက်တန်း)
ရန်ကင်းမြို့နယ်။ PH: 01 855 0596, 09 730 20 803



# အထူးကျေးဇူးတင်ရှိခြင်း

မြင်းခြံမြို့၊ ကိုးဆောင်မြောက်ဘက်လမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီးနေ သာသနာ့ဒါယကာကြီး **ဦးဆွေလင်း(ခ)ဦးစံသိန်း "ရတနာရွှေစင်ရွှေဆိုင်" မြင်းခြံ** နာမကျန်းဖြစ်စဉ် နေအိမ်သို့ကြွချီပြီး တရားပြသပေးသော သဘာဝတရားရိပ်သာဆရာတော် အရှင်ဥတ္တမသာရအားလည်းကောင်း၊ စေတနာဖြင့်လာရောက်ကုသပေးသော ဆရာဝန်ကြီးများ၊ ဆရာမကြီးများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်သတင်းမေး နှစ်သိမ့်အားပေးကြသူများ၊ အဝေးရောက်မိတ်ဆွေများနှင့် နယ်မှတကူးတကလာရောက်သူများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်ဆွေများ၊ လွမ်းသူ့ပန်းခြင်းများပို့ပေးကြပါသော မိတ်ဆွေအပေါင်းအသင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဆင်ကြီး(ခ)လင်ဟင်ကြိုင်း**
**အသက်(၉၅)နှစ်**
(ပဲခူး)

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားလမ်း၊ အမှတ်(၂၄၅)နေ ချစ်သူငယ်ချင်း ဦးပြုံးချို-ဒေါ်ရီရီလှိုင်(၇၅-၇၉မော်လမြိုင်ကောလိပ်)တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးဆင်ကြီး(ခ)လင်ဟင်ကြိုင်းသည် ၃-၄-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**(၁၉၇၅-၇၉)မော်လမြိုင်ကောလိပ် သတ္တဗေဒမိသားစုမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဆွေလင်း(ခ)ဦးစံလင်း (၈၇)နှစ်**
**(မြင်းခြံ)**

ပါမောက္ခ ဒေါက်တာ ကျော်စံနိုင် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါ်သူဇာမြင့်(ဆေးသုတေသန၊ရန်ကုန်)တို့၏ဖခင်ဖြစ်သူ ဦးဆွေလင်း(ခ)ဦးစံလင်း (၈၇)နှစ်သည် ၂-၄-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ စိန်ဝင်း၊ ဒေါက်တာ ကျော်မင်း**
**ဒေါက်တာ ခင်မို့မို့၊ ဒေါက်တာ ရွှေမာဦး**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဦးအောင်ကျော်ထွန်း(ဆီးနှင့်ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး)၏ဖခင် ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး မောင်ပါ(ငြိမ်း)ကြည်-၁၀၁၅၁ ဗသက(-၃၀)၊ ဒုမြို့တော်ဝန် (ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အသက်(၇၇)နှစ်သည် ၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဆာကူရာဆေးရုံ**
**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ မြေတိုင်းရပ်ကွက်အမှတ်-၃၅(ဘီ)၊ မြေကွက်အမှတ် 16 D/3P³၊ ဧရိယာ(၀.၁၉၆)ဧကရှိ ဂရန်ရှိ မြေပိုင်မြေနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်-၁၃၈(ဘီ)၊ အခန်း(အေ-၁)နေ ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်သန်းမူ [၁၂/ဗဟန(နိုင်)၀၈၀၁၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်သည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၁၆၁/၂၀၁၀ဖြင့် မူလမြေပိုင်ရှင်ဦးသိန်းလွင်မှ ညီမအရင်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်သန်းမူသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာန၊ မြေစာရင်းတွင် ဗဟ/ပြောင်း ၂၆၉/၂၀၁၅(၄-၁၁-၂၀၁၅)ရက်တွင် ဒေါ်ခင်သန်းမူ၏အမည်သို့ မြေအမည်ပေါက်လွှဲပြောင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေပိုင်ရှင် ဒေါ်ခင်သန်းမူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ၊ မြေတိုင်းတာခြင်း၊ မြေစီမံခန့်ခွဲခြင်း၊ မြေကွက်၏အကျိုးခံစားခွင့်ကို အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍မြေကွက်နှင့် ပတ်သက်ပြီး မြေရှင်မသိရှိဘဲ မမှန်မကန်ဆောင်ရွက်မှုများ ပြုလုပ်လာပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူသက်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၂၃)**
**အမှတ်(၉/၁၁)၊ အခန်း(၂၀၁/စီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၄၀၀၂၇၉**

## ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ပျောက်ဆုံးခြင်း

အောင်ပြည့်ဆုအောင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၈၁၉/၂၀၀၈-၂၀၀၉၊ မှတ်ပုံတင်လက်မှတ် ၂၈-၃-၂၀၁၆ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်အတိုင်း အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၂၅၂၃၈၈၁၂၆**

## အထူးကျေးဇူးတင်ရှိခြင်း
**ဦးညွန့်ဆွေ (၉၄)နှစ်**
**(စဉ့်ကူ၊ ပုဂံညောင်ဦးမြို့နယ်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)**
**ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း တတိယပတ်ကျောင်းဆင်း**
**အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

၁-၄-၂၀၁၆ရက်နေ့တွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးညွန့်ဆွေအား မကျန်းမာချိန်မှစ၍ နောက်ဆုံးကွယ်လွန်သွားချိန်အထိ အဘက်ဘက်မှ လိုလေသေးမရှိ မိသားစုသဖွယ်အထူးဂရုစိုက်ပြုစုကုသပေးပါသော ပါမောက္ခ ဦးမျိုးလွင်(ငြိမ်း) [ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၂)]နှင့် ဇနီးဒေါက်တာဆွေမာလင်းအားလည်းကောင်း၊ ပါရမီဆေးရုံကြီး Home Care Unit မှဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ပင်လုံဆေးရုံကြီးမှဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ နာရေးကိစ္စတွင် အစစအရာရာကူညီဆောင်ရွက်ပေးပါသော Yangon Aerodrome Co.,Ltd၊ Brilliant Myanmar Group of Companies နှင့် Dent Myanmar Dental Centre မှ ဆရာဝန်များ၊ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း လူကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ပေးပါသော သူငယ်ချင်းများ၊ လုပ်ဖော်ကိုင် ဖက်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း အခြားနည်းများဖြင့် ဆက်သွယ်အားပေးနှစ်သိမ့်ကြသူများအားလည်းကောင်း၊ သတင်းစာများမှဝမ်းနည်းကြောင်းဖော်ပြ၍အားပေးနှစ်သိမ့်ကြသော လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများအားလည်းကောင်း နာရေးသို့လိုက်ပါပို့ ဆောင်ပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ရင်ထဲမှ လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူသားသမီးမြေးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်သာ(ခ)ဦးအောင်သန်း**
**အသက်(၈၁)နှစ်**

National Energy Group Co., Ltd မှ Business Manager ဒေါ်ခင်သီတာထွေး၏ဖခင် ဦးအောင်သာ(ခ)ဦးအောင်သန်းသည် ၅-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**National Energy Group Co., Ltd**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဘိုကြီး(ခ)ဦးစိန်ဝင်း (၅၆)နှစ်**

နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌ(၁) ဦးအုန်းကျော် (ဒုဥက္ကဋ္ဌ၊ Max Myanmar Holding Co., Ltd)၏ အစ်ကိုကြီး ဦးဘိုကြီး(ခ)ဦးစိန်ဝင်း(သုံးခွ) အသက်(၅၆)နှစ်သည် ၂-၄-၂၀၁၆ (စနေနေ့) ညနေ ၃း၅၇နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဘိုကြီး(ခ)ဦးစိန်ဝင်း (၅၆)နှစ်**

နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌ(၁) ဦးအုန်းကျော် (ဒုဥက္ကဋ္ဌ၊ Max Myanmar Holding Co., Ltd)၏ အစ်ကိုကြီး ဦးဘိုကြီး(ခ)ဦးစိန်ဝင်း(သုံးခွ) အသက်(၅၆)နှစ်သည် ၂-၄-၂၀၁၆ (စနေနေ့) ညနေ ၃း၅၇ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးမိုးဇော်အောင်**
**Sky Palace Hotel**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်သန်း**
**အင်ဂျင်နီယာမှူးကြီး(ကမ်းလွန်)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(နေပြည်တော်)**
**အသက်(၅၂)နှစ်**

ဒေါ်ခင်မာဝေ၏ ခင်ပွန်း၊ သားကြီး မောင်မင်းဟိဏ်းခန့်၊ သားငယ် မောင်ဟန်မင်းသန့်တို့၏ ဖခင် ဦးခင်မောင်သန်းသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) ညပိုင်းတွင် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(M.O.G.E)ကမ်းလွန်ရုံးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ရွှေ (၂၅-၃-၂၀၁၆)**
**ဦးစိုးလှ (၄-၄-၂၀၁၆)**

သူငယ်ချင်းတို့ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ-၉၁ သင်တန်းဆင်းဥပဒေအရာရှိများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မိမိလေး**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ ရွှေတူကွန်ဒို၊ အမှတ်(၅၂/၂-အေ)နေ (ဦးဘချစ်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဗိုလ်မင်းခေါင်)(ရဲဘော်သုံးကျိပ်)၏ ချစ်လှစွာသော ဇနီး၊ ဦးဖုန်းမင်းခေါင်-ဒေါ်အေးသွယ်၊ (ဦးတင့်မင်းခေါင်)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်ဦးလွင်-ဦးကျော်ခိုင်ဦး၊ ဦးငွေမင်းခေါင်၊ ဒေါ်အေးအေးလွင်၊ ဦးကြည်မင်းခေါင် (KMG THIRTY Co.P)-ဒေါ်ဇင်မာအောင် (Tokyo Japan)၊ ဦးသန့်မင်းခေါင်-ဒေါ်မီမီမိုးသာ၊ ဦးအောင်မင်းခေါင်-ဒေါ်သူဇာအေးတို့၏ မိခင်၊ ခင်စောလွင် (Tokyo Japan)၊ ခင်ယုလွင်- Tesuya (Tokyo Japan)၊ ခင်စုလွင်၊ မောင်ရဲမင်းခေါင်-နော်သက်ဖြူစင်၊ ဟေမာမင်းခေါင်၊ ဖြိုးသီရိမင်းခေါင်(Tokyo Japan)၊ စောဒေဝီမင်းခေါင် (Tokyo Japan)၊ ရှုမြတ်မင်းခေါင်တို့၏အဘွား၊ အေးသတာသက်မင်းခေါင်၊ ဖုန်းမြတ်သခင်(Tokyo Japan)တို့၏ အဘွားဖြစ်သူ ဒေါ်မိမိလေးသည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါသဖြင့် ၉-၄-၂၀၁၆ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
**ဒေါ်မြသန်း (၇၇)နှစ်**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၁)၊ ပန်းဘဲတန်း(စိန့်မေရီ)**
**CHINESE METHODIST ကျောင်း (လမ်းမတော်)**

အိုးသည်ကုန်းမြို့နေ (ဦးကျော်ဟန်-ဒေါ်လှခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ အမှတ်(၂၈၆)၊ ဗိုလ်မှူးဗထူးလမ်းနေ ဦးကျော်ဇော (Third Engineer Uniteam Co., Ltd.)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်မြတ်၊ ပျဉ်းမနားမြို့နေ ဦးအောင်သောင်း-ဒေါ်တင်မြင့်တို့၏အစ်မသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်(လှည်းကူး)
**အသက် (၇၆)နှစ်**

လှည်းကူးမြို့နေ (ဦးဘဆင့်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ အစ်ကိုကြီး (ဦးတင်ကျန်-ဒေါ်ကျင်လှိုင်)၊ ဦးပေါက်ဖော်-(ဒေါ်စိန်ဥ)၊ (ဦးလှမြင့်)-ဒေါ်ဗိုလ်မ၊ ဦးလှခိုင်-ဒေါ်သိန်းအိတို့၏ညီမ၊ ဦးမြင့်စိုး-ဒေါ်အေးရီ၊ (ဦးတင်အုန်း-ဒေါ်ခင်စန်းဝင်း)၊ ဦးမြင့်ဦး-ဒေါ်ယုတို့၏အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၄၃၆)နေ (အရာခံဗိုလ်နေမျိုးထူး)၏ဇနီး၊ (ဗိုလ်ကျော်ထူး)၊ ဦးခင်မောင်ဝင်း-ဒေါ်လှမျိုးနွယ်တို့၏ မွေးသမိခင်၊ မခင်စစ်သွေး၏အဘွားသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၆ (သင်္ကြန်အကြိုနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှရင်(Violet Aung Gyi) အသက် (၉၀)
**(စစ်တွေ)**

စစ်တွေမြို့နေ (အရေးပိုင်ဦးအောင်ကြီး-ဒေါ်စိန်သာ)တို့၏သမီး၊ (ဦးသာနို့အောင်-ဒေါ်အေးခင်)၊ (ဦးစံထွန်းခိုင်-ဒေါ်အေးစိန်)၊ ရန်ကုန်မြို့နေ ဦးအောင်ကျော်ဇော-ဒေါ်ကြည်ကြည်တို့၏ညီမ၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်လှ၊ ဦးသာထွန်း-(ဒေါ်တင်တင်ညွန့်)၊ (ဒေါက်တာကျော်ဇံလှ)-ဒေါ်လှကျော့ခင်၊ (ဦးကျော်ကျော်)-ဒေါ်စိန်စစ်ဖြူ၊ (ဒေါ်ကုလိသာ)၊ ဦးတင်အောင်-ဒေါ်မေစောရွှေတို့၏အစ်မ၊ ရန်ကုန်မြို့၊ တိုက် (၁၁)၊ အခန်း (၁၇) လမ်းသစ်ရိပ်သာ၊ လမ်းမတော်နေ [ဦးရွှေသာ (M.E.I.C-ငြိမ်း)]၏ဇနီးသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှရင် (Violet Aung Gyi)
**(စစ်တွေ)**
**အသက်(၉၀)**

စစ်တွေမြို့နေ (အရေးပိုင်ဦးအောင်ကြီး-ဒေါ်စိန်သာ)တို့၏သမီး၊ စစ်တွေမြို့နေ (ဦးရွှေထွန်း-ဒေါ်မလုံး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက် (၁၁)၊ အခန်း (၁၇) လမ်းသစ်ရိပ်သာ၊ လမ်းမတော်နေ [ဦးရွှေသာ (M.E.I.C-ငြိမ်း)]၏ဇနီး၊ ဒေါက်တာသိန်းဇံ (အရိုးအထူးကု ဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်ရီရီစော၊ ဒေါ်ယဉ်ယဉ်သာ၊ ဒေါက်တာ စိုးမင်း (ဗိုလ်မှူး၊ငြိမ်း၊ စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီး)တို့၏ကျေးဇူးရှင်မိခင်၊ မောင်မြတ်အောင်ကျော် (G.C.A Co Ltd.)၏ အဘောင်ရှုန်သည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်ခင်စမ်းဝင်း(ပြည်) (၈၇)နှစ်**
**ပစ်တိုင်းထောင်ဆေးလိပ်ခုံ**

ပြည်မြို့၊ အမှတ်(၅)၊ ပုဆိုးတန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ (ဦးတင်-ဒေါ်ကြူ)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးမိုးဇင်-ဒေါ်တင်မာကြူတို့၏ မွေးသမိခင်၊ ဗိုလ်ကြီးမြင့်သိမ်းနိုင်(လက်ထောက်ကထိက၊ ဆေးပညာဌာန)၊ ဗိုလ်မှူးသုတ-မဇင်မိုးကျော်(စိန်ပြည့်လျှံစိန်ရွှေရတနာဆိုင်) တို့၏အဘွားသည် ၆-၄-၂၀၁၆ရက် နံနက် ၄ နာရီတွင် ကွယ်လွန်ပါသဖြင့် ၈-၄-၂၀၁၆ရက် ညနေ ၃ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးအောင်မော်ဟိန်း(တင်မောင်ဝေ) (၅၄)နှစ်**
**တပ်မတော်ရေ(ငြိမ်း)၊ D.S.A 25**

ချစ်သူငယ်ချင်း Dr. ကေသီထွန်း၏ခင်ပွန်း ဗိုလ်မှူးအောင်မော်ဟိန်း(ငြိမ်း)သည် ၄-၄-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ- Dr.ခင်သင်းသင်း၊ Dr.နှင်းနှင်းယု၊**
**Dr. မြင့်မြင့်ငြိမ်း- Dr.စိုးမင်း၊ Dr. ကြူကြူအေး၊**
**Dr.သန်းသန်းလွင်၊ Dr. ခင်မေသွင်၊ Dr. ကြူကြူဝင်း**

## မြန်မာ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ မြန်မာနိုင်ငံအတွက် ကနေဒီယန်ဒေါ်လာ ၄၄ သန်း ကူညီမည်

သတင်း စာမျက်နှာ - ၄

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၇**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

မေ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သည့် မေ ၁၃၊ ၁၆၊ ၂၀ ရက်တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၇ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

## ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် လူထုနှင့် တစ်သားတည်းကျပြီး လူထုရင်ခုန်သံကို ထင်ဟပ်သော သံချပ်ဖျော်ဖြေမှုများ သက်ဝင်လှုပ်ရှားလာမည်လား

**သတင်းဆောင်းပါး - သီသီမင်း၊**

**ဓာတ်ပုံ - မောင်မောင်ကျော်**

"သံချပ်ဆိုတာ လူထုနဲ့ပိုပြီး တစ်သားတည်းကျတဲ့ လူထုရင်ခုန်သံပါ။ နိုင်ငံရေးအခင်းအကျင်းတွေကို ဝေဖန်ထောက်ရှုပြတဲ့၊ လူထုခံစားရတာတွေကို ဖော်ပြတဲ့ သံချပ်မျိုးတွေက လူထုရဲ့ဟစ်တိုင်လို့ဆိုနိုင်ပါတယ်"ဟု နှစ်ပေါင်း ၄၈ နှစ်ကြာ သံချပ်ယဉ်ကျေးမှုဖြင့် လူထုဘက်က ခိုင်မာစွာ ရပ်တည်ခဲ့သည့် ဂီတစာဆို ဂန္ထဝင်မောင်ဝိုင်း၏ သားဖြစ်သူ မောင်မောင်ဆိုလေထီးရိုးရှည် သံချပ်အဖွဲ့ခေါင်းဆောင် မောင်မောင်ဒီမိုအောင်ထွန်း(ခ) ဒီဥက္ကာကပြောသည်။

သင်္ကြန်သံချပ်တို့၏ အနှစ်သာရအတိုင်း လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် မလျော်မကန်ဖြစ်ပျက်နေသည်များကို အစိုးရမင်းများအား ဝေဖန်ထောက်ပြပြီး ပြည်သူ၏ ရင်တွင်းမွန်းကျပ်မှုများကို လျော့နည်းသက်သာအောင် ပြည်သူလူထုကိုယ်စား အနုပညာဖြင့် စင်မြင့်ထက်တွင် ဝေဖန်ထောက်ပြပေးသည့် လူထုဟစ်တိုင်ဟု ဆိုနိုင်သော သံချပ်ယဉ်ကျေးမှုသည် ၁၉၈၉ ခုနှစ်မှစပြီး လုံးဝပိတ်သိမ်းခြင်းခံခဲ့ရာမှ ၂၀၁၂ ခုနှစ်နောက်ပိုင်း ၂၀၁၃ ခုနှစ်တွင်မှ မဟာသင်္ကြန်ပွဲကြီးနှင့်အတူ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

## မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆက်သွယ်သော ငမိုးရိပ်တံတားသစ်(သုနန္ဒာ) စတင်ဖြတ်သန်းခွင့်ပြု

**စောသိန်းဝင်း**

**ရန်ကုန် မေ ၇**

မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ငမိုးရိပ်တံတား(သုနန္ဒာ)ကို ယနေ့နံနက် ၇ နာရီခွဲတွင် မော်တော်ယာဉ်များစတင်၍ ဖြတ်သန်းသွားလာအသုံးပြုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်နီလာကျော်နှင့် တာဝန်ရှိသူများက တံတားကမ္ပည်း မော်ကွန်းကြေးပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး မော်တော်ယာဉ်များဖြတ်သန်းသွားလာမှုကို ကြည့်ရှုအားပေးကြကာ တံတားပေါ်ဖြတ်သန်းယာဉ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ ငမိုးရိပ်တံတားသစ်(သုနန္ဒာ)သည် မူလကြိုးတံတားဟောင်းအနီး ကပ်လျက်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည်သည် ၂၄၇ မီတာနှင့်

**စာမျက်နှာ ၃ ကော်လံ ၃ သို့**○



မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ငမိုးရိပ်တံတား(သုနန္ဒာ) တွင် ကားများ ဖြတ်သန်းနေသည်ကိုတွေ့ရစဉ်။